# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ ဝါဆိုလဆန်း (၃) ရက် ၊ တနင်္လာနေ့ ၊ (8-7-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၆၉)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာ-တရုတ် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မြန်မာ–တရုတ် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်စဉ်။

**နေပြည်တော်  ဇူလိုင်  ၇**

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ်သို့ တက်ရောက်ရန် ချင်းတောင်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် Qingdao International Conference Center ရှိ Anren ခန်းမ၌ ကျင်းပသည့် မြန်မာ-တရုတ် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊

**စာမျက်နှာ ၁၈ ကော်လံ ၁ သို့**





အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကိရိယာများအသုံးပြုကာ အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့်

အရည်အသွေးကောင်းမွန်သော နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံး ကျောက်ပြားအရွယ်အစားမျိုးစုံ . .

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊

ရုပ်ထုများကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများ အား

ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။




**မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)**

ဆက်သွယ်ရန်

ဖုန်း–၀၉ ၆၅၁၂၃၁၃၃

ဖုန်း–၀၉ ၆၆၉၂၈၈၈၈

# လှည်းကူးမြို့နယ် ရေကျော်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**လှည်းကူး ဇူလိုင် ၇**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာများ၏ ပကတိလိုအပ်ချက်များကိုဖော်ထုတ်ပြီး ဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲရန်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက ရေကျော်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာစိုးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏ တာဝန်များနှင့် အကျိုးဝင်သောစီမံကိန်းလုပ်ငန်းခွဲများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းရာ မြို့နယ်ဦးစီးမှူးက ပြန်လည် ရှင်းလင်းဖြေကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ရေကျော်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အိပိုးပိုး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ရန်ကုန်မြို့နေ ဦးခင်အောင်မြင့်-ဒေါ်အေးအေးသန်း မိသားစုက ဆွမ်းအတွက် အလှူငွေကျပ် ၅၀၀၀၀၀၊ ကျောက်ကပ်ဆေးနေသော ဂိလာန သံဃာ၊ သီလရှင် အပါး ၁၀၀ အတွက် အလှူငွေကျပ် ၃၅၀၀၀၀၀ စုစုပေါင်း အလှူငွေကျပ် သိန်း ၄၀၀၀၀၀၀ လှူဒါန်းရာ နာယကဂုဏ်ထူးဆောင် ပါမောက္ခ ဒေါက်တာ ဦးမိတ်၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိတ်ဦးမြဝင်းနှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဘဝအလင်းသစ်စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက် အခြေခံပညာကျောင်းများတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး



**မန္တလေး ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူပေါင်းဆောင်ရွက်မှု ကော်မတီ၏ မတည်ပံ့ပိုးငွေကျပ် သိန်း ၁၅၀ ဖြင့် ဆောက်လုပ်သော ဘဝအလင်းသစ်စာကြည့်တိုက်ဖွင့်ပွဲကို ဇူလိုင် ၆ ရက် မွန်းလွဲပိုင်းက သင်္ဂတုံကျေးရွာ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဘဝအလင်းသစ်စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။

ဆက်လက်၍ ဘဝအလင်းသစ်စာကြည့်တိုက်ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌထံ တော်ဝင်ပိတောက်မြိုင်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ၏ မတည်ပံ့ပိုးငွေကျပ် သိန်း ၁၅၀ ဖြင့် ဆောက်လုပ်ထားသည့် အဆောက်အအုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လည်းကောင်း၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် အလှူရှင်မိသားစုများက စာကြည့်တိုက်အတွက် ပရိဘောဂများ၊သုတ၊ ရသစာအုပ်စာစောင်များကိုလည်းကောင်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အရိပ်ရသစ်ပင်ကို စိုက်ပျိုးပေးကြောင်း သိရသည်။

အလားတူ ဇူလိုင် ၆ ရက် နံနက်ပိုင်းကလည်း မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ်ရှိ အမှတ်(၁၃)အခြေခံပညာ အထက်တန်းကျောင်းခွဲနှင့်အခြေခံပညာကျောင်းများတွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက စက်ယန္တရားတို့ဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# သရက်မြို့နယ် မုဆိုးရင်ကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းနေမှု စစ်ဆေး

**သရက် ဇူလိုင် ၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ရေဖြူကျေးရွာအုပ်စု မုဆိုးရင်ကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် တာဝန်ရှိသူများက လမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှတာဝန်ရှိသူများနှင့်အတူ မုဆိုးရင်ကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

မုဆိုးရင်ကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၈ ဒသမ ၂၁၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် Chindwin Strategy ကုမ္ပဏီက ယခုနှစ် ဇွန် ၁၈ ရက်က စတင်ဆောင်ရွက်ခဲ့ရှိရာ ယခုအခါလုပ်ငန်းများ၏ ၂၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းက ပြောပြ၍ သိရသည်။

**ဆက်လှ**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကျားပျံစပါး တင်းရေ ၈၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဇူလိုင် ၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း ကျားပျံစပါး တင်းရေ ၈၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ကျားပျံစပါး တင်းရေ ၇၃၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ ကျားပျံစပါး တင်းရေ ၈၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇွန်လအတွင်း ကျားပျံစပါး တင်းရေ ၈၈၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ကနေ စပါးတွေ၊ ဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချပါတယ်။ ကျားပျံစပါးက အချောအုပ်စုထဲမှာပါပါတယ်။ အဲဒီစပါးကို ရန်ကုန်ဘက်က ဝယ်ယူမှုအားကောင်းနေလို့ တင်ပို့အားကောင်းခဲ့တာဖြစ်ပါတယ်။ ကျားပျံစပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ဇွန်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ ကျားပျံစပါးကအရောင်းအဝယ်ပိုကောင်းနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ကျားပျံစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၂၃၅၀၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါစပါးများအရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချအလုပ်သမားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ယနေ့ ကိုယ်စီတာဝန်

**ချစ်နိုင်(စိတ်ပညာ)**

**"သင်ကိုယ်တိုင်ပင် သင့်ကိုယ်ထဲတွင် အဆက်မပြတ် တူးဖော်နေမည်ဆိုလျှင် ကောင်းချီးဩဘာ ကျက်သရေဖြာသော ရေပန်းတစ်ရသည် အစဉ်အဆင်သင့်ရှိနေနှင့်ပါသည်။ သင်ကိုယ်တိုင်သာ နက်နက်တူးပါ။"**

**ရောမဧကရာဇ်မားကပ်အော်ရဲလိယပ် အန်တော်နီယပ်စ်(အေဒီ ၁၂၁-၁၈၀)**

လူတစ်ယောက်မှာပင်ဖြစ်စေ၊ တိုင်းပြည်တစ်ပြည်ပင်ဖြစ်စေ၊ လူမျိုးတစ်မျိုးပင်ဖြစ်စေ အားသာချက်များလည်းရှိခဲ့သည်။ အားနည်းချက်များလည်းရှိခဲ့ပေမည်။ အားသာချက်များ၊ တိုးတက်မှုများ၊ အောင်မြင်မှုများကို စဉ်းစားရေတွက်ကြည့်သောအခါ အားရစရာ၊ အားတက်စရာတွေ့ကြရသည်။ ချိုမြိန်လတ်ဆတ်သော အသီးအနှံများကို အားရပါးရစားရသကဲ့သို့ အရသာခံစားရသည်။ နှစ်သက်ပျော်ရွှင်စရာ ကြီးကျယ်မြင့်မားခဲ့ကြပုံများကလည်း ပြောမကုန်နိုင်အောင်ရှိခဲ့ကြသည်မှာ အမှန်ပင်။

သာယာနာပျော်ဖွယ်ကောင်းသော တိုးတက်မှုများ၊ အောင်မြင်ခြင်းများ၊ မော်ကြွားဖွယ်ရာရှိသကဲ့သို့ ဆုတ်ယုတ်မှုများ၊ ရှုံးနိမ့်ခြင်းများ၊ အားနည်းချက်များလည်း မလွဲမသွေရှိခဲ့ပေလိမ့်မည်။ အဖြူအမည်း၊ အလင်းအမှောင်ဆိုသည်မှာ ရှိစမြဲပါပေ။ သာသည့်အခါသာ၊ နာသည့်အခါနာခဲ့ပုံများကို ပကတိအရှိတရားအတိုင်း သိမြင်အောင် တူးဖော်သုံးသပ်ကာ ဆင်ခြင်တတ်ရမည်မဟုတ်ပါလား။ အားသာချက်၊ အားနည်းချက်အစုစုကို အကြောင်းပြုလျက် အားတက်ခြင်း၊ အားပျက်ခြင်း ခံစားချက်မျိုး နည်းနိုင်သမျှနည်းပါးစေပြီး ဓမ္မဓိဋ္ဌာန်ကျစွာရှုမြင်နိုင်ရန်လည်း အရေးကြီးပေသည်။

လောကဓံလှိုင်းနှင့်ကြုံရခြင်းများကို ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ သင်ခန်းစာယူစရာများကို သင်ခန်းစာယူတတ်ကြရပေမည်။ ဆောင်ရန်နည်းနာများက အကျိုးပြုသည်။ အတိတ်သမိုင်းသင်ခန်းစာထဲက အားနည်းချက် သင်ခန်းစာယူစရာများကလည်း သတိထားရှောင်ကွင်းစရာအချက်များကို ဖော်ထုတ်သိမြင်နိုင်ပေသည်။

လူတစ်ယောက်ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံဖြစ်စေ၊ လူမျိုးတစ်မျိုးပင်ဖြစ်စေ အတိတ်၊ ပစ္စုပ္ပန်နှင့်အနာဂတ်ဟူသောဖြစ်စဉ်အဆက်အစပ်ကာလသုံးပါး၏အကြောင်းအကျိုးဆက်နွှယ်မှုကွင်းဆက်များက ရှိနေကြစမြဲပင်။ သတိသမ္ပဇဉ်တရားနှင့် ဉာဏ်အမြော်အမြင်ရှိကြသော ခေါင်းဆောင်အကြီးအကဲတို့ ခေတ်ကာလအပိုင်းအခြားတွင် တိုးတက်အောင်မြင်စည်ပင်ကြသည်။ ဆိုဗီယက်ပြည်ထောင်စုကြီး အင်အားတောင့်တင်းသောအချိန်အခါလည်းရှိခဲ့ဖူးသည်။ နိုင်ငံငယ်များအဖြစ် အစိတ်စိတ်အမြွှာမြွှာပြိုကွဲသွားကာ ရုရှားတစ်နိုင်ငံတည်း ထီးထီးကျန်ခဲ့သောအခါလည်းရှိလေသည်။ အမေရိကန်နိုင်ငံသည် ၂၀ ရာစုကာလတွင် စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး၊ သံတမန်ဆက်ဆံရေး၊ ပညာရေးနှင့်နည်းပညာဖွံ့ဖြိုးမှု စသည်တို့တွင် မည်သည့်နိုင်ငံကမှ လိုက်၍မယှဉ်သာအောင် အင်အားကြီးမားခဲ့ဖူးသည်။

၁၉၉၁ ခုနှစ်တွင် ခိုင်မာတောင့်တင်းလှသော ဆိုဗီယက်ပြည်ထောင်စုကြီးသည် သေနတ်တစ်ချက်မှ မဖောက်ရဘဲ အနောက်နိုင်ငံများ၏ မီဒီယာထိုးစစ်ဝါဒဖြန့် တိုက်ခိုက်ချေမှုန်းမှုအောက်တွင် သီးခြားနိုင်ငံငယ်များစွာ (အရှေ့ဥရောပနိုင်ငံငယ်များအဖြစ်) အမေရိကန်ဦးဆောင်သော NATO စစ်အုပ်စုအဖွဲ့ဝင်များဘဝသို့ကျရောက်သွားကြရသည်။ မျက်စိအောက်မှာပင် ကျသူကကျကာ တက်သူကတက်လာသည်ကို မြင်ကြရပေသည်။

အလားတူစွာပင် နှစ်ပေါင်း ၇၀ ကျော် ကမ္ဘာ့နိုင်ငံများအပေါ် တစ်ကိုယ်တော်ဗိုလ်ကျစိုးမိုးခဲ့သော အမေရိကန်နိုင်ငံသည်လည်း ယနေ့အခါတွင် စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ သံတမန်ရေး၊ ငွေကြေးဘဏ္ဍာအခြေအနေနှင့် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု စသည့်မျက်နှာစာများတွင် မကြုံဖူးအောင် အကျပ်အတည်း အခက်အခဲ၊ ပြည်တွင်းရေးပဋိပက္ခများနှင့် ရင်ဆိုင်လျက်ရှိလာရလေသည်။

အခြေခံကျကျနိယာမသဘောတရားတစ်ရပ်သည်ကား ထင်ရှားသည်ထက် ပိုမိုထင်ရှားကာ ကမ္ဘာ့စင်မြင့်ပေါ်ရှိနိုင်ငံတကာဖြစ်ရပ်ဇာတ်ကွက်များက လက်တွေ့သာဓက သက်သေပြနေသည့်ပမာ တွေ့မြင်လာကြရပေသည်။ အခြားမဟုတ်ပါ။ စည်းလုံးညီညွတ်ကြပါလျှင် အောင်မြင်တိုးတက်စည်ပင်ဖွံ့ဖြိုးကြသည်။

သွေးခွဲကုန်းချောကုန်းတိုက်ခြင်းကို ယုံစားမိကြသော ဝေသာလီညီနောင်အချင်းချင်း သွေးကွဲမုန်းတီးခြင်းကြောင့် သူတစ်ပါး၏လက်အောက်ခံဘဝကျရောက်ကာ ဝေသာလီဒီမိုကရေစီနိုင်ငံ ပျက်သုဉ်းခဲ့ရလေ၏။

ရန်သူအစစ်ကို သိမြင်ကြပါစေ။

တကယ်တော့လည်း ပုထုဇဉ်လူသားတို့၏ဘဝဟူသည် သိသိသာသာပြိုင်ခြင်းနှင့် မသိမသာပြိုင်ခြင်းတို့၏ ပေါင်းစည်းရာဌာနဖြစ်၏။ **မာနတရား**ပေတည်း။

မာနသည် မိမိထက်သာသူနှင့်လည်းပြိုင်၏။ တန်းတူနှင့်လည်းပြိုင်၏။ မိမိအောက်နိမ့်ကျသူနှင့်လည်းပြိုင်၏။ ဘက်မရွေးဘဲ မြင်မြင်သမျှနှင့်ပြိုင်၏။ ထိုသို့ပြိုင်ရာမှ မခံချင်စိတ်တို့သည်ဖြစ်၏။ **ဒေါသတရား**ပင်တည်း။

**❖ စိတ်ကူးယဉ်အိပ်မက်တွင် ရှုးမူးနေသောလူငယ်များကို လက်တွေ့အမှန်ပကတိဘဝသို့ရောက်ရှိလာအောင် အကြောင်းအကျိုးပြုလျက် ရှင်းလင်းနိုင်မည်မဟုတ်ပေ။ ရှေ့နောက်ဆင်ခြင်ခြင်းအသိနှင့်သတိသမ္ပဇဉ်ရှိလာအောင် ဘူးသွင်းလှည့်စားညို့ငင်ခံထားရသော မာနတရား၊ ဒေါသတရား၊ အမုန်း၊ အငြိုး၊ ရန်လိုခက်ထန်စိတ်များကို ဖယ်ရှားပေးကြရမည်ဖြစ်ပါသည်။ သင်တို့ ကျွန်ုပ်တို့တာဝန်ပင်။ လူတစ်ယောက်ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံပင်ဖြစ်စေ၊ လူမျိုးတစ်မျိုးပင်ဖြစ်စေ၊ မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှ စည်းလုံးညီညွတ်ကြသောအခါ ပြင်ပရန်သူဘယ်လိုရန်သူ အမျိုးမျိုးဖြစ်စေ၊ နိုင်နင်းအောင် ခုခံကာကွယ်တွန်းလှန်နိုင်ပါ၏။ ❖**

လူ့ဘဝကိုရှည်လျားသောအိပ်မက်ဟုသာ မြင်လေသည်။ ပျော်စရာမဟုတ်ပါဘဲလျက် ပျော်ခဲ့၏။ ငိုစရာမဟုတ်ပါဘဲလျက် ငိုခဲ့၏။ ရယ်စရာမဟုတ်ပါဘဲလျက် ရယ်ခဲ့၏။ အိပ်မက်တွင် မဖြစ်နိုင်သောအရာဟူ၍ ဘာမျှမရှိ။ ၎င်းတို့ကား မြေကိုလည်းလျှိုခဲ့၏။ မိုးကိုလည်း ပျံခဲ့၏။ ရေပေါ်၌လည်းလျှောက်ခဲ့၏။ လေထဲ၌လည်း လွင့်ခဲ့၏။ ဘာအတားအဆီးမှမရှိ။ ဘာယုတ္တိဗေဒမှမကြည့်တော့။ အိပ်မက်မှ မနိုးသေးမီကာလတွင် သူ့အတွက် တကယ်ခံစားရသောအတွေ့အကြုံနှင့် ခံစားချက်များပေတည်း။

စိတ်ကူးယဉ်အိပ်မက်တွင် ရှုးမူးနေသောလူငယ်များကို လက်တွေ့အမှန်ပကတိဘဝသို့ ရောက်ရှိလာအောင် အကြောင်းအကျိုးပြုလျက် ရှင်းလင်းနိုင်မည်မဟုတ်ပေ။ ရှေ့နောက်ဆင်ခြင်ခြင်းအသိနှင့် သတိသမ္ပဇဉ်ရှိလာအောင် ဘူးသွင်းလှည့်စားညို့ငင်ခံထားရသော မာနတရား၊ ဒေါသတရား၊ အမုန်း၊ အငြိုး၊ ရန်လိုခက်ထန်စိတ်များကို ဖယ်ရှားပေးကြရမည်ဖြစ်ပါသည်။ သင်တို့ ကျွန်ုပ်တို့တာဝန်ပင်။

လူတစ်ယောက်ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံပင်ဖြစ်စေ၊ လူမျိုးတစ်မျိုးပင်ဖြစ်စေ၊ မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှ စည်းလုံးညီညွတ်ကြသောအခါ ပြင်ပရန်သူဘယ်လိုရန်သူအမျိုးမျိုးဖြစ်စေ၊ နိုင်နင်းအောင် ခုခံကာကွယ်တွန်းလှန်နိုင်ပါ၏။

**ညီညွတ်ခြင်းသာ ကြီးမားသောအားပေတည်း။**

တရုတ်နိုင်ငံသည် လွန်ခဲ့သော နှစ် ၈၀ ကာလဆီက ဆင်းရဲငတ်မွတ်ခြင်း၊ ဒုဗ္ဘိက္ခန္တရကပ်ကြီးဆိုက်ကာ လူသန်းပေါင်းများစွာ၊ နှစ်ပေါင်းများစွာ ဆန်ပြုတ်ကိုပင် ဝလင်အောင် ဝေမျှမသောက်နိုင်ကြဘဲ ငတ်မွတ်သေဆုံးခဲ့ကြရဖူးလေသည်။ ဘာသာစုံ၊ လူမျိုးစုံပါဝင်သည်။ နိုင်ငံနယ်နိမိတ်ကလည်း မိမိတို့ထက် အဆများစွာ ကျယ်ဝန်းသည်။ လူဦးရေလည်း သန်းပေါင်း ၁၄၀၀ ရှိနေသည်။ အခက်အခဲအမျိုးမျိုးကြားမှ စည်းလုံးညီညွတ်စွာ အလုပ်ကြိုးစားခြင်းဖြင့် ဘက်ပေါင်းစုံမှ တစ်ဟုန်ထိုးတိုးတက်ဖွံ့ဖြိုးလာခဲ့ပေသည်။ လက်တွေ့မျက်မြင်မဟုတ်ပါလား။

၁၉၄၁-၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးတွင် လုံးဝလက်နက်ချအညံ့ခံအရှုံးပေးခဲ့ရသော ဂျပန်နိုင်ငံနှင့် ဂျပန်လူမျိုးတို့သည်လည်း ၂၀ ရာစုအတွင်း ပြာပုံဘဝမှ ရှန်းကန်လူးလဲ ရုန်းထခဲ့ရာ စည်းကမ်းအထူးကောင်းမွန်ခြင်း၊ တိုးတက်လိုသောဇာတိမာန်ပြင်းထန်ခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ပညာရေးခေတ်မီခြင်းတို့ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နေလေသည်။

သယံဇာတ ဘာဆိုဘာမှမထွက်ဘဲ ဆင်းရဲနိမ့်ကျသော ကျွန်းနိုင်ငံလေး စင်ကာပူသည် နှစ်ပေါင်း ၅၀ ကြာကာလအတွင်း မဖွံ့ဖြိုးသော တတိယနိုင်ငံအဆင့်မှ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပထမတန်းစားစီးပွားရေးအဆင့် နိုင်ငံအဖြစ်သို့ တည်ဆောက်နိုင်ကြောင်းတွေ့ရပေသည်။ အချိန်ကိုလေးစားခြင်း၊ အလုပ်ကိုကြိုးစားခြင်း၊ စီးပွားရေးပညာ၊ ဥပဒေပညာ၊ ကုန်သွယ်ရောင်းဝယ်ခြင်းပညာတို့ကို ကမ္ဘာ့အဆင့်မီပြုစုပျိုးထောင်ပြီး လီကွမ်ယုခေါင်းဆောင်သော နိုင်ငံရေးအမြော်အမြင်ရှိသူတို့၏ ရှေ့ဆောင်မှုဖြင့်အောင်မြင်လေသည်။

အလားတူပင် အိန္ဒိယ၊ အင်ဒိုနီးရှား စသော လူဦးရေလည်း ထူထပ်များပြား၊ ဘာသာစကား၊ အယူဝါဒ၊ လူမျိုး၊ ဓလေ့ထုံးစံ၊ နေထိုင်ရာဒေသ၊ ကွဲပြားခြားနားသော အာရှနိုင်ငံကြီးများသည် ၂၀ ရာစုအတွင်း

စာမျက်နှာ ၅ သို့ ➤

မစည်းမလုံး တစ်တောတစ်ကြက်ဖတွန်ချင်နေပြီး ဦးကိုနင်း ပဲ့ကထောင်၊ ပဲ့ကိုနင်းသော် ဦးကထောင်ပြန် စသဖြင့် မငြိမ်မသက် မချစ်မခင် သွေးကွဲနေကြလျှင်ကား ပြိုကွဲကျဆင်း ဆုံးရှုံးကြသည်။ နိမ့်ပါးပျက်ပြားတတ်ကြသည်။ ခေါင်းဆောင်များမှာ ဆင်ခြင်သုံးသပ်လျက် ရွေးချယ်စရာ လေးမျိုးလောက်ရှိတတ်လေသည်။

**(၁) ကိုယ်နိုင် သူရှုံး။**

**(၂) ကိုယ်ရှုံး သူနိုင်။**

**(၃) သူရှုံး ကိုယ်ရှုံးနှင့်**

**(၄) သူရော ကိုယ်ပါအနိုင်ရ၊ အကျိုးအမြတ်ခံစားရခြင်းအဖြေ။**

မှန်ပါသည်။ စည်းလုံးခြင်းသာ အောင်ကြောင်းဖြာ။

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်ကာလဆီက ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင် ဟောကြားတော်မူဖူးပါသည်။ အားလုံးလည်းသိပြီးဖြစ်ပေမည်။

**"သမဂ္ဂါနံ တပေါ သုခေါ"**

စည်းလုံးညီညွတ်ခြင်းက ချမ်းသာခြင်းကိုဆောင်ယူလာစမြဲဖြစ်လေသည်။

Unity is strength.

**စည်းလုံးညီညွတ်ခြင်းက အင်အားကြီးမား၏။**

ညီညွတ်ပါက အင်အားတောင့်တင်းမှုပင်။

အကယ်၍ မညီညွတ်သော် ဒီမိုကရေစီစနစ်ကျင့်သုံးသော ဝေသာလီပြည်သည် သွေးထိုးလှုံ့ဆော်ဖြိုခွဲခံရသဖြင့် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်အဇာတသတ်လက်အောက်သို့ကျရောက်ခဲ့ရဖူးပေသည်။ အဇာတသတ်ဘုရင်က စေလွှတ်လိုက်သော ဝဿကာရပုဏ္ဏား၏

မာန်မာနနှင့်ဒေါသတို့ကြောင့် မခံချင်စိတ်တို့ပြင်းထန်လာသောအခါ မှားမှန်းသိပါလျက်လည်း ဇွတ်ဆက်တိုး၏။ မလုပ်သင့်မှန်းသိလျက် ဇွတ်လုပ်၏။ ဘာကိုမှ မမြင်တော့ချေ။ မိမိဘာသာ သတိဖြင့်ဆင်ခြင်ပါလေ။

ယှဉ်ပြိုင်ဘက်အပေါ် အသာစီးရရေး၊ ပြိုင်ဘက်ဒုက္ခရောက်စေရေးကိုသာမြင်၏။ ထိုအခါ ဘုရားလည်းမတတ်နိုင်၊ တရားလည်းမတတ်နိုင်၊ သံဃာလည်းမတတ်နိုင်။ မိဘနှင့်ဆရာသမားတို့လည်း မတားနိုင်၊ မကယ်နိုင်။ ပုထုဇဉ်လူမိုက်တို့၏ဘဝ၌ ပညာ၏ပြဋ္ဌာန်းမှုဟူသည် လုံးဝမရှိဟုဆိုလေသည်။ ဤလူသားတို့အတွက် ဆင်ခြင်တုံတရားထက် စိတ်ခံစားချက်ကသာ လွှမ်းမိုးကြိုးကိုင်နေတော့၏။ အကြောင်းအကျိုး၊ အကောင်းအဆိုးကို မှန်ကန်အောင် မစဉ်းစား၊ မရွေးချယ်နိုင်တော့ပေ။ စိတ်ခံစားချက်မာနနှင့် ဒေါသကသာ အဆိပ်တက်ကာနေလေတော့သည်။

ဆင်ခြင်သုံးသပ်နိုင်စွမ်းဦးစီးသူကသာ သတိသမ္ပဇဉ်ဖြင့် အချင်းချင်းမုန်းတီးတိုက်ခိုက်ခြင်းအားဖြင့် ကောင်းကျိုးတစ်စုံတစ်ရာရဖွယ်မရှိ။ သည်းခံခြင်းနှင့် ဖြဟ္မစိုရ်တရားလေးပါးဖြင့် လူသားအချင်းချင်းဆက်သွယ်ဆက်ဆံပါမှ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်နိုင်ကြောင်း နားလည်သိမြင်မည်ဖြစ်လေသည်။ ထို့ကြောင့်ပင် ပုထုဇဉ်လူသားများကို တိရစ္ဆာန်တစ်ပိုင်း၊ ဗြဟ္မာ တစ်ပိုင်းဟူ၍ ဆိုခြင်းဖြစ်နိုင်သည်။ သင်ကဘာလဲ။

တိရစ္ဆာန်တစ်ပိုင်းဘဝ ကျရောက်နေသူများကား

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကွမ်းသီးအနု ပိဿာချိန် ၈၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဖျာပုံ ဇူလိုင် ၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့် ဇွန်လအတွင်း ကွမ်းသီးအနု ပိဿာချိန် ၈၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ကွမ်းသီးအပါအဝင် လယ်ယာထွက်ကုန်နှင့် ခြံထွက်သီးနှံများကို တင်ပို့ရောင်းချလျက်ရှိပြီး မေလအတွင်းက ကွမ်းသီးအနု ပိဿာချိန် ၆၇၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ ကွမ်းသီးအနု ပိဿာချိန် ၈၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

"ပြည်ပဈေးကွက်က အမှာကုန်များလာလို့ ရန်ကုန်ဘက်ကိုတင်ပို့ကုန်အများအပြား တင်ပို့နေရတာဖြစ်ပါတယ်။ တင်ပို့နေရတဲ့ကွမ်းသီးကတော့ အရည်အသွေးကောင်းဖို့လိုအပ်ပါတယ်။ သန့်ရှင်းဖို့လဲလိုပါတယ်။ လက်ရှိ ကွမ်းသီးအနု ၁၀ ပိဿာကို ငွေကျပ် ၉၅၀၀၀ ထိဈေးပေါက်နေပါတယ်။ ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် ပြည်ပဈေးကွက်ဖြစ်တဲ့ တရုတ်နိုင်ငံကို အများဆုံးတင်ပို့ရောင်းချပါတယ်။ လက်ရှိ ကွမ်းသီးတွေ အရောင်းအဝယ်ဖြစ်နေတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်သူတွေ လုပ်ငန်းအဆင်ပြေစွာ လုပ်ကိုင်နေရပါတယ်"ဟု ဖျာပုံမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြသည်။

ဖျာပုံမြို့နယ်က ထွက်ရှိသည့် ကွမ်းသီးအနုများကို ကုန်သည်များမှကွမ်းသီးခြံများ အရောက်သွားရောက်ဝယ်ယူကာ စနစ်ကျရွေးချယ်ထုပ်ပိုးပြီး ရန်ကုန်မြို့သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ ယခင်က ကွမ်းသီးအစိမ်း၊ အမှည့်ဈေးကွက် နှစ်မျိုးသာရှိပြီး ယခုအခါ ကွမ်းသီးအနုသီးများ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ အဆိုပါ ကွမ်းသီးအနုများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေခြင်းသည် ကွမ်းသီးအနုများကို ပြည်ပဈေးကွက်မှ ဝယ်လိုအားကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း ဖျာပုံမြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၄ မှအဆက်

ဆင်းရဲချို့တဲ့သောဘဝမှ နိုင်ငံတကာကလေးစားခံ့ညားရသော တိုးတက်သည့်နိုင်ငံကြီးများအဖြစ်သို့ ထူထောင်နိုင်ခဲ့ကြလေသည်။ သူတို့မှာ မတူကွဲပြားမှုတွေ များစွာရှိခဲ့ကြသော်လည်း ပဋိပက္ခဖြစ်မနေဘဲ မတူတာကိုခွဲလုပ်၊ တူရာကိုတွဲလုပ်၍ ပူးပေါင်းဆောင်ရွက်ခဲ့ကြသဖြင့် အောင်ပွဲအဆင့်ဆင့်ရခဲ့ကြပေသည်။ တိုင်းရင်းသားအချင်းချင်းချစ်ခင်ရင်းနှီးစွာ လေးစားစည်းလုံးရေးသည် အခြေခံပေတည်း။

ပတ်ဝန်းကျင်ကို မြင်အောင်ကြည့်ပါ။ သို့ရာတွင် နိုင်ငံတကာကို မျှော်ကြည့်လျှင် မြင်ကွင်းက မှုန်ဝါးဝေးလံနိုင်ပါသေးသည်။ မိမိတို့ကိုယ့်မြေကိုယ့်ရေမှာ ဖြစ်ပေါ်ပြောင်းလဲမှု၊ အမှန်တကယ်ဖြစ်ပျက်မှုများကိုပင် မှန်ခဲ့၊ မှားခဲ့၊ ကောင်းခဲ့၊ ဆိုးခဲ့ သုံးသပ်ဝေဖန် ကြည့်တတ်လျှင် မြင်နိုင်ပေပြီ။ မိမိတို့၏အတွင်းမှာ ကိုယ်စီရှိနေကြသော အင်အားစုကို ထုတ်ဖော်အသုံးချကြရန် အချိန်ကျရောက်ပေပြီ။ အမြင်မှန်ပါစေ။

လူတိုင်းလူတိုင်းမှာ အောက်ပါစေတသိက် ငါးပါးသည် ရှိနေကြသည်။ အဘိဓမ္မာကျမ်းလာ စိတ်စေတသိက်သဘောများကို အသေးစိတ်သရုပ်မခွဲတတ်လျှင်ရှိပါစေ။ ဖော်ထုတ်အသုံးချလျှင် အံ့ဩရလောက်အောင် ခွန်အားဗလကြီးမားစေသော စိတ်စေတသိက်ငါးပါးကို ဖော်ပြပါရစေ။ (သဒ္ဓါ၊ သတိ၊ သမာဓိနှင့် ဝီရိယ၊ ပညာ ဗိုလ်ငါးဖြာ)ဟု မှတ်သားနိုင်သည်။

၁။ ယုံကြည်ချက် ထက်သန်ခိုင်မာမှု(သဒ္ဓါ)

၂။ မပြတ်သော သတိ၊ အာရုံစိုက်မှု(သတိ)

၃။ တည်ကြည်စွဲမြဲမှု၊ မပျံ့လွင့်မှု(သမာဓိ)

၄။ လုံ့လဝီရိယစိုက်မှု(ဝီရိယ)

၅။ အကျိုးအပြစ်ဝေခွဲနိုင်စွမ်း(ပညာ)

သင်ကစ၍ သူ၊ ငါအများ ကျွန်ုပ်တို့အားလုံးမှာရှိထားပြီးသော ဗိုလ်ငါးပါး၊ ခွန်အားစိတ်စွမ်းအင်များကို မိမိတို့မသုံးကြဘဲ ပစ်ပယ်မေ့လျော့ထားရာမှ တန်ဖိုးထားထုတ်ဖော်ပြီး အောင်မြင်အောင်အသုံးပြုကြပါကုန်လော့ဟု လေးစားစွာတိုက်တွန်းအပ်ပါသည်။

# သွေးစည်းကြစို့ ညီနောင်တို့

\- နိုင်ငံတော် တန်ခိုးထွားဖို့<br>
ကြိုးစားကြ တို့မျိုးနွယ်၊<br>
ကိုယ့်တာဝန် ကျေပွန်ထမ်း<br>
ကြိုးပမ်းကြမယ်၊<br>
တိုင်းပြည်ရဲ့ အန္တရာယ်<br>
ကြိုကာကွယ် ညီနောင်ဖွား၊<br>
ပြည်ပျက်ရန် သွေးထိုးစကား<br>
ဝေးဝေးရှောင်ရှား။

\- ပြည်သူသာ တိုင်းပြည်အား<br>
သွေးသားတို့ နေသောပြည်၊<br>
အဖျက်ရန် မှန်သမျှ<br>
ချေမှုန်းရမည်၊<br>
မြန်မာသွေး ရဲရဲနီ<br>
တည်ဆောက်မယ် နိုင်ငံသစ်၊<br>
သွေးချင်းတွေ အားအင်ထုနဲ့<br>
စုပေါင်းထုဆစ်။

\- ကိုယ့်နိုင်ငံ တိုးလို့ချစ်<br>
မျိုးဆက်သစ် လူငယ်တွေ၊<br>
သွေးကွဲမည် အမုန်းစကား<br>
ရှောင်ရှားစို့လေ၊<br>
ဘိုးဘွားတို့ လက်ကမ်းအမွေ<br>
သည်ရေမြေ ကာကွယ်ဖို့၊<br>
သွေးချင်းတွေ စည်းလုံးအားနဲ့<br>
ကြိုးစားပေးစို့။ ။

**ချစ်သက်(မြန်မာစာ)**

# ညောင်လေးပင်မြို့နယ် ကဒါးကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ညောင်လေးပင် ဇူလိုင် ၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကဒါးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ၊ ကျေးရွာနေပြည်သူလုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးရွာတွင်းလမ်း ဂဝံမြေနီခင်းခြင်းနှင့် ရေသန့်စင်စနစ်ဆောင်ရွက်ခြင်း လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် စီမံကိန်းတာဝန်ခံများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကဒါးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ၊ ကျေးရွာနေပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးရွာတွင်းလမ်း ဂဝံမြေနီခင်းခြင်းနှင့် ရေသန့်စင်စနစ်ဆောင်ရွက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်က လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ကဒါးကျေးရွာတွင် ကျေးရွာတွင်းလမ်း အရှည် ပေ ၁၃၃၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေနီခင်းခြင်းနှင့် ရေသန့်စင်စနစ်ဆောင်ရွက်ခြင်းလုပ်ငန်းတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၁၁ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မေလ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

## နိုင်ငံတကာ သတင်းများ

# အယ်ဆာဗေဒိုးသမ္မတက ကုန်ဈေးနှုန်း မြှင့်တင်နေသူများကို သတိပေး

**ဆန်ဆာဗေဒို ဇူလိုင် ၇**

ကုန်ဈေးနှုန်း မြှင့်တင်ရောင်းချနေမှုများကို လမ်းပေါ်၌ ရာဇဝတ်ဂိုဏ်းများအား ဖြိုခွင်းနှိမ်နင်းခဲ့သော နည်းလမ်းမျိုးအသုံးပြု၍ နှိမ်နင်းရနိုင်ကြောင်း အယ်ဆာဗေဒိုးသမ္မတ နာရစ်ဘူကီလီက ဇူလိုင် ၅ ရက်က သတိပေးခဲ့သည်။

အယ်ဆာဗေဒိုးသမ္မတ ဘူကီလီသည် ၂၀၂၂ ခုနှစ်မှစ၍ လမ်းပေါ်ရာဇဝတ်ဂိုဏ်းဝင်အဖြစ် ယူဆရသူထောင်ပေါင်းများစွာကို ဖမ်းဆီးခဲ့သူဖြစ်သည်။

ထိုနည်းတူ ကုန်ဈေးနှုန်း မြှင့်တင် ရောင်းချနေသူများကိုလည်း လမ်းပေါ် ရာဇဝတ်ဂိုဏ်းများကို နှိမ်နင်းခဲ့သည့် နည်းလမ်းမျိုးဖြင့် နှိမ်နင်းရနိုင်ကြောင်း အယ်ဆာဗေဒိုးသမ္မတက ဇူလိုင် ၅ ရက် ရုပ်သံမိန့်ခွန်း၌ ထုတ်ဖော်ပြောကြားထားသည်။

လက်ကားဖြန့်ချိ ရောင်းချသူများ၊ ကုန်စည်ဖြန့်ချိသူများက ဈေးနှုန်းများ မြှင့်တင်နေမှုကြောင့် အယ်ဆာဗေဒိုးနိုင်ငံ၌ အစားအစာဈေးနှုန်းများနှင့် အခြားအခြေခံလူသုံးကုန်ဈေးနှုန်းများ မြင့်တက်နေခြင်းဖြစ်ကြောင်း သမ္မတဘူကီလီက ပြောကြားထားသည်။

အယ်ဆာဗေဒိုးသမ္မတ ဘူကီလီသည် ယခုနှစ်သမ္မတရွေးကောက်ပွဲ၌ ထောက်ခံရာခိုင်နှုန်း ၈၅ ရာခိုင်နှုန်းဖြင့် သမ္မတရာထူး ဒုတိယသက်တမ်းကို ဆက်လက်ရယူထားနိုင်ခဲ့သူဖြစ်သည်။

အယ်ဆာဗေဒိုး ပြည်သူများအပေါ် ခေါင်းပုံဖြတ်အမြတ်ထုတ်နေမှုများ ရပ်တန့်ကရပ်ရန် သမ္မတဘူကီလီက သွင်းကုန်လုပ်ငန်းရှင်များ၊ ကုန်စည်ဖြန့်ချိသူများနှင့် လက်ကားရောင်းချသူများကိုလည်း သတိပေးထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ဩစတြေးလျ၌ လူနေအိမ်မီးလောင်မှုဖြစ်ပွား ကလေးငယ်သုံးဦး သေဆုံး

**ဆစ်ဒနီ ဇူလိုင် ၇**

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ရှိ နေအိမ်တစ်အိမ်၌ ယနေ့နံနက်ပိုင်းက မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ ၁၀ နှစ်အရွယ် ကလေးတစ်ဦးအပါအဝင် သုံးဦးသေဆုံးခဲ့ရကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုသည် ဆစ်ဒနီမြို့နှင့် မိုင် ၂၀ ခန့်အကွာ လာလော်ပတ်စ်ရပ်ကွက်ရှိ နေအိမ်တစ်လုံး၌ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဆစ်ဒနီမြို့တော် ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ မီးလောင်ကျွမ်းမှုကို လူသတ်မှုအဖြစ်မှတ်ယူ၍ စုံစမ်းစစ်ဆေးမှု ပြုလုပ်နေကြောင်း ရဲတပ်ဖွဲ့ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

လက်ရှိအချိန်တွင် မီးလောင်မှုဖြစ်ပွားခဲ့သည့် နေအိမ်အတွင်းသို့ ဝင်ရောက်ရန် ရဲတပ်ဖွဲ့ဝင်များက ကြိုးပမ်းစဉ် အနှောင့်အယှက်ပြုခဲ့သည့် အသက် ၂၈ နှစ်အရွယ် အမျိုးသားတစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးထားသည်။

အဆိုပါအမျိုးသားသည် ကလေးသုံးဦးသေဆုံးခဲ့ရသော နေအိမ်မီးလောင်ကျွမ်းမှုအတွက် တရားခံဖြစ်နိုင်ခြေရှိကြောင်း ဆစ်ဒနီ ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

နေအိမ်မီးလောင်မှုဖြစ်ပွားစဉ် အဆိုပါနေအိမ်အတွင်းရှိ အခြားကလေး လေးဦးနှင့် ကလေးများ၏ မိခင်ဖြစ်သူတို့မှာ မီးခိုးမွှန်ခဲ့မှုကြောင့် ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



# ပြင်သစ်နိုင်ငံ၌ လွှတ်တော်ရွေးကောက်ပွဲ ဒုတိယအကျော့ကျင်းပ



**ပဲရစ် ဇူလိုင် ၇**

ပြင်သစ်လွှတ်တော် ရွေးကောက်ပွဲ ဒုတိယအကျော့ကို ယနေ့တွင် ကျင်းပခဲ့ရာ လက်ယာစွန်းအမျိုးသားရေးဝါဒီအုပ်စုများ အနိုင်ရရန် အလားအလာများကြောင်း သိရသည်။

လူထုဆန္ဒ သဘောထားကောက်ခံမှုရလဒ်များအရ ပြင်သစ်လွှတ်တော်ရွေးကောက်ပွဲ၌ အမျိုးသမီးနိုင်ငံရေးခေါင်းဆောင် မရင်းလီပင်း၏ အမျိုးသားညီညွတ်ရေးပါတီ(အာရ်အင်န်)က ထောက်ခံမဲအများဆုံး ရရှိနိုင်ကြောင်း သိရသည်။

သို့ရာတွင် အာရ်အင်န်ပါတီအနေဖြင့် လွှတ်တော်ကိုထိန်းချုပ်နိုင်ရေးအတွက် လိုလောက်သည့် အမတ်နေရာ ၂၈၉ နေရာထိ ရယူနိုင်ဖွယ်မရှိကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

မရင်းလီပင်း၏ အာရ်အင်န်ပါတီသည် ဇွန် ၃၀ ရက်က ကျင်းပခဲ့သည့် ပြင်သစ်လွှတ်တော် ရွေးကောက်ပွဲ ပထမအကျော့တွင် သမိုင်းဝင်မဲရလဒ်ဖြင့် အနိုင်ရထားသူဖြစ်သည်။

ပြင်သစ်လွှတ်တော် ရွေးကောက်ပွဲ ဒုတိယအကျော့တွင် အာရ်အင်န်ပါတီ ထပ်မံအနိုင်ရခဲ့ပါက ပြင်သစ်နိုင်ငံ၏ နိုင်ငံရေးအခင်းအကျင်း ပြောင်းလဲသွားနိုင်သည်။

လက်ရှိ ပြင်သစ်သမ္မတ မက်ခရွန်၏ မူဝါဒများအပေါ် ပြည်သူများ မကျေမနပ်ဖြစ်နေချိန်တွင် အာရ်အင်န်ပါတီအပေါ် လူထုထောက်ခံမှု အားကောင်းလာခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ယူကရိန်း၏ ပက်ထရီးယော့ ဒုံးကျည်စနစ်များကို အစ်ကန်ဒါး ဒုံးကျည်များဖြင့် ဖျက်ဆီးခဲ့ကြောင်း ရုရှားပြောကြား

**မော်စကို ဇူလိုင် ၇**



ယူကရိန်းနိုင်ငံ အိုဒက်ဆာဒေသရှိ အမေရိကန်ထုတ် ပက်ထရီးယော့ လေကြောင်းရန်ကာကွယ်ရေးစနစ် နှစ်ခုကို အစ်ကန်ဒါးဒုံးကျည်များဖြင့် ဖျက်ဆီးနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အိုဒက်ဆာဒေသ ယူဇနီဆိပ်ကမ်းနယ်မြေအနီး ပြုလုပ်ခဲ့သော အစ်ကန်ဒါးဒုံးကျည်တိုက်ခိုက်မှုတွင် ပက်ထရီးယော့ လေကြောင်းရန် ကာကွယ်ရေးဒုံးကျည်စနစ်များအပြင် ရေဒါစခန်းတစ်ခုကိုလည်း ဖျက်ဆီးနိုင်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သို့ရာတွင် အစ်ကန်ဒါးဒုံးကျည်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည့် အချိန်ကာလကို ရုရှားကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုပါသတင်းထုတ်ပြန်ချက်နှင့် ပတ်သက်၍ ယူကရိန်းအစိုးရက တစ်စုံတစ်ရာ တုံ့ပြန်ပြောကြားခြင်း မရှိကြောင်း သိရသည်။

သို့ရာတွင် ရုရှားနိုင်ငံအနေဖြင့် ယူကရိန်းနိုင်ငံအတွင်းရှိ ပစ်မှတ်များကို အစ်ကန်ဒါးဒုံးကျည်နှစ်စင်းဖြင့် တိုက်ခိုက်ခဲ့ကြောင်း ယူကရိန်းလေတပ်က ယနေ့အစောပိုင်းတွင် ပြောကြားထားသည်။

ရုရှားနှင့် စစ်ပွဲစတင်ဖြစ်ပွားခဲ့ချိန်မှစ၍ အမေရိကန်နိုင်ငံအပါအဝင် အနောက်အုပ်စုနိုင်ငံများသည် ယူကရိန်းနိုင်ငံကို ပက်ထရီးယော့ လေကြောင်းရန်ကာကွယ်ရေးစနစ်များအပါအဝင် လေကြောင်းရန်ကာကွယ်ရေး စနစ်အမျိုးမျိုး ပေးပို့ကူညီထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# အမေရိကန်နိုင်ငံ၌ ပါတီပွဲတစ်ခုတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွား လူလေးဦးသေဆုံးပြီး သုံးဦး ဒဏ်ရာများရရှိ

**နယူးယောက် ဇူလိုင် ၇**

အမေရိကန်နိုင်ငံ ကင်တပ်ကီပြည်နယ် ဖလော်ရင့်စ်မြို့ နေအိမ်တစ်လုံး၌ ဇူလိုင် ၆ ရက် နံနက်ပိုင်းက ပါတီပွဲကျင်းပနေစဉ် သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူလေးဦးသေဆုံး၍ သုံးဦး ဒဏ်ရာများရခဲ့ကြောင်း သိရသည်။

အိမ်ရှင်ဖြစ်သူက ၎င်း၏သားဖြစ်သူ အသက် ၂၁ နှစ်ပြည့် မွေးနေ့ပွဲကို ကျင်းပပေးနေစဉ် သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

သေနတ်ပစ်ခတ်မှု ကျူးလွန်ခဲ့ဖွယ်ရှိသည့်လူငယ်မှာ အချင်းဖြစ်ပွားပြီးနောက် ထွက်ပြေးခဲ့သော်လည်း ကားမှောက်မှုဖြစ်ပွားခဲ့ခြင်းကြောင့် ရဲတပ်ဖွဲ့၏ဖမ်းဆီးမှုကိုခံခဲ့ရသည်။

သေနတ်ပစ်ခတ်မှု ကျူးလွန်ခဲ့ဖွယ်ရှိသူမှာ ချေ့စ်ဂါဗေးအမည်ရှိ အသက် ၂၁ နှစ်အရွယ် လူငယ်တစ်ဦးဖြစ်ပြီး ပါတီပွဲ၌ ဖိတ်ကြားခံရခြင်းမရှိဘဲ ပါဝင်လာသူဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆိုပါ လူငယ်အနေဖြင့် သေနတ်ပစ်ခတ်မှုကို ဘာကြောင့်ကျူးလွန်ခဲ့ရသည်ကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

အဆိုပါ သေနတ်ပစ်ခတ်မှုသည် ယခုနှစ် လက်ရှိကာလထိ အမေရိကန်နိုင်ငံ၌ ဖြစ်ပွားခဲ့သော ၂၇၇ မှုမြောက် လူအစုလိုက်အပြုံလိုက် သေနတ်ပစ်ခံရမှုဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## ပဉ္စမမြောက် Starship အာကာသဒုံးပျံစမ်းသပ်မှုကို လာမည့်သီတင်းလေးပတ်အတွင်း Space-X ကုမ္ပဏီက ပြုလုပ်ရန်စီစဉ်ထား



**ဝါရှင်တန် ဇူလိုင် ၇**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာ ကုမ္ပဏီသည် ပဉ္စမမြောက် Starship အာကာသဒုံးပျံ စမ်းသပ်မှုကို လာမည့် သီတင်းလေးပတ်အတွင်း ပြုလုပ်ရန်စီစဉ်ထားကြောင်း ဇူလိုင် ၆ ရက် သတင်းများအရ သိရသည်။

ပဉ္စမမြောက် Starship အာကာသဒုံးပျံ စမ်းသပ်လွှတ်တင်နိုင်မည့်ကာလကို Space-X အာကာသနည်းပညာကုမ္ပဏီမှ အကြီးအကဲ အီလွန်မက်က ဇူလိုင် ၆ ရက်တွင် အတည်ပြုကြေညာထားခြင်းဖြစ်ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် လက်ရှိအချိန်ထိ Starship အာကာသဒုံးပျံများကို လေးကြိမ်ထိ စမ်းသပ်လွှတ်တင်ခဲ့ပြီးဖြစ်သည်။

Starship အာကာသဒုံးပျံများသည် စူပါဟဲဗီးဒုံးပျံပင်မကိုယ်ထည်နှင့် Starship အာကာသယာဉ်ကို ပေါင်းစပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် ၂၀၂၃ ခုနှစ် ဧပြီလနှင့် နိုဝင်ဘာလတွင်လည်းကောင်း၊ ယခုနှစ် မတ်လနှင့် ဇွန်လတွင်လည်းကောင်း Starship အာကာသဒုံးပျံများကို စမ်းသပ်လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

Space-X ကုမ္ပဏီသည် လကမ္ဘာနှင့် အင်္ဂါဂြိုဟ်များသို့ လူသားများ စေလွှတ်နိုင်ရေးအတွက် Starship အာကာသဒုံးပျံကို တည်ဆောက် စမ်းသပ်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# HEALTH

## နာတာရှည်ရောဂါများကို မျက်နှာပေါ်ရှိ အပူချိန်များကိုစစ်ဆေးခြင်းဖြင့် ဖော်ထုတ်ပေးနိုင်

**ပေကျင်း ဇူလိုင် ၇**

ဆီးချိုရောဂါ၊ အသည်းအဆီဖုံးရောဂါများကဲ့သို့ နာတာရှည်ရောဂါများကို မျက်နှာပြင်ပေါ်ရှိ အပူချိန်များကို စစ်ဆေးခြင်းကဲ့သို့ ရိုးစင်းသောနည်းလမ်းမျိုးဖြင့် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဖော်ထုတ်ပေးနိုင်ဖွယ်ရှိကြောင်း ဇူလိုင် ၆ ရက် သတင်းများအရ သိရသည်။

နှာခေါင်း၊ မျက်လုံး၊ ပါးပြင်ကဲ့သို့ လူ့မျက်နှာပြင်အစိတ်အပိုင်းနေရာအမျိုးမျိုး၏ အပူချိန်သည် နာတာရှည်ရောဂါ အမျိုးမျိုးနှင့် ဆက်စပ်နေကြောင်း တရုတ်နိုင်ငံ ပီကင်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

သို့ဖြစ်ရာ တစ်နေ့နေ့တစ်ချိန်ချိန်တွင် ဆရာဝန်များအနေဖြင့် အသိဉာဏ်တုနည်းပညာသုံး အပူချိန်တိုင်း ကင်မရာစနစ်များဖြင့် ရောဂါဆိုးများကို စောစောစီးစီး ဖော်ထုတ်ပေးနိုင်ဖွယ်ရှိကြောင်း တရုတ် သုတေသနပညာရှင်များက ပြောကြားသည်။

တရုတ် သုတေသနပညာရှင်များသည် မျက်နှာအစိတ်အပိုင်း အပူချိန်များဖြင့် ကျန်းမာရေးအခြေအနေကို အကဲဖြတ်နိုင်မှု ရှိ၊ မရှိ ဆုံးဖြတ်နိုင်ရေးအတွက် လူပေါင်း ၂၈၀၀ ကျော်တို့၏ မျက်နှာပြင် အစိတ်အပိုင်း အပူချိန်များကို လေ့လာဆန်းစစ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ဆီးချိုရောဂါနှင့် အသည်းအဆီဖုံးရောဂါကဲ့သို့ ကိုယ်တွင်း ဇီဝဓာတုပြောင်းလဲမှု ရောဂါများရှိနေသူများ၏ မျက်လုံးတစ်ဝိုက်အပူချိန်သည် ကျန်းမာရေး ကောင်းသူများ၏ မျက်လုံးတစ်ဝိုက် အပူချိန်နှင့်နှိုင်းယှဉ်ပါက ပို၍ မြင့်မားနေတတ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ရသည်။

**Ref : Xinhua News**
**Trs : KKO**


## ဒိုင်နိုဆောသတ္တဝါများ မျိုးသုဉ်းပျောက်ကွယ်ခဲ့ရသည့် ဂြိုဟ်သိမ်ကျရောက်မှုဖြစ်စဉ်က ကမ္ဘာပေါ်၌ စပျစ်ပင်များစတင်ပေါ်ထွက်လာရေးအတွက် လမ်းဖွင့်ပေးခဲ့

**ဝါရှင်တန် ဇူလိုင် ၇**

ဒိုင်နိုဆောသတ္တဝါများမျိုးသုဉ်း ပျောက်ကွယ်ခဲ့ရသည့် ဂြိုဟ်သိမ်ကျရောက်မှုဖြစ်စဉ်သည် ကမ္ဘာပေါ်၌ စပျစ်ပင်များ စတင်ပေါ်ထွက်လာရေးအတွက် လမ်းဖွင့်ပေးခဲ့ကြောင်း ဇူလိုင် ၆ ရက် သတင်းများအရ သိရသည်။

လွန်ခဲ့သောနှစ်ပေါင်း ၆၆ သန်းက ဂြိုဟ်သိမ်တစ်စင်းကျရောက်ခဲ့မှုကြောင့် ဒိုင်နိုဆောသတ္တဝါများ ပျောက်ကွယ်၍ နို့တိုက်သတ္တဝါငယ်များသာ ကျန်ရှိခဲ့မှုကြောင့် ကမ္ဘာပေါ်၌ စပျစ်ပင်များစတင်ပေါက်ရောက်လာနိုင်ခဲ့ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

ကမ္ဘာဦးစပျစ်စေ့ ကျောက်ဖြစ်ရုပ်ကြွင်းများကို ကိုလံဘီယာ၊ ပနားမားနှင့် ပီရူးနိုင်ငံ၌ တွေ့ရှိခဲ့ရပြီးနောက် အမေရိကန် သိပ္ပံပညာရှင်များက ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။





မိမိတို့တွေ့ရှိခဲ့ရသည့် စပျစ်စေ့ကျောက်ဖြစ်ရုပ်ကြွင်းများသည် ကမ္ဘာတစ်ဝန်း တွေ့ရှိခဲ့ဖူးသမျှ သက်တမ်းရှေးအကျဆုံး စပျစ်စေ့များဖြစ်ကြကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

ဒိုင်နိုဆောများ မျိုးသုဉ်းခဲ့ပြီးနောက် နို့တိုက်သတ္တဝါငယ်များနှင့် ငှက်များသာ ရှင်သန်ကျန်ရှိခဲ့မှုသည် စပျစ်ပင်များ ပေါ်ထွက်လာရေးအတွက် လမ်းဖွင့်ပေးခဲ့ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

လွန်ခဲ့သောနှစ်ပေါင်း ၆၆ သန်းက ကမ္ဘာပေါ်သို့ ကျရောက်ခဲ့သော ဂြိုဟ်သိမ်ကြောင့် ကမ္ဘာပေါ်ရှိ သက်ရှိမျိုးစေ့ လေးပုံသုံးပုံ ပျောက်ကွယ်ခဲ့ရကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## အသက် ၄၀ စားသောက်မှုပုံစံက အသက် ၇၀ တွင် ဘဝနေထိုင်မှုအရည်အသွေးအပေါ် သက်ရောက်မှုရှိ

**နယူးယောက် ဇူလိုင် ၇**

အသက် ၄၀ တွင် စားသောက်သည့် အစားအစာပုံစံများသည် အသက် ၇၀ ရောက်ချိန် ဘဝနေထိုင်မှု အရည်အသွေးအပေါ် အကျိုးသက်ရောက်မှု ရှိတတ်ကြောင်း သုတေသနပညာရှင်များက ဇူလိုင် ၆ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ အသက် ၄၀ ခန့်မှစ၍ ကျန်းမာရေးနှင့်ညီညွတ်သည့်ဓာတ်စာများ စားသုံးသူများသည် ထိုသို့စားသုံးခြင်းမရှိသည့် သက်တူရွယ်တူများနှင့် နှိုင်းယှဉ်ပါက အသက် ၇၀ အရွယ်တွင် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအခြေအနေများ ၄၃ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းထိ ပိုမိုကောင်းမွန်နိုင်ခြေ ရှိကြောင်း သိရသည်။

သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ လုံးတီးကောက်နှံများ၊ အခွံမာအစေ့အဆန်များနှင့် ပဲအမျိုးမျိုး စားသုံးမှုမြင့်မားခြင်းသည် သက်ကြီးပိုင်းဘဝ ကျန်းမာရေးနှင့်ဆက်စပ်နေကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

ထိုနည်းတူ မိမိတို့၏လေ့လာတွေ့ရှိချက်အရ ကစီဓာတ်၊ ဆားဓာတ်နှင့် အသားအစားများမှုမှာလည်း သက်ကြီးပိုင်းဘဝ ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှုရှိတတ်သည်ကို တွေ့ရကြောင်း သိရသည်။

ကျန်းမာရေးနှင့်ညီညွတ်သော ဓာတ်စာပုံစံများသည် နာတာရှည်ရောဂါများကို ကာကွယ်ရာတွင် အခရာကျသလို သက်ကြီးပိုင်းဘဝ ကျန်းမာရေးကိုလည်း အထောက်အကူပြုနိုင်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## လွန်ခဲ့သော နှစ်ပေါင်း သန်း ၄၀၀ ကျော်က မွန်ဂိုလီးယားနိုင်ငံနေရာတွင် သမုဒ္ဒရာတစ်စင်းပေါ်ထွက်ခဲ့

**မက်ဒရစ် ဇူလိုင် ၇**

ကမ္ဘာအတွင်း ကျောက်လွှာနယ်မြေအတွင်းရှိ ကျောက်ရည်ပူများ တိုးထွက်လာမှုကြောင့် လွန်ခဲ့သော နှစ်ပေါင်း သန်း ၄၀၀ ကျော်က မွန်ဂိုလီးယားနိုင်ငံနေရာတွင် သမုဒ္ဒရာတစ်စင်း ပေါ်ထွက်ခဲ့ကြောင်း ဇူလိုင် ၆ ရက် သတင်းများအရ သိရသည်။

စပိန်ဘူမိသိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ လွန်ခဲ့သောနှစ်ပေါင်း သန်း ၄၀၀ ကျော်က ယနေ့ခေတ် မွန်ဂိုလီးယားနိုင်ငံနေရာ၌ ကမ္ဘာအတွင်းကျောက်လွှာနယ်မြေအတွင်းမှ ကျောက်ရည်ပူများ တိုးထွက်လာခဲ့ဖူးကြောင်း သိရသည်။

ထိုကဲ့သို့ ကျောက်ရည်ပူများ တိုးထွက်လာမှုကြောင့် မွန်ဂိုလီးယားနိုင်ငံနေရာ၌ မြေလွှာကွဲအက်၍ သမုဒ္ဒရာတစ်စင်းပေါ်ထွက်ခဲ့ကြောင်း သိရသည်။

၎င်းသမုဒ္ဒရာသစ်သည် နှစ်ပေါင်း ၁၁၅ သန်းထိ တည်ရှိနေခဲ့ကြောင်း စပိန်သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

စပိန် သိပ္ပံပညာရှင်များသည် မွန်ဂိုလီးယားအနောက်မြောက်ပိုင်းမှမီးသင့်ကျောက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ မီးသင့်ကျောက်များသည် ပင်လယ်သမုဒ္ဒရာများကို ငါးသတ္တဝါများစိုးမိုးထားချိန်၊ ကုန်းမြေများပေါ်၌ အပင်များစတင်ပေါက်ရောက်ချိန် ဒီဗိုနီးယန်းဘူမိခေတ်မှ ကျောက်သားများဖြစ်ကြကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# နိုင်ငံတကာ အားကစားသတင်းများ

## ခံစစ်ကစားသမား ဆာလီဘာကိုခေါ်ယူရန် ရီးရဲလ်မက်ဒရစ်အသင်းကြိုးပမ်း

**မက်ဒရစ် ဇူလိုင် ၇**

ရီးရဲလ်မက်ဒရစ် အသင်းသည် ခံစစ်ပိုင်းတွင် မီလီတာအိုနှင့် တွဲဖက်ကစားနိုင်မည့် အာဆင်နယ်အသင်း ခံစစ်ကစားသမား ဆာလီဘာကိုခေါ်ယူနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ဆာလီဘာသည် အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်း ကျန်ရှိနေသော်လည်း ကစားသမားအနေဖြင့် ရီးရဲလ်မက်ဒရစ်အသင်း၏ကမ်းလှမ်းမှုကို စိတ်ဝင်စားနေသဖြင့် အာဆင်နယ်အသင်းက ကစားသမားအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၁၇ သန်း သတ်မှတ်ခဲ့သောကြောင့် ရီးရဲလ်မက်ဒရစ်အသင်း တာဝန်ရှိသူများက ဆွေးနွေးမှုများပြုလုပ်၍ ခေါ်ယူနိုင်ရန် ပြင်ဆင်လျက်ရှိသည်။

ထို့ပြင် အာဆင်နယ်အသင်းသည် ဘိုလော့နာအသင်းမှ ခံစစ်ကစားသမား ကာလာဖီအိုရီကို ခေါ်ယူနိုင်ရန်နီးစပ်နေကာ ချဲလ်ဆီးအသင်းက ကြားဖြတ်ခေါ်ယူရန် ကြိုးပမ်းနေသောကြောင့် ခေါ်ယူရန်ကြန့်ကြာနေသော်လည်း ကာလာဖီအိုရီကို ခေါ်ယူနိုင်ခဲ့ပါက ဆာလီဘာကို ရီးရဲလ်မက်ဒရစ်အသင်းသို့ရောင်းချရန် သဘောတူနေသည်။

အသက် ၂၃ နှစ်ရှိ ဆာလီဘာသည် ၂၀၁၉ ခုနှစ်က စိန့်အက်တီယန်အသင်းမှ အာဆင်နယ်အသင်းသို့ရောက်ရှိခဲ့ပြီး နိုက်အသင်း၊ မာဆေးအသင်းတို့တွင် အငှားစာချုပ်ဖြင့် ကစားခဲ့ရကာ မာဆေးအသင်းတွင် ကစားခဲ့စဉ်က ခြေစွမ်းပြသနိုင်ခဲ့ပြီး လီဂူးဝမ်း၏ လူငယ်တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ရရှိခဲ့သောကြောင့် အာဆင်နယ်အသင်းက ပြန်လည်ခေါ်ယူခဲ့ပြီး အသင်းနှင့်ပူးပေါင်းခဲ့သည့် ဘောလုံးရာသီနှစ်ရာသီတွင် ပြိုင်ပွဲစုံ ၈၃ ပွဲတွင် သွင်းဂိုး ငါးဂိုးထိသွင်းယူခြေစွမ်းပြသနိုင်ခဲ့သဖြင့် ရီးရဲလ်မက်ဒရစ်အသင်းအပါအဝင် ဥရောပထိပ်သီးကလပ်အသင်းများက ခေါ်ယူရန် ချိတ်ဆက်လျက် ရှိနေကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**




## အားကစားသတင်းအတိုအထွာများ

- အသက် ၄၁ နှစ်ရှိ ခံစစ်ကစားသမား ပီပီကို လာမည့်အပြောင်းအရွှေ့ကာလတွင် ဆော်ဒီပရီလိဂ်ကလပ်အသင်းများက ခေါ်ယူနိုင်ရန် ကမ်းလှမ်းမှုများ ပြုလုပ်လျက်ရှိသည်။
- ဘိုင်ယန်မြူးနစ်အသင်းက အငှားစာချုပ်ဖြင့် စေလွှတ်ရန်စီစဉ်ထားသည့် ခံစစ်ကစားသမား ကင်မင်ဂျေးကို အင်တာမီလန်အသင်းက လာမည့်အပြောင်းအရွှေ့ကာလတွင် အငှားခေါ်ယူနိုင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။
- ဘရာဇီးအသင်းနှင့်ပွဲစဉ်တွင်ရရှိခဲ့သည့် ဥရုဂွေးအသင်းကစားသမား အာရူဂျို၏ ဒဏ်ရာအခြေအနေနှင့်ပတ်သက်၍ ဘာစီလိုနာအသင်းက စိုးရိမ်ကြောင်းပြောကြားခဲ့ပြီး အသင်းအနေဖြင့် ပက်ထရီ၊ ဖရန်ကီဒီဂျောင်းတို့ကို ဒဏ်ရာကြောင့်လည်းကောင်း၊ ဖာမင်လိုပက်ဇ် ၊ ကျူဘာစီတို့ကို ပဲရစ်အိုလံပစ်ပြိုင်ပွဲသို့ စေလွှတ်ခဲ့ရခြင်းကြောင့်လည်းကောင်း ရာသီအကြိုပွဲစဉ်များတွင် လက်လွှတ်ရမည်ဖြစ်သည်။

**ML**

## ကိုပါအမေရိကဖလားပြိုင်ပွဲတွင် ဘရာဇီးအသင်းကိုအနိုင်ရခဲ့သည့် ဥရုဂွေးအသင်း ဆီမီးဖိုင်နယ်သို့တက်ရောက်



**ဗျူနို့စ်အေရိစ် ဇူလိုင် ၇**

ကိုပါအမေရိကဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဥရုဂွေးအသင်းနှင့် ဘရာဇီးအသင်းတို့ ကစားခဲ့ရာတွင် ပင်နယ်တီအဆုံးအဖြတ်တွင် ဥရုဂွေးအသင်းက လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

ဥရုဂွေးအသင်းသည် ကိုပါအမေရိက ဖလားပြိုင်ပွဲတွင် ဆုဖလား ၁၅ ကြိမ်ဖြင့် အောင်မြင်မှုအများဆုံးရရှိထားသည့် အသင်းဖြစ်ပြီး ယခုပြိုင်ပွဲတွင်လည်း ခြေစွမ်းပိုင်း ထက်မြက်သည့် ဘရာဇီးအသင်းကို ပွဲချိန်အတွင်း ဂိုးမရှိသရေကစားနိုင်ခဲ့ပြီး ပင်နယ်တီအဆုံးအဖြတ်တွင် လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နည်းပြဘိုင်ရယ်ဆာ၏ ဥရုဂွေးအသင်းသည် အခွင့်အရေးရသည်နှင့် လျင်မြန်သည့် တိုက်စစ်ဆင်မှုများဖြင့် ဘရာဇီးအသင်းကို ဖိအားပေးကစားခဲ့သော်လည်း ပွဲကစားချိန် ၇၄ မိနစ်တွင် ခံစစ်ကစားသမား နန်ဒက်စ် အနီကတ်ဖြင့် ထုတ်ပယ်ခံရသဖြင့် ဦးဆောင်ဂိုးခွင့်မပြုရရေးအတွက် လူစားလဲမှုများပြုလုပ်ကာ ခံစစ်ပိုင်းနှင့် ကွင်းလယ်ပိုင်းဖြည့်တင်းမှုများ ပြုလုပ်ခဲ့ခြင်းကြောင့် ဂိုးမရှိသရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့ပြီး ပင်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရသည်။

ပင်နယ်တီ အဆုံးအဖြတ်တွင် ဥရုဂွေးအသင်းက ငါးကြိမ်တွင် တစ်ကြိမ်သာ လွဲချော်ခဲ့ကာ လေးကြိမ် ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့ပြီး ဘရာဇီးအသင်းက မီလီတာအို၊ ဒေါက်လက်လူးဝစ်တို့ ပင်နယ်တီလွဲချော်ခဲ့မှုကြောင့် လေးဂိုးနှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်သို့ရောက်ရှိခဲ့ကာ ဆီမီးဖိုင်နယ်တွင် ပနားမားအသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည့် ကိုလံဘီယာအသင်းနှင့် ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

## ချဲလ်ဆီးအသင်းက နာပိုလီအသင်းမှ အိုဆီမန်ကိုခေါ်ယူရန် လူကာကူနှင့် ကာဆာဒီတို့ကို အလိုက်ပေးကမ်းလှမ်းရန်ပြင်ဆင်

**လန်ဒန် ဇူလိုင် ၇**

ချဲလ်ဆီးအသင်းက နာပိုလီအသင်းမှ တိုက်စစ်မှူး အိုဆီမန်ကို ခေါ်ယူရန်အတွက် အသင်းမှ တိုက်စစ်မှူး လူကာကူနှင့် ကွင်းလယ်ကစားသမား ကာဆာဒီတို့ကို အလိုက်ပေးပြီး ကမ်းလှမ်းရန် အတွက် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အိုဆီမန်သည် ပြီးခဲ့သည့်နှစ်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလကတည်းက နာပိုလီအသင်းမှ ထွက်ခွာရန်နီးစပ်ခဲ့ပြီး နောက်ပိုင်းတွင် ဆုံးဖြတ်ချက်ပြန်လည်ပြင်ဆင်ခဲ့ကာ ၂၀၂၆ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုပြီး ဆက်လက်လက်တွဲခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် လက်ရှိကစားသမား အပြောင်းအရွှေ့ကာလတွင် ကစားသမားများခေါ်ယူ အင်အားဖြည့်တင်းထားသော်လည်း တိုက်စစ်ပိုင်းတွင် ဘာစီလိုနာအသင်းမှ ခေါ်ယူခဲ့သည့် လူငယ်ကစားသမား မာ့ခ်ဂီယူတစ်ဦးသာ ရှိနေပြီး ၎င်းကိုလည်း အသင်းတွင်နေရာပေးရန် လိုအပ်ချက်ရှိနေသည့်အတွက် အိုဆီမန်ကို ပစ်မှတ်ထားနေခြင်းဖြစ်သည်။

သို့သော် အိုဆီမန်သည် လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ထိပ်တန်းအသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားရန် ပြင်ဆင်နေပြီး နာပိုလီအသင်းကလည်း အိုဆီမန်အတွက် ပြောင်းရွှေ့ကြေးကို ယူရို သန်း ၁၀၀ ထိ သတ်မှတ်ထားသည်။

ချဲလ်ဆီးအသင်းက အိုဆီမန်ကို ခေါ်ယူရန် နာပိုလီအသင်း သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးပေးချေရန် ခက်ခဲနေသည့်အတွက် လူကာကူနှင့် ကာဆာဒီတို့ကို အလိုက်ပေးပြီး ကမ်းလှမ်းရန် အတွက် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

## John Deere Classic ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို တွမ်ဆင်ဦးဆောင်

**အီလီနွိုက် ဇူလိုင် ၇**

အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ်တွင် ကျင်းပနေသည့် John Deere Classic ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီး၌ အမေရိကန် ဂေါက်သီးရိုက်ကစားသမားတွမ်ဆင်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၂၁ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ထို့ပြင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား အဲရစ်ကိုးနှင့် အင်္ဂလန်ဂေါက်သီးရိုက် ကစားသမား အာရွန်ရိုင်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၉ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိပြီး အမေရိကန်ဂေါက်သီးရိုက်ကစားသမား စပရင်ဂါ၊ တရုတ်(တိုင်ပေ) ဂေါက်သီးရိုက်ကစားသမား စီတီပန်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

တွမ်ဆင်က "PGA Tour မှာ အောင်မြင်မှုမရဖူးသေးသလို အခုလိုနောက်ဆုံးနေ့မှာ ဦးဆောင်သူတစ်ယောက်အနေနဲ့ ယှဉ်ပြိုင်ကစားခွင့်ရမဲ့ အခွင့်အရေးကို ပထမဦးဆုံးအကြိမ် ရထားခြင်းဖြစ်ပါတယ်။ စိတ်လှုပ်ရှားနေပေမဲ့ နောက်ဆုံးနေ့မှာ အကောင်းဆုံးပုံစံရမယ်လို့ မျှော်လင့်ပါတယ်။ ပထမဆုံးသော PGA Tour ဆုဖလားကို ကိုင်မြှောက်ခွင့်ရချင်တယ်။ အမှတ်ပေးဇယားရဲ့ အဆင့်(၁၀)အတွင်းမှာ အဆုံးသတ်ခွင့်ရမယ်ဆိုရင်လဲ ကျေနပ်စရာကောင်းပေမဲ့ ဦးစားပေးပစ်မှတ်ကတော့ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခွင့်ရရေးဖြစ်ပါတယ်။ တတိယနေ့ရဲ့ ဒုတိယကိုးကျင်းမှာကစားနိုင်ခဲ့တဲ့ ပုံစံကောင်းကိုသာ ဆက်ထိန်းထားနိုင်ခဲ့မယ်ဆိုရင် ကျွန်တော့်အနေနဲ့ မျှော်လင့်နေတဲ့ အောင်မြင်မှုကို ဆွတ်ခူးနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။



**Ref : Xinhua**
**Trs : AZL**

# ယူရိုပြိုင်ပွဲ ဆီမီးအဆင့်တွင် အင်္ဂလန်အသင်းနှင့် နယ်သာလန်အသင်းတို့ ထိပ်တိုက်တွေ့ဆုံ





**လန်ဒန် ဇူလိုင် ၇**

ယူရိုပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့်တွင် အင်္ဂလန်အသင်းက ဆွစ်ဇာလန်အသင်းကို ပင်နယ်တီ အဆုံးအဖြတ်တွင် အနိုင်ရခဲ့သဖြင့် တူကီယဲအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် နယ်သာလန်အသင်း နှင့် ဆီမီးဖိုင်နယ်အဆင့်တွင် ထိပ်တိုက်တွေ့ဆုံခဲ့သည်။

ကွာတားဖိုင်နယ် အဆင့် အစောပွဲစဉ်ဖြစ်သည့် အင်္ဂလန် အသင်းနှင့် ဆွစ်ဇာလန်အသင်းတို့ ပွဲစဉ်တွင် တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် ရှိခဲ့သော်လည်း ပထမပိုင်းတွင် ဂိုးသွင်းယူနိုင်ခြင်း မရှိသဖြင့် သရေရလဒ်သာထွက်ပေါ် ခဲ့ပြီး ဒုတိယပိုင်းတွင် ဆွစ်ဇာလန် အသင်းက ဂိုးပေါက်ခြိမ်းခြောက်မှု ပိုမိုပြုလုပ်နိုင်ခဲ့သဖြင့် ပွဲကစားချိန် ၇၅ မိနစ်တွင် အမ်ဘိုလို ဦးဆောင် ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် အင်္ဂလန်အသင်း ချေပဂိုးရရှိရေး အတွက် လူစားလဲမှုများပြုလုပ်၍ တိုက်စစ်မြှင့်တင်လာခဲ့ရာ ပွဲကစား ချိန် မိနစ် ၈၀ တွင် ဆာကာက ချေပဂိုးသွင်းယူခဲ့သဖြင့် တစ်ဂိုးစီ သရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့ပြီး အချိန်ပို ဆက်လက်ကစားခဲ့ရသည်။

အချိန်ပိုတွင် အင်္ဂလန်အသင်း က ဖိအားပေးမှု ပိုမိုပြုလုပ်နိုင်ခဲ့ သော်လည်း ဆွစ်ဇာလန်အသင်း၏ ခံစစ်ပိုင်းကို ကျော်ဖြတ်နိုင်ခြင်း မရှိခဲ့ဘဲ ဂိုးသမားဆွန်မာ၏လက်စွမ်း ပြနိုင်မှုတို့ကြောင့် ဦးဆောင်ဂိုးမရခဲ့ ဘဲ သရေရလဒ်ဖြင့် အဆုံးသတ်ခဲ့ သဖြင့် ပင်နယ်တီအဆုံးအဖြတ်ခံယူ ခဲ့ရကာ ပင်နယ်တီအဆုံးအဖြတ်တွင် ဆွစ်ဇာလန်အသင်း၏ ကန်သွင်း ချက်တစ်ကြိမ်ကို အင်္ဂလန်အသင်း ဂိုးသမား ပစ်ဖို့ဒ်က ကာကွယ်မှု ပြုလုပ်နိုင်ခဲ့ပြီး သုံးကြိမ်သာ ဂိုးရရှိ ခဲ့သဖြင့် အင်္ဂလန်အသင်းက ငါးဂိုး သုံးဂိုးဖြင့် အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ် သို့ တက်ရောက်ခဲ့သည်။

နယ်သာလန် အသင်းနှင့် တူကီယဲအသင်းတို့ပွဲစဉ်တွင် တူကီ ယဲအသင်းက အပြန်အလှန်ဖိအား ပေးမှုများဖြင့် တုံ့ပြန်ကစားနိုင်ခဲ့ပြီး ပထမပိုင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ဒုတိယ ပိုင်းပွဲကစားချိန်တွင် ကစားအား ကျဆင်းလာသည့် တူကီယဲအသင်း ကို နယ်သာလန်အသင်းက ပွဲကစား ချိန် မိနစ် ၇၀ တွင် ဒီဗရီ၊ ပွဲချိန် ၇၆ မိနစ်တွင် တူကီယဲကစားသမား မူလ်ဒါတို့၏ ကိုယ့်ဂိုးကိုယ် သွင်းယူ မှုကြောင့် နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင် ရခဲ့ကာ ဆီမီးဖိုင်နယ်သို့ ရောက်ရှိ ခဲ့ပြီး အင်္ဂလန်အသင်းနှင့် ထိပ်တိုက် တွေ့ဆုံခဲ့သည်။

အဆိုပါ အင်္ဂလန်အသင်းနှင့် နယ်သာလန်အသင်းတို့၏ ဆီမီး ဖိုင်နယ်ပွဲစဉ်ကို လာမည့် ဇူလိုင် ၁၁ ရက်တွင် ဒေါ့မွန်မြို့ အားကစားကွင်း တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)တွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ



**ရန်ကုန် ဇူလိုင် ၇**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပသည့် မြန်မာနေရှင် နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁) ပွဲစဉ်များ ကို ယနေ့ညနေပိုင်းက ကျင်းပရာ ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ နိုင်ပွဲ ကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁)အဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်းတွင် ရှမ်း ယူနိုက်တက်အသင်းနှင့် မြဝတီ အက်ဖ်စီသင်းတို့ ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက် တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၆၉ မိနစ်တွင် မာ့ခ်ဆာကီက သွင်းယူခဲ့ခြင်းဖြစ်သည်။

အလားတူ ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်း ဟံသာဝတီယူနိုက် တက်အသင်းနှင့် ဒဂုံပေါ့အသင်းတို့ ကစားခဲ့ရာ ဟံသာဝတီယူနိုက်တက် အသင်းက လေးဂိုး သုံးဂိုးဖြင့် အနိုင် ရရှိခဲ့ပြီး ဟံသာဝတီယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၄ မိနစ်တွင် ဝင်းမိုးကျော်၊ ပွဲချိန် ၅၄ မိနစ်နှင့် ၆၇ မိနစ်တွင် စိုးကျော်ကျော်၊ ပွဲချိန် ၈၈ မိနစ် တွင် ရန်နိုင်အောင်၊ ဒဂုံပေါ့အသင်း အတွက် သွင်းဂိုးများကို ပွဲချိန် ၉ မိနစ်နှင့် ပွဲချိန် ၇၉ မိနစ်တွင် Mogou၊ ပွဲချိန် ၄၆ မိနစ်တွင် မျိုးဆက်ပိုင်တို့က သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။

ဆက်လက်ပြီး ပုသိမ်မြို့နယ် အားကစားကွင်းတွင် ရောဝတီ ယူနိုက်တက်အသင်းနှင့် ရတနာပုံ အက်ဖ်စီအသင်းတို့ ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ရောဝတီယူနိုက်တက် အသင်း အတွက် သွင်းဂိုးကို ပွဲချိန် ၄၅ မိနစ် တွင် အောင်ပြည့်ဖြိုး၊ ရတနာပုံ အက်ဖ်စီအသင်းအတွက် သွင်းဂိုး ကို ပွဲချိန် ၈၅ မိနစ်တွင် ပြည့်မိုး က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

**STA**

# Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**ရန်ကုန် ဇူလိုင် ၇**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီ က ကြီးမှူးကျင်းပလျက်ရှိသည့် Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ကို ယနေ့နံနက် ၈ နာရီမှစတင်ပြီး MFF Futsal Stadium တွင် ကျင်းပခဲ့ကြောင်း သိရသည်။

Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ အုပ်စု ပွဲစဉ်များအဖြစ် ယနေ့နံနက် ၈ နာရီတွင် Team Starboyz အသင်းနှင့် College FC အသင်း တို့ကစားခဲ့ရာ College FC အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်လည်း ကောင်း၊ နံနက် ၉ နာရီခွဲတွင် TGL FC အသင်းနှင့် Pyit Tine Htaung အသင်းတို့ ကစားခဲ့ရာ Pyit Tine Htaung အသင်းက ၁၁ ဂိုး သုံးဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီတွင် Seven FC အသင်းနှင့် MSK FC အသင်းတို့ ကစားခဲ့ရာ Seven FC အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိ ခဲ့ကြသည်။

ဆက်လက်ပြီး မွန်းလွဲ ၁၂ နာရီ ခွဲတွင် Iconic FC အသင်းနှင့် Kyal Sin Linn FC အသင်းတို့ ကစားခဲ့ရာ Kyal Sin Linn FC အသင်းက ကိုးဂိုး တစ်ဂိုးဖြင့်လည်း ကောင်း၊ မွန်းလွဲ ၂ နာရီတွင် Let Wel Youth အသင်းနှင့် 5 TWSP FC အသင်းတို့ ကစားခဲ့ရာ Let Wel Youth အသင်းက ခြောက်ဂိုး လေးဂိုးဖြင့်လည်းကောင်း၊ ညနေ ၃ နာရီတွင် FFY Youths အသင်း နှင့် Warn Brothers FC အသင်း တို့ကစားခဲ့ရာ Warn Brothers FC အသင်းက လေးဂိုး သုံးဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင် ရရှိခဲ့ကြကြောင်း သိရသည်။

**STA**

# ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံဟောင်း ဂိုလော့ဗ်ကင် လက်ဝှေ့လောကမှ အနားယူမည့်သတင်းများကို ငြင်းဆို

**အက်စ်တာနာ ဇူလိုင် ၇**

လက်ဝှေ့လောက၏ ထိုးချက် အပြင်းဆုံးသော လက်ဝှေ့သမား စာရင်းဝင်တစ်ဦးဖြစ်သည့် ကာဇက် စတန်လက်ဝှေ့သမား ဂိုလော့ဗ်ကင် (GGG) သည် လက်ဝှေ့လောကမှ အနားယူမည်ဟု သတင်းများက ဖော်ပြနေခြင်းမှာ မမှန်ကန်ကြောင်း ယနေ့တွင် ငြင်းဆိုပြောကြားခဲ့သည်။

ဂိုလော့ဗ်ကင်သည် လက်ဝှေ့ သမားဘဝ သက်တမ်းတစ်လျှောက် စိန်ခေါ်ပွဲပေါင်း ၄၅ ပွဲထိ ထိုးသတ်ခဲ့ရာ ရှုံးပွဲနှစ်ပွဲသာရှိခဲ့သည့် ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း ပြိုင်ဘက် ကင်းချန်ပီယံအဖြစ် ကာလရှည် ရပ်တည်နိုင်ခဲ့သူလည်းဖြစ်ပြီး ရှုံးနိမ့် ခဲ့သည့် ပွဲစဉ်နှစ်ပွဲမှာလည်း မက္ကဆီကိုလက်ဝှေ့သမား ကန်နဲလို အယ်ဗာရက်ဇ်အား နှစ်ပွဲဆက် တိုက်ရှုံးနိမ့်ခဲ့ရပြီးနောက် ကမ္ဘာ့ ချန်ပီယံခါးပတ်များအား လက်လွှတ် ဆုံးရှုံးခဲ့ရသည့်အပြင် ကန်နဲလို အယ်ဗာရက်ဇ်အား ထပ်မံစိန်ခေါ် ခွင့် ရတော့မည်မဟုတ်သည့် အတွက် လက်ဝှေ့လောကမှ အနားယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ် ကြောင်း သတင်းများက ဖော်ပြခဲ့ ကြသည်။

ဂိုလော့ဗ်ကင်က "လက်ဝှေ့ လောကထဲ ဘယ်တော့မှပြန်မဝင် တော့ဘူးဆိုတဲ့ စကားမျိုးကို ကျွန်တော်တစ်ခါမှ မပြောဖူးပါဘူး။ လက်ရှိ ကာဇက်စတန်အိုလံပစ် အားကစားကော်မတီ ဥက္ကဋ္ဌ အဖြစ် တာဝန်ထမ်းဆောင်နေရတာ အဆင်ပြေနေပါတယ်။ အိုလံပစ် အားကစားပွဲတော်တွေမှာ ပါဝင် ယှဉ်ပြိုင်နိုင်ရေးအတွက် အကောင်း ဆုံး ကြိုးစားပေးနေပါတယ်။ ကျွန်တော့်အနေနဲ့ လက်ဝှေ့လောက ကနေ အပြီးသတ်အနားယူလိုက် တာမျိုး မဟုတ်သေးတဲ့အတွက် သင့်တော်တဲ့ စိန်ခေါ်မှုတွေရောက် လာရင်တော့ ကြိုးဝိုင်းထဲ ပြန်ဝင် ဖြစ်မယ်လို့ ထင်ပါတယ်ဟု" ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ် စဝီယာတက်ခ် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ တတိယအဆင့်၌ရှုံးနိမ့်

**လန်ဒန် ဇူလိုင် ၇**

လန်ဒန်မြို့တွင် ကျင်းပနေ သည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ တွင် ကမ္ဘာ့အဆင့်(၁)နေရာ၌ ရပ်တည်နေသည့် ပိုလန်တင်းနစ် မယ် စဝီယာတက်ခ်သည် တတိယ အဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ကာဇက် စတန်တင်းနစ်မယ် ပူတင်ဆီဗာနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ပူတင်ဆီဗာ က (၃-၆၊ ၆-၁၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ပထမပွဲငယ်တွင် ပြတ်သား သည့်ရလဒ်ဖြင့် အနိုင်ရခဲ့သည့် စဝီယာတက်ခ်သည် ဒုတိယပွဲငယ် နှင့် တတိယပွဲငယ်တို့တွင် အမှား များခဲ့ပြီး ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

နိုင်ခြေအဆင့်(၁)အဖြစ် သတ် မှတ်ခံထားရသလို ဗိုလ်စွဲရန် ရေပန်း စားနေသည့်ပြိုင်ပွဲဝင်များစာရင်းတွင် ထိပ်ဆုံးမှဦးဆောင်နေသည့် စဝီ ယာတက်ခ်သည် အရှုံးရလဒ်နှင့် ပတ်သက်ပြီး စိတ်ပျက်မိကြောင်း လည်း ထုတ်ဖော်ပြောကြားခဲ့သည်။

စဝီယာတက်ခ်က "ကျွန်မ အတွက် မြက်ကွင်းမှာကစားရတာ မလွယ်ကူပါဘူး။ ရလဒ်မကောင်းခဲ့ ဘူးဆိုပေမဲ့လဲ ဒီလောက်အထိ ကစားနိုင်တာကိုပဲ ကျေနပ်မိ ပါတယ်။ ဝင်ဘယ်ဒန်က မှတ်တမ်း မကောင်းတဲ့ အခြေအနေကို ချေဖျက်နိုင်ခြင်း မရှိသေးတာကို တော့ စိတ်ပျက်မိပါတယ်။ နည်းပြ အဖွဲ့တွေကတော့ ကျွန်မအတွက် အကောင်းဆုံး ပြင်ဆင်ညွှန်ကြားမှု တွေ ပြုလုပ်ပေးခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**



# အစ္စရေး၏ထိုးစစ်ကိုဟန့်တားနိုင်သော ဟစ်ဇ်ဘိုလာ၏ဒရုန်းများ

လက်ဘနွန်လက်နက်ကိုင်အဖွဲ့ဖြစ်သည့် ဟစ်ဇ်ဘိုလာအဖွဲ့သည် အစ္စရေးနိုင်ငံ ဟိုင်ဖာမြို့နှင့်ပတ်ဝန်းကျင်အပေါ် ပျံသန်းခဲ့သော ဒရုန်းများအနက်မှ ဒရုန်းတစ်စင်းက ရိုက်ကူးခဲ့သောဗီဒီယိုဖိုင်ကို မကြာသေးမီက ထုတ်ပြန်သွားခဲ့သည်။ အမေရိကန်အထူးသံတမန် အမိုစ်ဟိုချာစတိန်းသည် အစ္စရေးနယ်စပ်မှ ဟစ်ဇ်ဘိုလာအဖွဲ့များ ဆုတ်ခွာပေးရေးဖိအားပေးရန်အတွက် လက်ဘနွန်နိုင်ငံရေးခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးနိုင်ရေးကြိုးပမ်းမှုတစ်ရပ်အနေဖြင့် ဘေရွတ်မြို့သို့သွားရောက်ခဲ့ပြီး မရှေးမနှောင်းမှာပင် ဟစ်ဇ်ဘိုလာတို့က ထိုဗီဒီယိုဖိုင်ကိုထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ဟိုချာစတိန်း၏ခရီးစဉ်ပြီးနောက် ဟစ်ဇ်ဘိုလာတို့သည် Hoopoe ဟု ခေါ်ဆိုသည့်ဒရုန်းများအနက်မှ ဒရုန်းတစ်စင်းကမှတ်တမ်းတင်ထားသောရုပ်ပုံများကို ထုတ်ပြန်ခဲ့သဖြင့် အစ္စရေးနိုင်ငံအတွင်းရှိ အရပ်ဘက်နှင့်စစ်ဘက်ဆိုင်ရာမဟာဗျူဟာမြောက်အခြေခံအဆောက်အအုံများကို မီးမောင်းထိုးပြသနိုင်ခဲ့သည်။

ထို့ပြင် ဟစ်ဇ်ဘိုလာအဖွဲ့၏အထွေထွေအတွင်းရေးမှူး ဟာဆန်နာဆာရယ်လက်ရှိကလည်း ဟစ်ဇ်ဘိုလာတို့အနေဖြင့် အစ္စရေးနိုင်ငံအတွင်းရှိပစ်မှတ်မှန်သမျှကို တိုက်ခိုက်နိုင်စွမ်းရှိကြောင်း ထပ်လောင်းပြောကြားသွားခဲ့သည်။ ဒရုန်းဖြင့် ရိုက်ကူးထားသောဗီဒီယိုဖိုင်သည် ဟစ်ဇ်ဘိုလာတို့၏ နည်းပညာပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များတိုးတက်လာမှုကို သက်သေပြသလျက်ရှိသည်။ အစ္စရေးနိုင်ငံက လက်ဘနွန်ကို ကျူးကျော်တိုက်ခိုက်လာမည်ဆိုလျှင် ဟစ်ဇ်ဘိုလာအနေဖြင့် စစ်ပွဲအတွင်း အစ္စရေးနိုင်ငံ၌ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်လာအောင် တိုက်ခိုက်သွားမည်ဆိုသောသဘောလည်း သက်ရောက်လျက်ရှိသည်။

**ဒရုန်းများအသုံးပြုခြင်း**

ဂါဇာကမ်းမြောင်ဒေသအပေါ် အစ္စရေး၏တိုက်ခိုက်နေမှုများကို တုံ့ပြန်သည့်အနေဖြင့် ဟစ်ဇစ်ဘိုလာအဖွဲ့သည် ၂၀၂၃ ခုနှစ် အောက်တိုဘာလက လက်ဘနွန်နယ်စပ်တစ်လျှောက်ရှိ အစ္စရေးတို့၏စစ်အခြေစိုက်စခန်းများကို တိုက်ခိုက်လျက်ရှိသည်။ အစ္စရေးစစ်ဘက်သည် လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိနေရာများစွာကို အမြောက်များနှင့် ပစ်ခတ်ခြင်းအပြင် လေကြောင်းတိုက်ခိုက်မှုများကိုလည်း လုပ်ဆောင်လျက်ရှိသည်။ လက်ဘနွန်ပြည်သူ ရာပေါင်းများစွာသည် သေဆုံးခဲ့ရပြီး နှစ်နိုင်ငံနယ်စပ်ရှိ ပြည်သူများသည် ထွက်ပြေးတိမ်းရှောင်ရလျက်ရှိသည်။

အစ္စရေးမီဒီယာများက စစ်ဘက်အနေဖြင့် ဟစ်ဇ်ဘိုလာ၏ ဒရုန်းကို ရွေးချယ်ပစ်ခတ်သွားမည်မဟုတ်ကြောင်းပြောဆိုလျက်ရှိသဖြင့် ပြည်သူများသေကျေထိခိုက်မှုအတွက် စိုးရိမ်ပူပန်မှုမြင့်တက်လျက်ရှိသည်။ မည်သို့ပင်ဆိုစေ အစ္စရေးတို့အနေဖြင့် ပဋိပက္ခအတွင်း ရန်သူ့ဒရုန်းများကို ကြားဖြတ်တိုက်ခိုက်နိုင်စွမ်းမရှိခြင်းသည် ခြေရာခံစွမ်းဆောင်ရည်များ လုံလောက်မှုမရှိကြောင်း ရည်ညွှန်းဖော်ပြလျက်ရှိသည်။ အထူးသဖြင့် တိုင်းပြည်အချုပ်အခြာပိုင်နက်အပေါ် ပျံသန်းလာသောပြည်ပလေယာဉ်တစ်စင်းကို ရေပြင်သို့မဟုတ် လူမနေသည့်နေရာများတွင် ပစ်ချခြင်းသည် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို လျှော့ချနိုင်မည်ဖြစ်သည်။

နည်းပညာပိုင်းဆိုင်ရာ တိုးတက်လာခြင်းသည် ဟစ်ဇ်ဘိုလာတို့အား စွမ်းဆောင်ရည်မြင့်မားလာစေပြီး ကာကွယ်ရေးစွမ်းဆောင်ရည်လည်း မြင့်မားလာစေလျက်ရှိသဖြင့် အစ္စရေးလေကြောင်းအသာစီးရရှိမှုကို ခြိမ်းခြောက်နိုင်သည့်အပြင် ဝေဟင်ကိုလည်း အပြည့်အဝထိန်းချုပ်လာစေနိုင်မည်ဖြစ်သည်။ စွမ်းဆောင်ရည်မြင့်မားသော ဒုံးကျည်များတိုးတက်လာခြင်းအပြင် လက်ဘနွန်နိုင်ငံအပေါ် ကင်းထောက်ရာတွင်အသုံးပြုသည့် Hermes 450 နှင့် Skylark တို့ကဲ့သို့သော အစ္စရေးဒရုန်းများကို ဖျက်ဆီးခြင်းတို့ပါဝင်သည်။

**အပြန်အလှန်ဟန့်တားကာကွယ်ခြင်း**

ပြီးခဲ့သောနှစ်များအတွင်း အစ္စရေးနှင့်ဟစ်ဇ်ဘိုလာကြား ထိပ်တိုက်ရင်ဆိုင်မှုများသည် အပြန်အလှန်



ဟန့်တားကာကွယ်နိုင်ရေးအတွက် အပြန်အလှန်လုပ်ဆောင်လျက်ရှိကြသည်။ မကြာသေးမီလများအတွင်းကပင် ဟစ်ဇ်ဘိုလာအဖွဲ့သည် အစ္စရေးဒရုန်းများကိုပစ်ချခဲ့ပြီး အစ္စရေးစစ်ဘက်အခြေစိုက်စခန်းများကို ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍အစ္စရေးတို့သည် ဟားမတ်စ်နှင့်ဟစ်ဇ်ဘိုလာအဖွဲ့ဝင်များကို ပစ်မှတ်ထားလျက် လက်ဘနွန်နိုင်ငံအတွင်းသို့ လက်တုံ့ပြန်တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည်။ အထူးသဖြင့် လက်ဘနွန်နိုင်ငံတောင်ပိုင်းကို ပစ်မှတ်ထားတိုက်ခိုက်လျက်ရှိသည်။ ၂၀၂၄ ခုနှစ် ဇွန်လအတွင်း အစ္စရေးတို့သည် လက်ဘနွန်-အစ္စရေးစစ်မျက်နှာတွင် ဟစ်ဇ်ဘိုလာတပ်မှူး တာလက်ဆာမိအဘက်ဒါလက်ကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။

ထိုသို့တိုက်ခိုက်ပြီးနောက် ဟစ်ဇ်ဘိုလာတို့သည် ၎င်းတို့၏ ထိုးစစ်ကိုအရှိန်မြှင့်တင်ခဲ့ပြီး အစ္စရေးနိုင်ငံအတွင်း ရော့ကတ်များဖြင့် ပစ်ခတ်ခဲ့သည်။ အစ္စရေးတို့အနေဖြင့်လည်း ဟစ်ဇ်ဘိုလာတို့၏တိုက်ခိုက်မှုများကို Google မြေပုံများနှင့် GPS များအသုံးပြုကာ ဟန့်တားခြင်းနှင့် ဟစ်ဇ်ဘိုလာနှင့် အခြားသော လက်နက်ကိုင်အုပ်စုများအသုံးပြုသော ဒရုန်းများ၊ ဒုံးကျည်များနှင့်အခြားသောနည်းပညာများကိုလည်း တုံ့ပြန်တိုက်ခိုက်နိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ ဟစ်ဇ်ဘိုလာအဖွဲ့အနေဖြင့် အဆင့်မြင့်နည်းပညာကိုတိုးမြှင့်အသုံးပြုနေသည့်အချိန်တွင် ခြေရာခံမှုကို ကျော်လွှားနိုင်မည့် နည်းဗျူဟာများကိုလည်း အသုံးချလျက်ရှိသည်။

**Iron Dome စနစ်**

ဟစ်ဇ်ဘိုလာတို့သည် ၂၀၀၆ ခုနှစ်တွင် အစ္စရေးတို့နှင့်စစ်မက်ဖြစ်ပွားခဲ့ပြီးကတည်းက ၎င်း၏စစ်ဘက်နှင့်နည်းပညာဆိုင်ရာများကို သိသိသာသာအဆင့်မြှင့်တင်တည်ဆောက်လျက်ရှိသဖြင့် ပိုမိုကျယ်ပြန့်သော ထိပ်တိုက်ရင်ဆိုင်မှုတွင် အစ္စရေးစစ်ဘက်ကို ခြိမ်းခြောက်မှုပိုမိုဖြစ်ပေါ်စေနိုင်မည်ဖြစ်သည်။

မကြာသေးမီအချိန်အတွင်းကပင် ဟစ်ဇ်ဘိုလာအဖွဲ့က Iron Dome တပ်ခွဲတစ်ခုကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်းပြောဆိုခဲ့သော်လည်း အစ္စရေးစစ်ဘက်ကမူ ၎င်းတို့၏ဒုံးကျည်များတိုက်ခိုက်ဖျက်ဆီးခံရခြင်းမရှိကြောင်း ပြောဆိုလျက်ရှိသည်။ Iron Dome သည် အစ္စရေးနိုင်ငံကို ရန်သူတို့၏ ဒုံးကျည်များနှင့် ဒရုန်းများ၏ခြိမ်းခြောက်မှုမှကာကွယ်နိုင်ရန် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်သည်။ အစ္စရေးနိုင်ငံသည် နိုင်ငံတစ်ဝန်း၌ Iron Dome တပ်ခွဲများကိုတပ်ဖြန့်ချထားပြီး ဝင်ရောက်လာသောပစ်မှတ်များကို ခြေရာခံရန် ရေဒါကိုအသုံးပြုပြီး ၎င်းဒရုန်းများကို တိုက်ခိုက်ရန် ကြားဖြတ်ဒုံးကျည်များကို အသုံးပြုလျက်ရှိသည်။ အစ္စရေးနိုင်ငံအနေဖြင့် Iron Dome ၏ကြားဖြတ်တိုက်ခိုက်နိုင်မှုနှုန်းကို အဆင့်မြှင့်တင်လျက်ရှိသော်လည်း ၎င်းစနစ်သည် ဟစ်ဇ်ဘိုလာနှင့်ဖြစ်ပွားသော စစ်ပွဲ၌ ချေမှုန်းခံရဖွယ်ရှိကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောဆိုလျက်ရှိသည်။

**စိတ်ဓာတ်စစ်ဆင်ရေး**

အစ္စရေးနိုင်ငံအနေဖြင့် ၎င်း၏ နိုင်ငံရေးနှင့်စစ်ရေးရည်မှန်းချက်များ ဆက်လက်အကောင်အထည်ဖော်ရာတွင် ကန့်သတ်ထိန်းချုပ်သွားဖွယ်ရာမရှိကြောင်းကို ဟစ်ဇ်ဘိုလာတို့က ကောင်းစွာသဘောပေါက်ထားပြီးဖြစ်သည်။ အစ္စရေးတို့၏စစ်ရေးဆိုင်ရာမဟာဗျူဟာသည် အရပ်ဘက်ဆိုင်ရာ အခြေခံအဆောက်အအုံများကို ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်စေလျက်ရှိကြောင်း ဂါဇာကမ်းမြောင်ဒေသတွင် ဗုံးကြဲမှုများက သက်သေပြလျက်ရှိသည်။ အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုများနှင့် ကျူးကျော်တိုက်ခိုက်ရန် ခြိမ်းခြောက်မှုများသည် လက်ဘနွန်တောင်ပိုင်းတွင် ပြည်သူ ၉၅၀၀၀ ကို ထွက်ပြေးရန် ဖိအားပေးလျက်ရှိသည်။

ဟာဆန်နာဆာရယ်လက်ရှိက ဟစ်ဇ်ဘိုလာအဖွဲ့အနေဖြင့် ၎င်း၏ စွမ်းဆောင်ရည်များကို အပြည့်အဝ လှစ်ဟပြသခြင်းမရှိသေးကြောင်းနှင့် ပြင်းထန်သော တိုက်ခိုက်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အလေးထားပြောကြားသွားခဲ့သည်။ ဆိုရလျှင် ဟစ်ဇ်ဘိုလာအဖွဲ့အနေဖြင့် အစ္စရေးနိုင်ငံကိုစိတ်ဓာတ်စစ်ဆင်ရေးဆင်နွှဲရန် မဟာဗျူဟာကျင့်သုံးလျက်ရှိပြီး လက်ရှိတင်းမာမှုသည် ၎င်းတို့၏မဟာဗျူဟာတိုးတက်မှုကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။ ဟစ်ဇ်ဘိုလာတို့သည် ပွတ်တိုက်မှုဖြစ်ရန် ကြိုးပမ်းလျက်ရှိသောကြောင့် အစ္စရေးနိုင်ငံမြောက်ပိုင်းရှိ ပြည်သူများအနေဖြင့် ဟစ်ဇ်ဘိုလာတို့ကအခြေအနေကိုထိန်းချုပ်နေပြီဖြစ်ကြောင်း အထင်ကြီးစိတ်ဝင်ကာ စိတ်အနှောင့်အယှက်ဖြစ်လာလျက်ရှိသည်။

ဟစ်ဇ်ဘိုလာတို့၏ စိတ်ဓာတ်စစ်ဆင်ရေးသည် လက်တွေ့သက်ရောက်မှုရှိလာနေပြီဖြစ်သည့်အတွက် အစ္စရေးခေါင်းဆောင်များကို အချိုးအစားမမျှတသောတုံ့ပြန်မှုများကို ရှောင်ရှားစေလျက်ရှိပြီး အစ္စရေးပြည်သူများအနေဖြင့် အခြေအနေကိုထိန်းချုပ်ရန် ၎င်းတို့အစိုးရ၏ စွမ်းဆောင်နိုင်စွမ်းမရှိမှုအပေါ် စိုးရိမ်ပူပန်မှုမြင့်တက်လာလျက်ရှိသည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ အစ္စရေးပြည်သူ ၉၆၀၀၀ ကျော်သည် နိုင်ငံမြောက်ပိုင်းမှ ထွက်ပြေးရလျက်ရှိသည်။

အစ္စရေးစစ်ဘက်က ၎င်းတို့အနေဖြင့် လက်ဘနွန်တွင်ထိုးစစ်ဆင်ရန်အတွက် စစ်ဆင်ရေးဆိုင်ရာစီမံကိန်းများကို အတည်ပြုထားပြီးဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။ အစ္စရေးစစ်ဘက်အနေဖြင့် ဟစ်ဇ်ဘိုလာတို့အနက် စွမ်းဆောင်ရည်သာလွန်သည်မှာ ငြင်းဆို၍မရနိုင်သော်လည်း ကျယ်ပြန့်သောစစ်ပွဲတစ်ရပ်ဖြစ်လာတော့မည်ဆိုသောအချက်ကိုမူ အသိအမှတ်ပြုနေရပြီဖြစ်သည်။ စစ်ပွဲအတွင်း၌လျှပ်စစ်ဓာတ်အားပေးစနစ်များကဲ့သို့သော အခြေခံအဆောက်အအုံများ တိုက်ခိုက်ဖျက်ဆီးခံရဖွယ်ရှိကြောင်း အစ္စရေးတာဝန်ရှိသူများက သတိပေးတပ်လှန့်ထားသည်။

အစ္စရေးတပ်မတော်အနေဖြင့် အကြီးစားစစ်ပွဲကြီးများမဆင်နွှဲသည်မှာ နှစ်ပေါင်းအတော်ကြာနေပြီဖြစ်သည့်အတွက် ဂါဇာကမ်းမြောင်ဒေသတွင် တဖြည်းဖြည်းစစ်နွံနစ်လာဖွယ်ရာရှိသည်။ ထိုအတောအတွင်း ဟစ်ဇ်ဘိုလာအဖွဲ့သည် လွန်ခဲ့သောဆယ်စုနှစ်ကို ဆီးရီးယား၌ တိုက်ပွဲများဆင်နွှဲရင်းကုန်ဆုံးခဲ့သဖြင့် တိုက်ပွဲအတွေ့အကြုံများစွာ ရရှိထားသည်။ ထို့ပြင် စစ်ပွဲအရှိန်မြင့်တက်လာမည်ဆိုလျှင် အီရန်၊ အီရတ်၊ ယီမင်နိုင်ငံတို့ရှိ ဟစ်ဇ်ဘိုလာအဖွဲ့၏ မဟာမိတ်များသည်စစ်ပွဲအတွင်း ပါဝင်လာနိုင်ပေသည်။

လက်ရှိအချိန်တွင် သက်ဆိုင်သူအားလုံးအနေဖြင့် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်သွားရန် များစွာအရေးပါလျက်ရှိသည်။ တိုက်ခိုက်မှုများနှင့်အဖျက်အမှောင့်လုပ်ငန်းများသည် ဒေသတွင်းရှိ ပြည်သူအားလုံး၏အနာဂတ်သာယာဝပြောမှုလုပ်ငန်းစဉ်များကို အတားအဆီးများဖြစ်ပေါ်စေမည်ဖြစ်သည်။ ထို့ကြောင့်ပြည်သူများ၏ လုံခြုံမှုနှင့် ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်ရန်နှင့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် အရှေ့အလယ်ပိုင်းပဋိပက္ခကိုစေ့စပ် ဆွေးနွေးညှိနှိုင်းအဖြေရှာသည့်နည်းလမ်းဖြင့်သာလျှင် ဖြေရှင်းသွားနိုင်မည်ဖြစ်ပေသည်။

**ကိုးကား**

- **Hezbollah brandishing drones to deter an Israel war By Asia Times.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ရွှေကြည်ငွေကြည် ရုပ်ရှင်ဇာတ်ကား ဇူလိုင်လတွင် ရုံတင်ပြသမည်




**ရန်ကုန် ဇူလိုင် ၇**

ခေတ်သစ်အရှက်ဦး ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ရွှေကြည်ငွေကြည် ရုပ်ရှင်ဇာတ်ကား ဇူလိုင်လတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် အောင်ခိုင်က ပြောပြ၍ သိရသည်။

ရွှေကြည်ငွေကြည် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ကြယ်စင်မင်းက ရေးသားထားပြီး ဇာတ်ညွှန်းကို မင်းကိုစိုး(နေတ်သံကွင်း)က ရေးသားထားကာ ဒါရိုက်တာ ကိုဇော်(အရှက်ဦး)က ခေတ်သစ်အရှက်ဦး ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားကတော့ အချစ်ဟာသဇာတ်မြူးလေးပါ။ နာမည်တူနေတဲ့ သားမက်နဲ့ ယောက္ခမနှစ်ယောက်ရဲ့ အလွဲလေးတွေနဲ့ ဘဝအမောတွေပြေစေမဲ့ ဇာတ်ကားကောင်းလေးလို့ ပြောချင်ပါတယ်"ဟု သရုပ်ဆောင် အောင်ခိုင်က ပြောပြသည်။

ရွှေကြည်ငွေကြည် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ရွှေထူး၊ အောင်ခိုင်၊ ခင်လှိုင်၊ ဆင်မ၊ ကေညီ၊ သီဟ၊ ရွှေအိုး၊ ခင်ဝင့်ဝါ၊ မေသဉ္ဇာဦး၊ မျိုးမျိုးခိုင်၊ အယ်လီနာ၊ ဂွမ်းပုံကြီးနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# ၂၀၂၄ ခုနှစ် ပြည်တွင်းဝင်ငွေအကောင်းဆုံးဇာတ်ကား

## Bad Boys: Ride or Die ဖြစ်လာ

**နယူးယောက် ဇူလိုင် ၇**

Bad Boys: Ride or Die ဇာတ်ကားသည် ၂၀၂၄ ခုနှစ် ပြည်တွင်းဝင်ငွေ အကောင်းဆုံး ဇာတ်ကားဖြစ်လာကြောင်း ဇူလိုင် ၆ ရက် သတင်းများအရ သိရသည်။

Bad Boys: Ride or Die ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာလည်း ဇူလိုင် ၅ ရက်တွင် အမေရိကန်ဒေါ်လာ ၃၃၅ သန်းထိရှိလာပြီဖြစ်သည်။


Bad Boys: Ride or Die ဇာတ်ကား၏ လက်ရှိဝင်ငွေကြောင့် Bad Boys ဇာတ်ကားအားလုံး၏ စုစုပေါင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ထိရှိလာခဲ့ပြီဖြစ်သည်။

Bad Boys: Ride or Die ဇာတ်ကားသည် Bad Boys ဇာတ်ကားများအနက် စတုတ္ထမြောက် Bad Boys ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် မူလ Bad Boys ဇာတ်ကားများမှ ပင်တိုင်သရုပ်ဆောင်များဖြစ်ကြသော မင်းသား ဝီစမစ်နှင့် မာတင်လောရင့်တို့ ပြန်လည်ပါဝင်သရုပ်ဆောင်ထားသည်။

Bad Boys: Ride or Die ကို ဒါရိုက်တာ အဒီးအယ်အာဘီနှင့် ဘီလားဖာလားတို့က တာဝန်ယူရိုက်ကူးပေးထားပြီး ၄၄ ၇ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**





# အဆိုတော် ပြုံးမြသွယ် သီဆိုထားသည့် အသဲကွဲလူငယ် သီချင်း ထွက်ရှိ

**ရန်ကုန် ဇူလိုင် ၇**

အဆိုတော် ပြုံးမြသွယ် ကိုယ်တိုင်ရေးဖွဲ့သီဆိုထားသည့် အသဲကွဲလူငယ် Single Song တေးသီချင်း ယနေ့တွင် ထွက်ရှိလာကြောင်း ၎င်းက ပြောပြ၍ သိရသည်။

အသဲကွဲလူငယ် သီချင်း အမျိုးအစားမှာ Pop၊ Rap အမျိုးအစားဖြစ်ပြီး Jersey Club အမြူးဖန်တီးထားကြောင်း၊ တေးသီချင်းကို Cole Bryan တီးဝိုင်းနှင့်အတူ တွဲဖက်တီးခတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

"ပြုံးအနေနဲ့ သီချင်းတွေကို ကိုယ်တိုင်ရေးတော့ ကိုယ်လုပ်ချင်တာ၊ ပြင်ချင်တာတွေ အကုန်ပြင်လို့ရတယ်။ စိတ်ကြိုက် ဖန်တီးခွင့်ရှိတယ်လို့ မြင်ပါတယ်။ ပိုပြီးလဲ အားရပါတယ်။ အခြားတေးရေးသီချင်းတွေဆိုရတဲ့အခါ တာဝန်ကြီးတယ်လို့ ပိုထင်မိပါတယ်။ အခုထိ အားပေးနေကြသော နားဆင်သူတစ်ယောက်ချင်းဆီတိုင်းကို ကျေးဇူးတင်ပါတယ်။ ဒီထက်မကလဲ




ပိုကောင်းအောင် ကြိုးစားပါအုံးမယ်။ သီချင်းလေးထွက်ရင်လဲ ခံစားနားဆင် ဝေဖန်ပေးကြပါအုံး"ဟု အဆိုတော် ပြုံးမြသွယ်က ပြောပြသည်။

အဆိုတော် ပြုံးမြသွယ်၏ အသဲကွဲလူငယ် Single Song တေးသီချင်းကို ယနေ့တွင် Lyrics Video နှင့် Pyonn Mya Thwe၊ Poppy Pyonn YouTube Channel မှ ဖြန့်ချိထားကြောင်း၊ အဆိုတော် ပြုံးမြသွယ်၏ ကိုယ်တိုင်ရေး Single Song တေးသီချင်းများဖြစ်သည့် My Boo၊ 18၊ Waiting၊ You၊ Me Myself & I၊ Vroom Vroom၊ A Chit Yuu၊ မလိုချင်တော့ပါဘူး စသည့်တေးသီချင်း ၁၀ ပုဒ်ကျော် ထွက်ရှိထားကြောင်း သိရသည်။

ASH

# စီလီယံမာဖီပါဝင်သော Steve ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းများ ပြီးဆုံး

**နယူးယောက် ဇူလိုင် ၇**

အော်စကာဆုရ မင်းသား စီလီယံမာဖီ ပါဝင်သရုပ်ဆောင်ထားသော Steve ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်း ပြီးဆုံးပြီဖြစ်ကြောင်း ဇူလိုင် ၆ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသည် စာရေးဆရာ မက်ပေါ်တာ၏ Shy အမည်ရှိ စိတ္တဇဝတ္ထုကို အခြေခံရိုက်ကူးထားသည့်ဇာတ်ကားဖြစ်သည်။

Steve ဇာတ်ကားကို ဒါရိုက်တာ တင်ဝိုင်းလန့်က ရိုက်ကူးခဲ့ပြီး ရိုက်ကူးရေးလုပ်ငန်းများကို ဗြိတိန်နိုင်ငံ၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားတွင် မင်းသား စီလီယံမာဖီနှင့်အတူ မင်းသား ဂျေးလိုင်ကာဂိုလည်း ပါဝင်ထားကြောင်း သိရသည်။

လက်ရှိတွင် Steve ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

မင်းသား စီလီယံမာဖီသည် Oppenheimer ဇာတ်ကားဖြင့် အကောင်းဆုံး အမျိုးသားဇာတ်ဆောင် အော်စကာဆုကို ရရှိထားသူဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**




# အချစ်နှံ့ ဇာတ်လမ်းတွဲကို Channel K ရုပ်သံလိုင်းမှ ဇူလိုင် ၁၄ ရက်တွင် ထုတ်လွှင့်ပြသမည်

**ရန်ကုန် ဇူလိုင် ၇**

Tape Pictures Film Production က ရိုက်ကူးထုတ်လုပ်သည့် အချစ်နှံ့ ဇာတ်လမ်းတွဲကို ဇူလိုင် ၁၄ ရက်တွင် Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲ၌ ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် အောင်ရဲထိုက်က ပြောပြ၍ သိရသည်။




အချစ်နှံ့ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို အေးသီရိကိုက ရေးသားထားပြီး ဒါရိုက်တာ သန့်ဇင်က Tape Pictures Film Production အတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ကြောင်လေးတစ်ကောင်ကို အဖော်ပြုရင်း ဘဝကိုအထီးကျန်စွာဖြတ်သန်းနေတဲ့ အောင်ခန့်ဆိုတဲ့ သင်တန်းဆရာလေးကို သူ့ရဲ့ သင်တန်းသူဖြစ်တဲ့ သီရိဆိုတဲ့ ကောင်မလေးက စိတ်ဝင်စားနေတယ်ဆိုတာ အောင်ခန့်က မရိပ်မိခဲ့ဘူး။ တစ်ဖက်မှာတော့ သီရိကို ရူးရူးမူးမူးစိတ်ဝင်စားနေတဲ့ သီဟဆိုတဲ့သူတစ်ယောက်က သီရိကို ပိုင်ဆိုင်ဖို့အတွက် ဘာမဆိုလုပ်မဲ့ အခြေအနေထား။ ဒီသုံးပွင့်ဆိုင် အချစ်ဒရာမာ ဇာတ်လမ်းလေးမှာ ဘယ်လိုအလှည့်အပြောင်းတွေ ဘယ်လိုလျှို့ဝှက်ချက်တွေ ပေါ်လာမလဲ။ ဘာတွေဆက်ဖြစ်မလဲဆိုတာ ဖန်သားပြင်မှာ ရှုစားပေးပါ"ဟု သရုပ်ဆောင် အောင်ရဲထိုက်က ပြောပြသည်။

အချစ်နှံ့ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် အောင်ရဲထိုက်၊ အောင်ဇေယျမင်းထင်၊ ဟင်နရီ၊ ကျော်ဇော်၊ သီရိစိုး၊ ကိုကိုး၊ သီရိကျော်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း၊ အဆိုပါဇာတ်လမ်းတွဲကို ဇူလိုင် ၁၄ ရက်မှစတင်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေ နေ့တိုင်း ည ၇ နာရီတွင် Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသပေးမည်ဖြစ်ကြောင်း သိရသည်။

ASH

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win attends Myanmar-China meeting



Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win attends the Myanmar-China meeting.

**Nay Pyi Taw July 7**

Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win who was in Qingdao to attend green development forum of Shanghai Cooperation Organization (SCO) took part in Myanmar-China meeting held at Anren Hall of Qingdao International Conference Center at 5pm local standard time.

Present at the meeting together with the Vice-Senior General were Deputy Minister for Natural Resources and Environmental Conservation U Min Thu, Myanmar Ambassador to China U Tin Maung Swe, Director General of Protocol Department U Zaw Tun Oo, Military Attaché Brig-Gen Zaw Zaw Naing, and officials. Vice Chair of National Committee of Chinese People's Political Counsel Conference Chair of Good Neighborly and Friendly Relations and Cooperation Commission of SCO Ms. Shen Yueyue was accompanied by Secretary of Shandong Province Committee Mr. Lin Wu, Vice Secretary of Shandong Province Committee Administrator Mr. Zhou Naixiang, Vice Chair of Good Neighborly and Friendly Relations and Cooperation Committee of SCO Ms. Cui Li and officials.

At the meeting views on efforts to develop paukphaw relations based on five principles of peaceful co-existence, promotion of partnership and multiple strategic cooperation, peace and stability at the common border, cooperation to ensure cent percent security for projects, sharing information between two countries for anti-illegal border crossing, anti-online gambling and counter-narcotic campaigns, efforts to increase bilateral trade, enhancement of economic cooperation and investments, and SAC's endeavours for successful holding of multiparty democracy general election through the implementation of five-point roadmap were cordially exchanged.

After the meeting, Vice-Senior General Soe Win and Ms. Shen Yueyue posed for documentary photo.

In the evening, the Myanmar delegation led by Vice-Senior General Soe Win attended the dinner hosted by Ms. Shen Yueyue at Yellow River Hall of Qingdao International Conference Center together with other delegates to the forum. 100

# More than K9.623 billion disbursed for monsoon crop growers this year

**Mandalay July 7**

According to Mandalay Region Myanmar Agricultural Development Bank branch, K9.623 billion has been disbursed to local farmers for cultivation of monsoon crops in Mandalay Region.

The bank branch issued loans to local farmers for growing monsoon crops starting from the third week of May. In this regard, the loans covered paddy and other crops in 23 townships. So far, K9.623 billion was disbursed for 15,407 farmers from 194 village-tracts in 18 townships for growing monsoon crops on 87,022 acres of lands, said U Aung Myo Than, deputy regional manager of the bank branch.

"The loan will be issued to farmers till the end of September. So far, the loans have covered more than 87,000 acres of farmlands of paddy and other crops. Interest rate is 5 per cent. The loans will be issued for monsoon, winter and pre-monsoon seasons. The remaining townships will get loans," he explained.

In disbursement of loans, K150,000 per acre of paddy and K100,0000 per acre of groundnut, green gram, sesame, cotton, chickpea, black bean, soya bean, rice bean and maize will be issued to local farmers.

Local farmers from Chanayethazan, Amarapura, Patheingyi, PyinOoLwin, Kyaukse, Singaing, TadaU, Myittha, Meiktila, Wundwin, Mahlaing, Thazi, Taungtha, Natogyi, Yamethin, PYawbwe, NyaungU and Kyaukpadaung townships have got loans from the bank. 185



Myanmar Agricultural Development Bank (Mandalay Branch).

# 7 killed as landslides, flash floods hit gold mine in Indonesia's Gorontalo province

**Jakarta July 7**

At least seven people were killed and three others injured due to landslides and flash floods that struck a traditional gold mine and surrounding areas in Indonesia's Gorontalo province, a senior disaster agency official said on Sunday.

The incident occurred at midnight at the gold mine located in Bone Bolango regency and seven bodies were found, said Achril Babyonggo, head of the operational unit of the disaster management and mitigation agency in the regency.

"The landslides and flash floods hit a camp on the mountain where the mine is situated. There were about 40 miners inside the camp at the time. Some of the miners managed to escape, but the fate of others remains uncertain," Babyonggo told Xinhua via phone. Xinhua

# Decisive round of legislative elections kicks off in France

**Paris July 7**

The second and decisive round of France's snap legislative elections kicked off Sunday in Metropolitan France for voters to elect the remaining 501 members of the 577-seat French National Assembly.

According to the results published by the French Interior Ministry, the French far-right wing party National Rally (RN) was leading the first round of the elections held on June 30, taking 37 seats.

Following the RN, the New Popular Front (NFP), the left-wing parties' electoral alliance, won 32 seats, while French President Emmanuel Macron's centrist coalition only gained two seats.

Five other deputies from various right and extreme right parties were also elected during the first round.

France has a long history of preventing far-right wing parties from taking power, but according to a survey published by consulting firm Elabe on Friday, 33 percent of the French voters want the RN to obtain the largest number of seats in the National Assembly this time, 24 percent for the NFP, and only 18 percent for Macron's centrist coalition.

To stop the RN from gaining the absolute majority, the NFP and Macron's coalition announced that their candidates who entered the second round in third place would renounce their candidacy to not split anti-RN votes.

Any party that wants to form a government should hold an absolute majority of 289 seats in the 577-member assembly. The latest projections show that the RN would win the most seats in the National Assembly but not an absolute majority. Xinhua

# More than 700 businesspersons engaged in trading maize and sesame starting from second week of July


Samples of various beans and pulses displayed in Mandalay commodity depot.

**Mandalay July 7**

Number of businesspersons increased to more than 700 in trading sesame, beans and maize in Mandalay commodity depot starting from the second week of July this year, said U Set Maung Swe, Secretary of Merchants, Brokers and Millers Maha Kahteindaw Association (Mandalay Commodity Centre).

Trading of pulses and beans, maize and sesame are in normal in Mandalay. Starting from the first week of July, number of entrepreneurs has been on the rise.

"Now, beans, maize and sesame are in good trading slightly. Chickpea, green gram and sesame are in good trading. Just some of commodities are not in high demand," he explained.

More than 500 businesspersons were engaged daily in trading of maize, beans and sesame in the last week of June, compared with more than 700 businesspersons per day in the first week of July.

"At present, merchants purchase green gram, kidney bean, nylon bean, sesame and chickpea with high demand. Remaining commodities are in normal trade," he added.

The commodity depot is open for convenient trading of merchants from 8 am to 4 pm daily. 184

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Export demand to China high for Myanmar's Padamya Ngamauk mangoes

**Mandalay July 7**

Myanmar's Padamya Ngamauk mango fetches good price in export market this year, said U Kyaw Soe Naing, Secretary of Myanmar Mango Market and Technological Development Association (Mandalay).

At present, Seintalone and Shwehintha mangoes gradually fade out in the market. Now, Padamya Ngamauk mango is exported to Chinese market. This year, one 16-kg basket of mango fetches 100-120 yuan.

"Starting from this month, Padamya Ngamauk mango flows into the market. Two to three truckloads of mango entered China. Quality mango fetches good prices. Hence, farmers need to take care of their fruits to have quality ones. If plucking and packaging are proper, the fruits can fetch good prices," he added.


Padamya Ngamauk mangoes.

Myanmar exports Seintalone, Shwehintha, Yinkwe, Nadamya Ngamauk and Meithi mango strains to foreign market. This year, per-acre yield of mango declined due to climatic conditions but it fetches good prices. 185

# Wetlet Township completes cultivation of monsoon sesame on more than 13,000 acres

**Wetlet July 7**

According to the statistics of Wetlet Township Agriculture Department, local farmers have finished cultivation of monsoon sesame on 13,550 acres of croplands in Wetlet Township of Sagaing Region this monsoon.

A total of 13,550 acres of croplands have been placed under monsoon sesame in Wetlet Township of Sagaing Region starting from May this year.

Daw Kyin Sa, Head of Wetlet Township Agriculture Department said, "The township earmarked cultivation of more than 16,000 acres of monsoon sesame this year but local farmers have planted more than 13,000 acres of monsoon sesame against the target. Our department helps local farmers expand sown acreage of sesame, produce high per-acre yield and use GAP systems."

Township Agriculture Department raises farmers awareness for expanding sown acreage of sesame, use of agricultural techniques and quality strains of crops.

The crops produced in GAP system fetch good prices in the market and have a chance to foreign market share. So, local farmers will have improved economy with socioeconomic development.206


A sesame plantation.

# Sugar trading on high trend from first week of July in Mandalay market

**Mandalay July 7**

Trading of sugar is high at Mandalay market starting from the first week of July, said U Win Htay, Vice Chair of Sugar and Cane Industrialists Association (Mandalay).

China, Thailand and Vietnam purchase sugar from Myanmar. At present, demand of sugar surges due to foreign merchants, and sugar trading is higher.

"Chinese merchants purchase quality sugar from Sagaing, Bago and Yangon regions. So, Myanmar sugar fetches good prices at the market in Mandalay," he explained.

At Mandalay market, sugar fetches K4,800 per viss on 4 July.

"Although demand is high in the market, its stock does not decline. But, higher demand of merchants will cause low demand in Mandalay market. 184

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှားနိုင်ငံက အမေရိကန်ထုတ် ATACMS ဒုံးကျည်၏အဓိကအစိတ်အပိုင်းကို ရယူနိုင်ခဲ့သည်ဟု အခိုင်အမာပြောကြား



ရုရှားနိုင်ငံသည် ယူကရိန်းတွင် အသုံးပြုနေသော အမေရိကန်ထုတ် ကြည်းတပ်သုံးနည်းဗျူဟာမြောက်ဒုံးကျည်စနစ်(AT-ACMS)၏ အဓိကအစိတ်အပိုင်းကိုရယူထားနိုင်ခဲ့သည်ဟု အခိုင်အမာပြောကြားထားကြောင်း **The Defense Post** သတင်းဌာနက ဇူလိုင် ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှားနိုင်ငံပိုင် သတင်းဌာနတစ်ခုသည် အမေရိကန်ထုတ် ဒုံးကျည်လက်နက်မှ နဂိုအတိုင်းမပျက်စီးဘဲ ကျန်ရှိခဲ့သော လမ်းညွှန်ထိန်းကျောင်းရေးစနစ်ကို စစ်လက်နက်ကျွမ်းကျင်သူတစ်ဦးက စစ်ဆေးပြသနေသည့် ဗီဒီယိုဖိုင်ကိုမကြာသေးမီက ထုတ်ပြန်ခဲ့သည်။

ယူကရိန်းပိုင်နက်မှ ပစ်လွှတ်လိုက်သော တာဝေးပစ် ATACMS ဒုံးကျည်ကို ရုရှားတပ်ဖွဲ့များက ပစ်ချနိုင်ခဲ့ပြီးနောက် အဆိုပါအဆင့်မြင့်နည်းပညာကို ရရှိခဲ့ခြင်းဖြစ်ကြောင်း အခိုင်အမာပြောကြားခဲ့သည်။

ဗီဒီယိုဖိုင်တွင် အဆိုပါ အမည်မသိစစ်လက်နက်ကျွမ်းကျင်သူတစ်ဦးက ရရှိခဲ့သော GPS လမ်းညွှန်ထိန်းကျောင်းရေးစနစ်အစိတ်အပိုင်း၏ နောက်ကျောဘက်မှအညွှန်းအရ အဆိုပါဒုံးကျည်အစိတ်အပိုင်းသည် အလာဘားမားပြည်နယ်ရှိ အမေရိကန်ကြည်းတပ် လက်နက်တိုက်ပိုင်ဖြစ်သည်ဟုဆိုသည်။ အကောင်းပကတိအတိုင်း သိမ်းဆည်းရမိသော ATACMS လမ်းညွှန်စနစ် အစိတ်အပိုင်းသည် ဒုံးကျည်များပျံသန်းမှုနှင့် မည်သို့ထိန်းချုပ်သည်ကို လေ့လာခွင့် ရရှိနိုင်စေမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ရုရှားတပ်မတော်မှ အငြိမ်းစားအရာရှိ၊ စစ်ရေးလေ့လာအကဲခတ်သူ **Viktor Litovkin** ကမူ ရုရှားနိုင်ငံအနေဖြင့် ATACMS ဒုံးကျည်စနစ်အစိတ်အပိုင်းကို **Reverse-Engineering** နည်းပညာလုပ်ငန်းစဉ်များအသုံးပြု၍ လက်နက်စနစ်၏ အားနည်းချက်များကို ဖော်ထုတ်သိရှိခွင့်ရရှိသွားစေမည်ဟုလည်း သုံးသပ်ပြောကြားခဲ့သည်။

ထိုအခါ ရုရှားနိုင်ငံ လေကြောင်းရန်ကာကွယ်ရေးတပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် ထိရောက်သော တန်ပြန်လုပ်ဆောင်မှုများအတွက် လိုလောက်သောဒေတာအချက်အလက်များကို ရရှိလာနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

**Litovkin** က ရုရှားနိုင်ငံသိပ္ပံပညာရှင်များသည် နိုင်ငံ၏ဒုံးကျည်ကာကွယ်ရေးစနစ်များ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်သို့မဟုတ် ၎င်း၏ **Jamming** ဖိဖျက်နှောင့်ယှက်၊ လုပ်ဆောင်နိုင်စွမ်းများနှင့်ပတ်သက်၍ အကြံပြုချက်များကိုထုတ်ပြန်လာနိုင်ဖွယ်ရှိကြောင်း ကောက်ချက်ချပြောကြားခဲ့သည်။

ရှေ့တန်းမှ ကီလိုမီတာ ရာနှင့်ချီဝေးသော ရုရှားနိုင်ငံ၏ အခြေခံအဆောက်အအုံများနှင့် တပ်စခန်းများကို တိုက်ခိုက်နိုင်ရန်အတွက် ယူကရိန်းကို အမေရိကန်က ATACMS ဒုံးကျည်စနစ်များ ပံ့ပိုးပေးထားသည်။ ရုရှားနိုင်ငံအတွင်းသို့ နက်ရှိုင်းစွာ ပစ်မှတ်ထားတိုက်ခိုက်နိုင်ရန် အသုံးပြုနိုင်ခြင်း၊ အကယ်၍ ရုရှားတပ်ဖွဲ့များဘက်မှ အကောင်းပကတိအတိုင်း ဒုံးကျည်တစ်စင်းလုံးဖြစ်စေ၊ အစိတ်အပိုင်းဖြစ်စေ သိမ်းဆည်းရမိသည့်အခါ အထက်တွင်ဆိုခဲ့သလို **Reverse-Engineering** နည်းပညာဆိုင်ရာ လုပ်ငန်းစဉ်များ အသုံးပြု၍တန်ပြန်ထွက်ပေါ်လာနိုင်ခြင်း စသည့် စိုးရိမ်မှုများကြောင့် ယူကရိန်းကို အဆိုပါအဆင့်မြင့် တာဝေးပစ်လက်နက်များပေးအပ်ရန် အမေရိကန်အနေဖြင့် ဝန်လေးနေခဲ့ပြီး ပေးအပ်ရန် အပြီးသတ်ဆုံးဖြတ်ချက်မှာ လွယ်လွယ်ကူကူ ထွက်ပေါ်လာခဲ့ခြင်းမျိုးတော့ မဟုတ်ပေ။

သို့သော် ရုရှား၏ ယခုကဲ့သို့ အခိုင်အမာပြောကြားချက်နှင့်အတူ ဥရောပနိုင်ငံများ၊ အနောက်နိုင်ငံများ၏ စစ်ရေးနည်းပညာသည် ရုရှားတို့အတွက် လျှို့ဝှက်ချက်မဟုတ်တော့ကြောင်း သတင်းစကားတစ်ရပ်ဖြစ်နိုင်သည်ဟု **Litovkin** က ပြောကြားခဲ့သည်။

"အပေါ်ဆုံးနဲ့ အဆင့်မြင့်တင်ထားတဲ့ အနောက်အုပ်စုထုတ် စစ်လက်နက်အမျိုးအစားတွေအတွက် အဆိပ်ဖြေဆေးကို တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း တရားဝင်ချပြနိုင်ခဲ့ပြီး အဲဒါကိုထိထိရောက်ရောက် အသုံးပြုနေပါတယ်"ဟု **Litovkin** က နိဂုံးချုပ်ပြောကြားသွားခဲ့သည်။

**Russia Allegedly Obtains Key Component of US-Made ATAC-MS ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်စစ်ဘက်က Counter-Drone ဒုံးကျည်အစီအစဉ်၏ နောက်ထပ်အဆင့်အတွက် BlueHalo ကိုရွေးချယ်

အမေရိကန်ကြည်းတပ်သည် လက်ရှိအကောင်အထည်ဖော် လုပ်ဆောင်နေသော **Next-Generation Counter-Uncrewed Aerial System Missile (NGCM)** တန်ပြန်ဒရုန်းတိုက်ခိုက်ရေးဒုံးကျည်ပရိုဂရမ်၏ နောက်တစ်ဆင့်သို့ ဆက်လက်ဆောင်ရွက်သွားရန် **Blue-Halo** ကုမ္ပဏီကို ရွေးချယ်ထားကြောင်း **The Defense Post** သတင်းဌာနက ဇွန် ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ခန့်မှန်းခြေအားဖြင့် အလေးချိန် ပေါင် ၁၃၂၀ (၅၉၈ ကီလိုဂရမ်) အောက်ရှိသော **Group 3** အုပ်စုဝင် ဒရုန်းခြိမ်းခြောက်မှုများအတွက် ရည်ရွယ်၍ ဒီဇိုင်းထုတ်ထားသည့် ၎င်း၏ **NGCM** ဒုံးကျည် ကမ်းလှမ်းချက်ကို ကုမ္ပဏီဘက်မှ ယမန်နှစ်က တုံ့ပြန်ချက်အပြီးတွင် ကြေညာချက်ထွက်ပေါ်လာခဲ့ခြင်းလည်းဖြစ်သည်။

**BlueHalo** ကုမ္ပဏီမှ ၎င်း၏ဖြေရှင်းချက်သည် ကုမ္ပဏီထုတ် တန်ပြန်ဒရုန်းနည်းပညာများ၊ ကွပ်ကဲထိန်းချုပ်မှုစနစ်များကို ပေါင်းစပ်အသုံးပြုခြင်းဖြင့် အကွာအဝေးနှင့် အဖျက်စွမ်းအား စွမ်းဆောင်ရည်များ မြင့်မားကောင်းမွန်စေရန် အာမခံချက်ပေးထားပြီး အကြီးစားပစ်မှတ်များကိုပင် တိုက်ဖျက်နိုင်စွမ်းရှိစေမည်ဖြစ်ကာ တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့်ပင် ယှဉ်ပြိုင်နိုင်စွမ်းရှိမည်ဖြစ်သည်။

ထို့ပြင် ဒုံးကျည်ကို အရွယ်အစား၊ အလေးချိန်၊ ပါဝါတို့တွင် သိသိသာသာ လျှော့ချ၍ တည်ဆောက်ထားသဖြင့် **Sub-sonic** နှင့် **Supersonic** အလျင်နှုန်းဖြင့် ပျံသန်းနေသည့် ပစ်မှတ်များကို တန်ပြန်ရန် အကွာအဝေးရောက်ရှိမှုနှင့် လှုပ်ရှားစစ်ကစားမှု ပိုမိုမြင့်မားကောင်းမွန်ရန် လိုအပ်သည့်အတွက် အခြားရော့ကတ်မော်တာများနှင့်လည်း ချိတ်ဆက်တိုက်ပွဲဝင်နိုင်စေရန် **Software-Defined Front End** ဆော့ဖ်ဝဲအဆင့်မြှင့်တင်ရုံဖြင့် အဆင်ပြေစွာ လုပ်ဆောင်နိုင်စေမည်ဖြစ်သည်။

ယူကရိန်း၊ ဂျော်ဒန်၊ အစ္စရေးနှင့် ပင်လယ်နီတို့တွင် ကျွန်ုပ်တို့ မြင်တွေ့ခဲ့ရသည့်အတိုင်း ဒရုန်းတိုက်ခိုက်မှုများသည် ခေတ်သစ်စစ်ပွဲ၏ အလျင်မြန်ဆုံးပြောင်းလဲလာနေသော ခြိမ်းခြောက်မှုကိုဖော်ပြလျက်ရှိပြီး အရေအတွက်ရော အရည်အချင်းပါ တိုးပွားလာနေသည်ဟု **BlueHalo** ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် **Jonathan Mon-eymaker** က ရှင်းပြခဲ့ကြောင်း သိရသည်။

အကွာအဝေးစွမ်းရည်တိုးမြှင့်ထားမှု၊ ပစ်မှတ်သို့ရောက်ရှိချိန် လျှော့ချထားမှု၊ ကျွန်ုပ်တို့၏ နည်းပညာအရ သာလွန်ကောင်းမွန်သော **NGCM** ဒုံးကျည်၏ လျင်မြန်စွာ တိုက်ပွဲဝင်ပစ်လွှတ်နိုင်စွမ်းများနှင့်အတူ **BlueHalo** ကုမ္ပဏီ၏ လုပ်ငန်းလည်ပတ်မှု၊ စက်မှုလုပ်ငန်းအဆင့်သုံးရေဒီယိုလှိုင်း **(RF)**နှင့် တိုက်ရိုက်စွမ်းအင်သုံး **C-UAS** ဖြေရှင်းချက်များဖြင့် ကျွန်ုပ်တို့



တိုက်ခိုက်ရေးသမားများ၊ မဟာမိတ်များနှင့်ပိုင်ဆိုင်မှုများအတွက် မယှဉ်သာသော အလွှာစုံကာကွယ်ရေးကို ပေးစွမ်းနိုင်လိမ့်မည်ဟု ထည့်သွင်းပြောကြားခဲ့သည်။

**BlueHalo** ကုမ္ပဏီသည် ဒရုန်းရန်တိုက်ဖျက်ရေးလေဆာလက်နက်ကို တီထွင်ထုတ်လုပ်ရန် အမေရိကန်ကြည်းတပ်၏ အလားတူ တန်ပြန်ဒရုန်းရန်ကာကွယ်ရေးစနစ် **C-UAS** ပရောဂျက်များထဲမှ တစ်ခုနှင့်လည်း ပါဝင်လုပ်ဆောင်လျက်ရှိသည်။

မေလတွင် ကုမ္ပဏီသည် ၎င်း၏ တိုက်ရိုက်စွမ်းအင်သုံး လက်နက်များ၏ စွမ်းဆောင်ရည်၊ အလိုအလျောက်စနစ်၊ ထိရောက်မှုနှင့် အကြမ်းခံနိုင်စေမည့် ဒီဇိုင်းနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်များကို တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် အမေရိကန်ဒေါ်လာ ၉၅ ဒသမ ၄ သန်းတန် သဘောတူစာချုပ်ကို အမေရိကန်ကြည်းတပ်နှင့် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

**US Army Taps BlueHalo for Next Phase of Counter-Drone Missile Program ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၂၀၁၀ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ချောင်းဦး ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၂၀၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၉၅၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၂၀၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ချောင်းဦးမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြေပဲဧက ၉၅၀၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိဧက ၂၀၁၀စိုက်ပျိုးပြီးပါပြီ။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မြေပဲစိုက်ပျိုးရာတွင် တစ်ဧကလျှင် မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ပိုးသတ်ဆေးဖိုးများ အပါအဝင် နှစ်သိန်းကျော်ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ဧကလျှင် မြေပဲတင်း ၅၀ ခန့် ထွက်ရှိကြောင်း သိရသည်။

ချောင်းဦးမြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးထံမှ သိရသည်။

(၂၀၆)

# ကလောမြို့နယ် ကမ္ဘာနီတောင်ကျေးရွာ၌ မြေသားလမ်းသဲဖြန့်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ကလော ဇူလိုင် ၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူပြီး ရာသီမရွေး သွားလာနိုင်ရန် ရည်ရွယ်၍ ကမ္ဘာနီကျေးရွာအုပ်စု၊ ကမ္ဘာနီတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ၏ ၅၀ရာခိုင်နှုန်းဖြင့် မြေသားလမ်းသဲဖြန့်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် ကမ္ဘာနီတောင်ကျေးရွာတွင် မြေသားလမ်းသဲဖြန့်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ကမ္ဘာနီတောင်ကျေးရွာ၌ အဆိုပါလမ်းသည် အရှည် ပေ ၄၉၀၀၊ အကျယ် ၁၂ ပေ၊အမြင့် ခြောက်လက်မရှိပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၂၂၃ သိန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၈၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကလောမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **မောင်နိုင်**

# ကြံခင်းမြို့နယ် ကညင်တောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြံခင်း ဇူလိုင် ၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာကာ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ ကညင်တောကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၆ ရက်က အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများ၊ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၄ ဒသမ ၁ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကညင်တောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၃၀ကို ငွေကျပ်၁၉ဒသမ၈၃သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၅ ဒသမ ၈၂ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၁၈ ဒသမ ၄၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၅ ဦးကို ငွေကျပ် ၄၄ ဒသမ ၁သန်း ထုတ်ချေး ပေးခဲ့ကြောင်း သိရသည်။ **သံသာ**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၇-၇-၂၀၂၄**

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဇေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၄၀၀၀ |

**စက်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၆၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၉၉၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၅၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၆၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၉၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၏ အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ အိမ်နီးချင်းကောင်း၊ မိတ်ဆွေဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကော်မရှင်ဥက္ကဋ္ဌ Ms. Shen Yueyue အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၏ အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ အိမ်နီးချင်းကောင်း၊ မိတ်ဆွေဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကော်မရှင်ဥက္ကဋ္ဌ Ms. Shen Yueyue တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

၆ ရှေ့ဖုံးမှအဆက်

တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ်ဇော်ဇော်နိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၏ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO)၏ အိမ်နီးချင်းကောင်း၊ မိတ်ဆွေဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ကော်မရှင်ဥက္ကဋ္ဌ Ms. Shen Yueyue နှင့်အတူ ရှန်တုန်းပြည်နယ် ကော်မတီ အတွင်းရေးမှူး Mr. Lin Wu၊ ရှန်တုန်းပြည်နယ် ကော်မတီဒုတိယအတွင်းရေးမှူးနှင့် အုပ်ချုပ်ရေးမှူး Mr. Zhou Naixiang၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အိမ်နီးချင်းကောင်း မိတ်ဖက်ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဒုတိယဥက္ကဋ္ဌ Cui Li နှင့် တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ကို အခြေခံ၍ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို တိုးတက်အောင် ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ နှစ်နိုင်ငံ မိတ်ဖက်ဆက်ဆံရေးနှင့် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လုံခြုံရေးအပြည့်အဝရရှိရေး ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ တရားမဝင် နယ်စပ်ဖြတ်ကျော်မှု၊ အွန်လိုင်းလောင်းကစားများ ပပျောက်ရေးနှင့် မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ နှစ်နိုင်ငံ သတင်းအချက်အလက်ဖလှယ်ရယူရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်ဖော်ဆောင်

နိုင်ငံရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ဖော်ဆောင်ရေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၏ အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ အိမ်နီးချင်းကောင်း၊ မိတ်ဆွေဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ကော်မရှင်ဥက္ကဋ္ဌတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိုရမ်တက်ရောက်ရန် ရောက်ရှိနေသည့် ကိုယ်စားလှယ်များနှင့်အတူ တရုတ်ပြည်သူ့ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၏ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO)၏ အိမ်နီးချင်းကောင်း၊ မိတ်ဆွေဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကော်မရှင်ဥက္ကဋ္ဌက Qingdao International Conference Center ရှိ Yellow River ခန်းမ၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၇**

ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း)ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ငူမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် အဖွဲ့ဝင်များ၊ ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်မင်းမင်းစိုးနှင့်တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူးတို့က အမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းမှူး၊ ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစကားများ ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**



**တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ နောင်နန်း(၈)မိုင် AG အသင်းတော်၌ ဖွင့်လှစ်ထားသည့် နေရပ်စွန့်ခွာစခန်းသို့ သွားရောက်အားပေးစကားပြောကြားပြီး ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်




**မြစ်ကြီးနား ဇူလိုင် ၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ခွဲဘူသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ နောင်နန်း (၈)မိုင် AG အသင်းတော်၌ ဖွင့်လှစ်ထားသည့် နေရပ်စွန့်ခွာစခန်းသို့ရောက်ရှိပြီး နိုင်ငံတော် အကြီးအကဲက လှူဒါန်းသည့် အမျိုးသား၊ အမျိုးသမီးဝတ် ရှပ်အင်္ကျီများ၊ အမျိုးသား သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့က ထောက်ပံ့သည့် ငွေကျပ် ၉၄၃၀၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၅၀၊ ငါးသေတ္တာ လေးဖာ၊ ခေါက်ဆွဲခြောက် ၂၄၃ ဖာ၊ ဆီ ၁၀ ပိဿာပုံး ၂၀ နှင့် ရေသန့်ဘူးများ စသည့်အခြေခံစားသောက်ကုန်များနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့သည့် ငွေကျပ် ၂၇၆၈၉၀၀၀ တန်ဖိုးရှိ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ဆပ်ပြာ စသည့်ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ဘေးသင့်ပြည်သူများကို နိုင်ငံတော်အစိုးရ၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေများ၊ ပြည်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်မှုများ၊ ကျန်းမာရေးနှင့်စပ်လျဉ်း၍ ကူးစက်ရောဂါများ မဖြစ်ပွားစေရေး လိုက်နာဆောင်ရွက်ရန်များနှင့် စခန်းနေသူများ၏ လိုအပ်ချက်များကို မေးမြန်းဆွေးနွေးကာ ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့သော မေလနှင့် ဇွန်လက မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်တို့သို့ ရောက်ရှိလာသော တိုက်ပွဲရှောင် အိမ်ထောင်စု ၂၅၃၇ စုမှ လူဦးရေ ၁၂၄၂၇ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၅၂၁၉၃၄၀၀ ကို ကချင်ပြည်နယ်ဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ မြစ်ရေကြီးမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ မြေနိမ့်ပိုင်းနေရာတစ်ခုဖြစ်သည့် ရမ်ပူရပ်ကွက် နယ်မြေ(၁၁)ရှိ နေအိမ်များအတွင်း မြစ်ရေဝင်ရောက်ခဲ့မှု၊ နုန်းမြေများ တင်ကျန်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သဘာဝဘေးအန္တရာယ်ပေါ်ပေါက်ပါက ပြည်သူများ အမြန်ဆုံးဘေးလွတ်ရာသို့ပြောင်းရွှေ့နိုင်ရေး အသိပညာပေးခြင်းနှင့် ဆွေးနွေးဟောပြောခြင်းလုပ်ငန်းများဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



☆ **ကျောဖုံးမှအဆက်**

မိတ္ထီလာ ပညာရေးဒီဂရီကောလိပ်မှ သင်တန်းသား၊ သင်တန်းသူများက အိန္ဒိယနိုင်ငံ၏ ရိုးရာအားကစားနည်းဖြစ်သည့် (India Club) တင်းပုတ်ကစားနည်းဖြင့် သရုပ်ပြကစားပြသမှုများ၊ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မိတ္ထီလာတပ်နယ်မှူးနှင့်တာဝန်ရှိသူများက တင်းပုတ်ကစားနည်းဖြင့် သရုပ်ပြကစားပြသခဲ့သည့် မိတ္ထီလာပညာရေးဒီဂရီကောလိပ်မှ သင်တန်းသား၊ သင်တန်းသူများအတွက် ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါဗိုလ်လုပွဲ၌ ကန်တော်အသင်းနှင့် ရွှေလွန်းပျံအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြသော်လည်း တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့ပြီး ပင်နယ်တီအဆုံးအဖြတ်ဖြင့် ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ ရွှေလွန်းပျံအသင်းက ကန်တော်အသင်းကို ငါးဂိုး သုံးဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ထီလာမောင်ဖလားအမျိုးသား(အလွတ်တန်း) ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ၌ ပထမဆုရရှိသည့် ရွှေလွန်းပျံအသင်းအား တံခွန်စိုက်ဖလားနှင့်ငွေသားဆုကိုလည်းကောင်း၊ မိတ္ထီလာတပ်နယ်မှူးက ပထမဆုရရှိသည့် ရွှေလွန်းပျံအသင်းမှ ကစားသမားတစ်ဦးချင်းစီအား ဆုတံဆိပ်များကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများက ဒုတိယဆု၊ တတိယဆုရရှိသည့် အသင်းများအား ငွေသားဆုများနှင့် တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း၊ ပွဲစဉ်တစ်လျှောက်အကောင်းဆုံးဆု၊ ရွှေ့တန်း၊ အလယ်တန်းနှင့် နောက်တန်းအကောင်းဆုံးဆုနှင့် ဂိုးသမားအကောင်းဆုံးဆုရရှိသူများအား ဆုတံဆိပ်များနှင့် ငွေသားဆုများကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့လည်းကောင်း၊ KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

**(သတင်းစဉ်)**

## မိုးရာသီကာလတွင် ဖြစ်ပွားမှုများပြားနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

- **ပြင်းထန်ဝမ်းပျက်ဝမ်းလျှော** ရောဂါသည် ဝမ်းရောဂါဖြစ်ပွားစေသောရောဂါပိုးများပါရှိသည့် မသန့်ရှင်းသောရေနှင့် အစားအစာများ စားသောက်မိရာမှတစ်ဆင့်ကူးစက်ဖြစ်ပွားစေပါသည်။
- **ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး** အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များသည်။
- **ရောဂါပိုးပါဝင်သည့်** ဝမ်းအညစ်အကြေးများတွင်ရှိနေသော ရောဂါပိုးများသည် ယင်ကောင်မှတစ်ဆင့်လည်းကောင်း၊ မသန့်ရှင်းသောလက် စသည်တို့မှ တစ်ဆင့် လည်းကောင်း၊ အစားအစာ သောက်သုံးရေများအတွင်းသို့ရောက်ရှိခြင်း(သို့မဟုတ်) တိုက်ရိုက်ဝင်ရောက်ခြင်း(ဥပမာ - မိလ္လာပိုက်ပေါက်ခြင်း၊ အညစ်အကြေး မြေသြဇာအသုံးပြုခြင်း)တို့မှ တစ်ဆင့် စားသောက်မိသူများအားကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါဆက်လက်ကူးစက်စေပါသည်။
- **ရောဂါလက္ခဏာများမှာ** အရည်ဝမ်းများစွာသွားခြင်း၊ ငါးညှီနံ့နံ့သော ဆန်ဆေးရည်ကဲ့သို့ ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊ နလုံးခုန်နှုန်းမြန်ခြင်း၊ အရေပြား၏ကျုံ့ဆန့်နိုင်အား လျော့နည်းလာခြင်း၊ မျက်တွင်းချိုင့်ဝင်ခြင်း၊ ခံတွင်း/လျှာနှင့်နှုတ်ခမ်းများခြောက်သွေ့ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ဖြစ်ပါသည်။
- **ကြိုတင်ကာကွယ်နိုင်သောနည်းလမ်းများမှာ-**
  - အစာမစားမီနှင့် အစားအစာမပြင်ဆင်မီအချိန်၊ အညစ်အကြေးနှင့် အမှိုက်များ ကိုင်တွယ်ပြီးချိန်နှင့် အိမ်သာမှဆင်းချိန်တိုင်းတို့တွင် လက်ကိုဆပ်ပြာဖြင့်စင်ကြယ်စွာ စနစ်တကျ ဆေးကြောပါ။
  - တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။
  - ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ။
  - ရေကို ကျိုချက်၍သောက်သုံးပါ။
  - အစားအစာများကို ကျက်အောင်ချက်ပြီးမှစားသုံးပါ။
  - အစားအစာများကို ယင်မနားအောင် လုံခြုံစွာ ဖုံးအုပ်ထားပါ။
  - ခြင်၊ ယင် တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင် သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ပါ။



ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသည်ဟု သံသယရှိလျှင် အချိန်မီကုသမှုမခံယူပါက လျင်မြန်စွာအသက်ဆုံးရှုံးနိုင်သောကြောင့် နီးစပ်ရာကျန်းမာရေးဌာနများသို့ သတင်းပေးပို့ပြီး ထိရောက်သောကုသမှုခံယူရမည်ဖြစ်ပါသည်။

ဇူလိုင်၊ ၂၀၂၄

# စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ မာရဝိဇယဗုဒ္ဓဆင်းတုတော်မြတ်ကြီးနှင့် အဘယရာဇမုနိဗုဒ္ဓဆင်းတုတော်မြတ်ကြီး နှစ်ဆူတို့အား ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်

**နေပြည်တော် ဇူလိုင် ၇**

ရခိုင်ပြည်နယ် စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ မာရဝိဇယ ဗုဒ္ဓဆင်းတုတော်မြတ်ကြီးနှင့် အဘယရာဇမုနိဗုဒ္ဓဆင်းတုတော်မြတ်ကြီး နှစ်ဆူတို့အား ဗုဒ္ဓါဘိသေကအနေကဇာ တင်ပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါလောကာနန္ဒာ စေတီတော်မြတ်ကြီး ရင်ပြင်တော်၌ပြုလုပ်ရာ ပြည်နယ်သြဝါဒါစရိယ စစ်တွေမြို့ နန္ဒာရာမပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနန္ဒသီရိအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စွာဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ သံဃာတော်များက မာရဝိဇယ ဗုဒ္ဓဆင်းတုတော်မြတ်ကြီးနှင့် အဘယရာဇ မုနိဗုဒ္ဓ ဆင်းတုတော်မြတ်ကြီး နှစ်ဆူတို့အား ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဗုဒ္ဓဆင်းတုတော်မြတ်ကြီးများအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊တိုင်းမှူး နှင့်တက်ရောက်လာကြသူများက နန္ဒာရာမ ပရိယတ္တိစာသင်တိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး မြို့နယ်သြဝါဒါစရိယ စစ်တွေမြို့ ပညာလင်္ကာရကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနာဂိန္ဒထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၁)**



**စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီးပရိဝုဏ်အတွင်းရှိ မာရဝိဇယဗုဒ္ဓဆင်းတုတော်မြတ်ကြီးနှင့် အဘယရာဇမုနိဗုဒ္ဓဆင်းတုတော်မြတ်ကြီး နှစ်ဆူတို့အား ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်စဉ်။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မြစ်ကြီးနားမြို့ရှိ ဝန်ကြီးဌာနဝန်ထမ်းများနှင့်တွေ့ဆုံပြီး မြစ်ကြီးနားမြို့ အမှတ်(၁)မူလတန်းကြိုကျောင်းကို ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား ဇူလိုင် ၇**

မြစ်ကြီးနားမြို့သို့ ရောက်ရှိနေသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးသို့ ရောက်ရှိပြီး ဝန်ကြီးဌာနအောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရေဘေးအန္တရာယ်တွေ့ကြုံခံစားခဲ့ရမှု၊ ပြည်နယ်အစိုးရက ဆောင်ရွက်နေသော ရေဘေးအန္တရာယ်တုံ့ပြန်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှု၊ ဝန်ထမ်းများ၏နေရေးထိုင်ရေးနှင့် တာဝန်ထမ်းဆောင်မှုအခြေအနေများကို မေးမြန်းကာ လိုအပ်သည်များပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအတွက် ငါးသေတ္တာ ဘူး ၂၀၀ နှင့် ထောက်ပံ့ငွေကျပ် ၁၈၆၀၀၀၀ ကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနားမြို့ မူလတန်းကြိုကျောင်း အမှတ်(၁)သို့သွားရောက်ပြီး ကလေးများအတွက် သင်ထောက်ကူပစ္စည်းများထားရှိမှု၊ စာသင်ဆောင်များ၊စားသောက်ခန်းများ၊ မီးဖိုဆောင်နှင့် ကစားကွင်းများကို ကြည့်ရှုကာ အသက် သုံးနှစ်မှ ငါးနှစ်အရွယ် မူကြိုကလေးငယ်များငယ်စဉ်ကပင် ဗလငါးတန်ဖွံ့ဖြိုးရေး၊ စည်းကမ်းလိုက်နာတတ်ရေး၊ ဘက်စုံကျန်းမာရေးတို့အတွက် စနစ်တကျလေ့ကျင့်သင်ကြားပေးကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မြစ်ကြီးနားမြို့ အမှတ်(၁)မူလတန်းကြိုကျောင်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

# ၂၀၂၄ ခုနှစ် ရွှေမန်းမောင်၊ မယ် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

**မန္တလေး ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၊ တိုင်းဒေသကြီးကာယဗလနှင့် ကာယကြံ့ခိုင်မှုဆပ်ကော်မတီမှ ကြီးမှူး၍ ၂၀၂၄ ခုနှစ် ရွှေမန်းမောင်၊မယ်ကာယဗလနှင့်ကာယကြံ့ခိုင်မှုပြိုင်ပွဲနှင့်ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးမိုးလုံလေလုံအားကစားခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ကာယဗလနှင့်ကာယကြံ့ခိုင်မှုဆပ်ကော်မတီဥက္ကဋ္ဌ ဦးဟန်မြိုင်နှင့် ကော်မတီဝင်များ၊ အမှတ်ပေးဒိုင်များ၊ ပြိုင်ပွဲဝင်များ၊ ဝါသနာရှင်များ၊ **iFIT Co.,Ltd** မှ တာဝန်ရှိသူများနှင့်ကူညီပါဝင်ဆောင်ရွက်ခဲ့သူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




အဆိုပါပြိုင်ပွဲကို နံနက်ပိုင်းမှ စတင်ကျင်းပခဲ့ပြီး ပြိုင်ပွဲ၌ ရွှေမန်းမောင် 70 Kg အထက်ပြိုင်ပွဲဝင် ၁၆ ဦး၊ ရွှေမန်းမောင် 70 Kg အောက်ပြိုင်ပွဲဝင် ၁၇ ဦး၊ **Men's Athletic Physique** ပြိုင်ပွဲဝင် ၂၇ ဦး၊ **Men's Sports Physique 170 cm** အထက် ပြိုင်ပွဲဝင် ၂၂ ဦး၊ **Men's Sports Physique 170 cm** အောက် ပြိုင်ပွဲဝင် ၁၄ ဦး၊ **Women's Model Physique (160)cm** အထက် ပြိုင်ပွဲဝင် ခြောက်ဦး၊ **Women's Model Physique 160 cm** အောက် ပြိုင်ပွဲဝင် ခြောက်ဦး၊ **Women's Athletic Physique** ပြိုင်ပွဲဝင် ငါးဦးနှင့် အလွတ်တန်း ကာယဗလမောင်ပြိုင်ပွဲဝင် ငါးဦးတို့က သက်ဆိုင်ရာပြိုင်ပွဲအမျိုးအစားအလိုက် သတ်မှတ်ကိုယ်ဟန်များဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။

ဆုချီးမြှင့်ခြင်းအခမ်းအနားကို ညနေပိုင်းတွင်ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က အလွတ်တန်းကာယဗလမောင်ပြိုင်ပွဲတွင် ရွှေမန်းမောင်ဆုရရှိသော ချမ်းမြေ့ထွန်းကို တံခွန်စိုက်ဆုဖလားနှင့်ငွေသားဆုကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီးက **Women's Athletic Physique** ပြိုင်ပွဲတွင် ပထမဆုရရှိသော ဝါဝါအောင်ကို ဆုတံဆိပ်နှင့်ငွေသားဆုကိုလည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီးကာယဗလနှင့် ကာယကြံ့ခိုင်မှုဆပ်ကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုရရှိကြသူများကို ဆုတံဆိပ်နှင့်ငွေသားဆုများကိုလည်းကောင်း ချီးမြှင့်ခဲ့ပြီး ဆုရရှိသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို) (၁၄)ကြိမ်မြောက် သက်ကြီးဟာသပညာရှင်များကို ဂါရဝပြုကန်တော့ပွဲနှင့် ဟာသပညာထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဇူလိုင် ၇**

မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို)ကကျင်းပသည့်(၁၄)ကြိမ်မြောက် သက်ကြီးဟာသပညာရှင်များကို ဂါရဝပြုကန်တော့ပွဲနှင့် ဟာသပညာထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ Plenary Hall ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးရဲတင့်နှင့် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကန်တော့ခံ သက်ကြီးဟာသပညာရှင်များ၊ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံး(ဗဟို)မှ နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဟာသပညာရှင်များ၊ အနုပညာနယ်ပယ်အသီးသီးမှ အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို)မှအဖွဲ့ဝင်များက အစည်းအရုံး၏Theme Song ဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို) ပေါ်ပေါက်လာပုံမှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အခမ်းအနားကျင်းပမှုနှင့်စပ်လျဉ်း၍ မှဒိတာစကားပြောကြားရာတွင် မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံး(ဗဟို)အနေဖြင့်သက်ကြီးဟာသပညာရှင်ကြီးများကို နှစ်စဉ်ပူဇော်ကန်တော့ခဲ့သည်မှာ ယခုဆိုရင် (၁၄)ကြိမ်မြောက်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ သက်ကြီးရွယ်အိုများကို ပူဇော်ကန်တော့ခြင်းသည် ကောင်းမွန်သော မင်္ဂလာတရားတော်နှင့်အညီ ပြုလုပ်ကြသည့်အစဉ်အလာကောင်းတစ်ခုဖြစ်သည့်အတွက် သက်ကြီးဝါကြီးပူဇော်ကန်တော့ပွဲများကို မြန်မာ့ယဉ်ကျေးမှုအနေဖြင့် အစဉ်ထာဝရ ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း။

ဟာသလူရွှင်တော်ကြီးများသည် မိမိတို့နိုင်ငံ၏ ဘာသာ၊သာသနာနှင့် တိုင်းပြည်အကျိုးကို တတ်စွမ်းသရွေ့ကျရာကဏ္ဍမှ ဟာသပညာဖြင့် စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ကြီးဟာသပညာရှင်များအနေဖြင့်လည်း မိမိတတ်ကျွမ်းသည့် အသိပညာ၊ အတတ်ပညာများကို လူငယ်မျိုးဆက်သစ်များအား ဟာသပညာအပါအဝင် မြန်မာ့အနုသုခုမပညာရပ်များကို သင်ကြားပေးလျက်ရှိပါကြောင်း၊ ရုပ်ရှင်ဇာတ်ကားများကို ပါဝင်သရုပ်ဆောင်ရာတွင်လည်း ဟာသအခန်းများတွင်သာမက ကျရာဇာတ်ရုပ်များတွင် ပီပြင်စွာသရုပ်ဆောင်နိုင်ခြင်း၊ ပြည်သူများ၏ စိတ်ညစ်ညူးမှုများ၊ အဆင်မပြေမှုများကို ပျော်ရွှင်စေအောင် ဟာသပညာဖြင့် စွမ်းဆောင်မှုပေးခြင်းများ ဆောင်ရွက်နေကြပါကြောင်း။

အသက်အရွယ်ကြီးမြင့်သည့် ဟာသပညာရှင်ကြီးများသည်လည်း အသက်အရွယ်ကြီးမြင့်သည်တိုင် အနားယူမှုမရှိဘဲ မိမိတို့ဝါသနာပါသည့် ပြည်သူ့အကျိုးပြုအနုပညာလုပ်ရှားမှုများကို ဆောင်ရွက်နေသကဲ့သို့ လူမှုရေးနယ်ပယ်တွင်လည်း ပရဟိတလုပ်ငန်းများကို ကြိုးစားဆောင်ရွက်နေသည်ကို တွေ့မြင်ရပါကြောင်း။

ယခုကဲ့သို့တက်တက်ကြွကြွဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကိုဆောင်ရွက်ပေးနေသည့် ဟာသပညာရှင်ကြီးများကို နိုင်ငံတော်အနေဖြင့်လည်း စွမ်းဆောင်မှုဆိုင်ရာချီးမြှင့်သည့် ဂုဏ်ထူးဆောင်တံဆိပ်များကိုပေးအပ်ချီးမြှင့်ခဲ့ပါကြောင်း၊ ဟာသပညာရှင်များအနေဖြင့် မိမိတို့တတ်စွမ်းသည့်ပညာရပ်များကို နိုင်ငံ့အရေးနှင့် ပြည်သူများအတွက် ဆက်လက်စွမ်းဆောင်ပေးစေလိုပါကြောင်း၊ ပြည်သူများ၏ဘဝအမောများကိုဖြေသိမ့်ပေး၍ ပြုံးပျော်ရွှင်စေသူများမှာ ဟာသပညာရှင်များပင်ဖြစ်ပါကြောင်း၊ ဟာသပညာရှင်များအနေဖြင့် အနာဂတ်တွင် ပြည်သူများပျော်ရွှင်စေရန် အနုပညာစွမ်းအားဖြင့် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ရည်ရွယ်ချက်ကောင်းကောင်း၊ လှုပ်ရှားဆောင်ရွက်မှုကောင်းကောင်းဖြင့်ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းကြီးအနေဖြင့် ယခုထက်ပိုပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး၊ အနုပညာအကျိုးများ ဆက်လက်ဆောင်ရွက်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ ဦးဒိန်းဒေါင်က မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးကိုယ်စား ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ခုနှစ်အတွက် "ဟာသပညာထူးချွန်ဆု"၊ "ဟာသပညာပံ့ပိုးမှု ထူးချွန်ဆု"၊ "ဟာသပညာဖန်တီးမှု ထူးချွန်ဆု"နှင့် ပရဟိတထူးချွန်မှုဂုဏ်ပြုမှတ်တမ်းလွှာ"များ ချီးမြှင့်အပ်နှင်းပွဲအခမ်းအနားကို ဆက်လက်ကျင်းပသည်။

ဦးစွာ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းက "ဟာသပညာထူးချွန်ဆု" ရရှိသည့် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ခင်လှိုင်နှင့် မြင့်မြတ်တို့ကိုလည်းကောင်း၊ "ပရဟိတ ထူးချွန်မှုဂုဏ်ပြုမှတ်တမ်းလွှာ" ရရှိသည့် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ထူးခန့်ကျော်ကိုလည်းကောင်း၊ ထူးချွန်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ ဦးဒိန်းဒေါင်အား ဂုဏ်ပြုအမှတ်တရပစ္စည်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် "ဟာသပညာထူးချွန်ဆု" နှင့် "ပရဟိတထူးချွန်မှုဂုဏ်ပြုမှတ်တမ်းလွှာ" ရရှိကြသူများက ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြသည်။

ယင်းနောက် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ယဉ်လတ်နှင့်ပုဏ္ဏမိတို့က "ညီလေး" သီချင်းဖြင့်လည်းကောင်း၊ ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်စိုးသူက "ကြည်ဖြူပါ"သီချင်းဖြင့်လည်းကောင်း၊ အငြိမ့်မင်းသမီး ကေတုမတီဘိုမက "ထန်းရွက်ပုတီး"သီချင်းဖြင့်လည်းကောင်း သီဆိုဖျော်ဖြေကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးရဲတင့်က "ဟာသပညာထူးချွန်ဆု"ရရှိခဲ့ကြသည့် အနုပညာရှင် မာမီသက်နှင့် မိုးညိုတို့ကိုလည်းကောင်း၊ "ဟာသပညာပံ့ပိုးမှုထူးချွန်ဆု"ရရှိသည့် အနုပညာရှင် အုန်းဒိုင်းကိုလည်းကောင်း ထူးချွန်ဆုများပေးအပ်ချီးမြှင့်ရာ ဆုရရှိသူများက ကျေးဇူးတင်စကားများ ပြောကြားကြသည်။

ထို့နောက် ဖိုက်စတားအဖွဲ့မှ စိတ်ရယ်မောပျော်ရွှင်ဖွယ်ရာ ဟာသပျက်လုံးများဖြင့်လည်းကောင်း၊ နိုင်ငံကျော်အနုပညာရှင်များက တေးသီချင်းများဖြင့်လည်းကောင်း သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက "ဟာသပညာဖန်တီးမှုထူးချွန်ဆု"ရရှိခဲ့ကြသည့် အနုပညာရှင် ချစ်ချော၊ ပေါ်ဦး၊ ဒါရိုက်တာကိုဇော်(အာရက်ဦး)နှင့် ဒါရိုက်တာမောင်သီတို့ကို ဆုများပေးအပ်ချီးမြှင့်ပြီး ဆုရရှိသူများကိုယ်စား ကိုဇော်(အာရက်ဦး)က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် နိုင်ငံကျော်အနုပညာရှင်များ၊ အဆိုတော်များနှင့် ဟာသအနုပညာရှင်များက တေးသီချင်းများ၊ရယ်မောပျော်ရွှင်ဖွယ် ဟာသပျက်လုံးများဖြင့်ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ ဦးဒိန်းဒေါင်က အစည်းအရုံး၏ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်ခဲ့ကြသည့်အတွက် "လုပ်ငန်းစွမ်းဆောင်ရည်အကောင်းဆုံးဆု" ရရှိခဲ့ကြသည့် ဟာသအနုပညာရှင် ဦးဒေါင်းရှိန်၊ ဦးချစ်စံ၊ ဦးထက်လင်း၊ ဦးမင်းထိုက်၊ ဦးပေါ်ပေါ်၊ အငြိမ့်မင်းသမီး ဒေါ်ဝါဝါခိုင်၊ ဦးစန်းဝင်းမောင်၊ ဦးအောင်ချစ်၊ဦးလန်ဒန်နှင့်ဦးသော်သော်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးမှ ဟာသပညာရှင်များက သက်ကြီးဟာသပညာရှင်ကြီးများကို စုပေါင်းကန်တော့ကြပြီး ကန်တော့ခံသက်ကြီးဟာသအနုပညာရှင်များကိုယ်စား သက်ကြီးဟာသအနုပညာရှင် ဦးပေါ်လေးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက သက်ကြီးဟာသပညာရှင်များကို ကန်တော့ခံပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် အခမ်းအနားဒုတိယပိုင်း အစီအစဉ်အဖြစ် မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး(ဗဟို) ဒုတိယအကြိမ်မြောက်ညီလာခံကို ဆက်လက်ကျင်းပပြီး မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးအနေဖြင့် ဟာသအနုပညာရှင်များ လောကဖွံ့ဖြိုးတိုးတက်စေရေးအတွက် လက်ရှိဆောင်ရွက်နေမှုအခြေအနေနှင့်ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံများ ဆွေးနွေးခြင်းတို့ကိုဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင်အခမ်းအနားသို့ တက်ရောက်လာကြသည့် မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးအဖွဲ့ဝင်များသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ခန္တီးမြို့ရှိ ရပ်ကွက်၊ကျေးရွာများမှရေဘေးသင့်ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ ဇွန် ၂၆ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေ မြင့်တက်လျက်ရှိရာ ခန္တီးမြို့၏ စိုးရိမ်ရေအမှတ်ထက်ကျော်လွန်ခဲ့သဖြင့် ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသောကြောင့် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပေါမိုင်းရပ်ကွက်ရှိ သာသနာဟိတ(ဗဟိုကျောင်း)၊ အခြေခံမူလတန်းကျောင်း(ပေါမိုင်း)တို့တွင် တိမ်းရှောင်နေသည့် ရေဘေးသင့်ပြည်သူများနှင့် မြသိန်းတန်ဘုရားကုန်း၊ တပ်ဦးနန္ဒဝန်ဘုန်းတော်ကြီးကျောင်း၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းနှင့် အခြေခံပညာ အလယ်တန်းကျောင်း (ဇီးဖြူကုန်း)တို့၌ ရွှေ့ပြောင်းနေထိုင်နေသည့် ရေဘေးသင့်ပြည်သူများကို လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# လယ်ဝေးမြို့နယ်ရှိ တောင်သူများနှင့်တွေ့ဆုံပြီး လက်ဆွဲအစေ့ချကိရိယာ(Seeder)ဖြင့် မိုးစပါးစိုက်ပျိုးနေမှု၊ ကောက်ရိုးမြေဩဇာနှင့် တီကောင်မွေးမြူရေးကန်မှ တီကျစ်စာမြေဩဇာထုတ်လုပ်မှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၇**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် လယ်ဝေးမြို့နယ် ပျံချီကျေးရွာရှိ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာသို့ရောက်ရှိပြီး ကျေးရွာအုပ်စုများမှ တောင်သူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက စပါးနှင့်အခြားသီးနှံများစိုက်ပျိုးရာတွင် တစ်ဧကအထွက်နှုန်းမြင့်မားပြီး တောင်သူများဝင်ငွေ မြင့်မားလာစေရေးအတွက် စိုက်ပျိုးရေများကို စနစ်တကျသုံးစွဲခြင်း၊ မျိုးကောင်းမျိုးသန့်များသုံးစွဲခြင်း၊ စိုက်နည်းစနစ်များ ပြောင်းလဲစိုက်ပျိုးခြင်း၊ သတ်မှတ်သွင်းအားစုများ လုံလုံလောက်လောက်ထည့်သွင်းပေးခြင်းနှင့် ရိတ်သိမ်းရာတွင် အလေအလွင့်အနည်းဆုံးဖြစ်အောင် ရိတ်သိမ်းနိုင်ရေးအတွက် စက်ကိရိယာများ ကျယ်ပြန့်စွာအသုံးပြုနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးအသိပညာပေးစင်တာများတွင် စိုက်ပျိုးရေး၊မွေးမြူရေး ပညာရှင်များက အသိပညာပေးဆွေးနွေးမှုများမပြတ် ဆောင်ရွက်ကြရန်လိုကြောင်း၊ ခေတ်နှင့်အညီ ခေတ်မီနည်းပညာများကို အသုံးပြုပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။



ထို့နောက် တက်ရောက်လာကြသည့် တောင်သူများက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တောင်သူများနှင့်အတူ ပျံချီကျေးရွာကွင်းအမှတ်(၁၇၃၈) တောင်သူ ဦးညွန့်မောင်၏ လယ်မြေတွင် လက်ဆွဲအစေ့ချကိရိယာ **(Seeder)**ဖြင့် မိုးစပါး စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး လယ်ဝေးမြို့နယ် ထိန်အင်းကျေးရွာအနီးရှိ ထိန်အင်းကန်အတွင်း ရေဝင်ရောက်မှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာအုပ်စု အဆင့်မြင့်လယ်ယာမြေကေ၂၀၀ ရှင်းလင်းဆောင် အနီးကွင်းအမှတ်(၁၈၂၇) တောင်သူ ဦးတင်ငွေ၏ လယ်မြေ၌ စပါးရိတ်သိမ်းပြီး ကျန်ရှိသည့် ရိုးပြတ်များနှင့် ကောက်ရိုးများကို မီးမရှို့ဘဲနှစ်ပတ်အတွင်း ဆွေးမြည့်သွားပြီး သဘာဝမြေဩဇာအဖြစ် ပြုလုပ်ပုံကို တောင်သူများနှင့်အတူ ကြည့်ရှုအားပေးပြီး တောင်သူများပူးပေါင်းပါဝင်သည့် တီကောင်မွေးမြူရေးကန်အတွင်း တီကျစ်စာမြေဩဇာပြုနေမှုကို ကြည့်ရှုသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဌာနဆိုင်ရာများ၊ တောင်သူများနှင့်တွေ့ဆုံပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ မိုးစပါးစိုက်ပျိုးရာတွင် အခြောက်မျိုးစေ့ချကိရိယာများ၊ လက်ဆွဲမျိုးစေ့ချကိရိယာများ၊ ကောက်စိုက်စက်များ စက်စွမ်းအားပြည့်ဖြင့် လယ်ယာမြေများတွင် စိုက်ပျိုးပေးနိုင်ရေး၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေး၊ မျိုးကောင်းမျိုးသန့်များ အသုံးပြုနိုင်ရေးတို့ကို အလေးထားဆောင်ရွက်ကြရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

**ဒေါက်တာထွန်းတင့်**

## ရုပ်ပြောင်း ရုပ်လွဲ၊ သို့မဟုတ် အငှားခန္ဓာမြှောင်ကြတယ် (၄)

(ယမန်နေ့မှအဆက်)

တွင်းသင်းတိုက်ဝန် မဟာစည်သူ၏ ပေါရာဏကထာအာဘော်အတိုင်း နောက်ဆရာတို့စီရင်သည်ဆိုသော ပေါရာဏကထာ လင်္ကာသစ်၌လည်း 'မြတ်သန္တေးကား၊ ဦးဆေးခေါင်းလျှော်၊ မျို့သစ်ခေါ်၏' ဟုပင်ပြခဲ့ပါသည်။ ဖော်ပြပါ အစပ်အဖွဲ့များကို မှီ၍ မကွေးဝန်ထောက်မင်းကြီး ကျမ်းပြုစုရာတွင် 'ဦးခေါင်းသန္တေး၊ မြို့သန္တေး၊ သန္တေးစင်နေ၊ ဗျာဒိတ်ရေ၊ ရေးလေတယုဉ်လျက်' ဟု ညွှန်းဆိုခဲ့ပါသည်။ 'သန်' ရေးလျက် 'သ' ဖတ်ရန်ဟူသော ခေါင်းစဉ်အောက်တွင် ဖြစ်ပါသည်။

ဤသို့လျှင် 'သန္တေး' ၏ အနက်အဓိပ္ပာယ်ကို ပြည်စောင့်နတ်၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်တို့ကို ပူဇော်ပသသည်။ မြို့ပြပြည်ရွာစသည်တို့ ဘေးအန္တရာယ်ကင်းအောင် ပူဇော်ပသသည်။ ဂြိုဟ်စသည်ကို ပူဇော်ပသသည်ဟူ၍ မှတ်ယူသုံးနှုန်းခဲ့ကြပါသည်။ ထိုမှတစ်ဆင့် အန္တရာယ်ကင်းဝေးစေကြောင်း အညစ်အကြေးဆေးလျှော်သည်။ မင်္ဂလာအလို့ငှာ ဦးခေါင်းဆေးလျှော်သည်ဟူ၍ ဆင့်ပွားအဓိပ္ပာယ် အသုံးကွယ်ခဲ့ကြသည်ကို မှတ်သားရပါသည်။

ယခုတစ်ဖန် 'သန္တေး'နှင့်ပတ်သက်၍ အနက်လျဉ်းပါး အသုံးမှားနေသည့် ဝေါဟာရတစ်လုံးအကြောင်းကို တင်ပြရန်ဖြစ်လာပါသည်။ ယင်းဝေါဟာရ မှာ 'သန္ဓေး' ဟူသော ဝေါဟာရဖြစ်သည်။ နသတ်အောက်တွင် ဓအောက်ခြိုက်တွဲလျက် (တဝဂ်၏ စတုတ္ထက္ခရာတွဲလျက်) ရေးသော 'သန္ဓေး'ဟူသော ဝေါဟာရဖြစ်ပါသည်။ 'သန္ဓေး'၏ အနက်အဓိပ္ပာယ်ကို 'ခွက်၊ ဖလား' ဟု ဖွင့်ဆိုကြပါသည်။ မဃဒေဝလင်္ကာသစ်တွင် 'မင်္ဂလာသန္တေး၊ ရွှေသန္ဓေးဖြင့်၊ ဦးဆေးစင်လျှော်' (မဃ*၄၁၆) ဟု စပ်ဆိုရာတွင် 'မင်္ဂလာသန္တေး'၌ တဝဂ်ပထမက္ခရာ တ-ဖြင့်၊ ရွှေသန္ဓေးဖြင့်၌ခွက်၊ ဖလားဟော သန္ဓေးကို တဝဂ် စတုတ္ထက္ခရာ ဓ-ဖြင့် ရေးထုံးပြုကြောင်း ခွဲခြားမှတ်သားစေပါသည်။

အထက်တွင်ဖော်ပြခဲ့သော တွင်းသင်းမင်းကြီး အာဘော်နှင့်အညီ ဖွဲ့ဆိုသည့် ပေါရာဏကထာလင်္ကာတွင် 'မြတ်သန္တေးကား၊ ဦးခေါင်းလျှော်၊ မျို့သစ်ခေါ်၏။ လူ့ဘော်ခေါ်ရေး၊ ခွက်သန္ဓေးကား၊ ငွေကြေးဖလား' ဟူ၍ 'သန္တေး' (တနှင့်) နှင့် 'သန္ဓေး' (ဓနှင့်) ကို ခွဲခြားပြသခဲ့ပေသည်။ အထက်တွင် ဖော်ပြခဲ့သော သတ်ထူးကျမ်းတွင်လည်း မကွေးဝန်ထောက်မင်းကြီး မဟာမင်းလှစည်သူက 'ဦးခေါင်းသန္တေး၊ မြို့သန္တေး၊ သန္တေးစင်နေ၊ ဗျာဒိတ်ရေ၊ ရေးလေတယုဉ်လျက်၊ ဖလားသန္ဓေး၊ သောက်ရေကြွေး၊ ရေးလျှင် ဓ နှင့်ပက်'ဟု ညွှန်းပြခဲ့ပေသည်။ ဦးခေါင်းသန္တေးခြင်း၊ မြို့သန္တေးခြင်းနှင့် သန္တေးစင်နေ၊ ဗျာဒိတ်ရေကို ပထမက္ခရာ တ-နှင့် ရေးပါ၊ ဖလား သန္ဓေးကို စတုတ္ထက္ခရာ ဓ-နှင့် ရေးပါဟု ဆိုလိုသည်။

ဤတွင် သန္တေး၊ သန္ဓေး လျဉ်းပါးရောထွေးသွားရသည်မှာ ဤသို့ဖြစ်သည်။ စင်စစ်အားဖြင့် စတုတ္ထက္ခရာ ဓ-နှင့်ရေးသော သန္ဓေးဟူ၍မရှိနိုင်ပါ။ ဦးခေါင်းသန္တေးရော၊ ဖလားသန္ဓေးပါနှစ်ခုလုံး ပထမက္ခရာ တ-နှင့်ပင် ရှိရပါမည်။ ဦးခေါင်းဆေးလျှော်ရာတွင် အသုံးပြုသောဖလား တစ်နည်းအားဖြင့်သန္တေးဖလားဟု ဆိုခဲ့ခြင်းဖြစ်သည်။ မြန်မာစာအဖွဲ့ပြုစုသော ခရီးဆောင်မြန်မာအဘိဓာန်တွင် ပေါရာဏစကား၊ ရှေးစကားဖြစ်သော သန္ဓေး၏အဓိပ္ပာယ်ကို 'ငြိမ်းချမ်းအောင် မင်္ဂလာပြုသည်ဟူ၍ လည်းကောင်း၊ ထိုသို့ မင်္ဂလာပြုရာတွင် ရေစင်ထည့်သော ဖလားဟူ၍လည်းကောင်း' ဖွင့်ပြထားပါသည်။ ဤတွင် 'သန္တေး' ဖလား (ပထမက္ခရာ တ-နှင့်) ကို သန္ဓေးဖလား (စတုတ္ထက္ခရာ ဓ-နှင့်) ရေးနိုင်ကြောင်းလည်း ရှေးဆရာကြီးများအား လေးစားသဖြင့် နှစ်ချက်သင့်ဝေါဟာရအဖြစ် ပြထားပါသည်။

ရောထွေးလျဉ်းပါး 'သန္တေး' နှင့် 'သန္ဓေး' အရေးများကိုဆက်၍ ရှင်းပြလိုသည်။ ရှေးဆရာများက သန္တေးဖလားဟုရေးရမည်ကို 'ဦးခေါင်းသန္တေး' နှင့် ကွဲအောင် ပထမက္ခရာနှင့် ကွဲအောင် ပထမအက္ခရာ တ-ကို စတုတ္ထက္ခရာ ဓ-နှင့် ဖလှယ်၍ ရေးမှတ်ခဲ့ကြဟန်တူပါသည်။ အကယ်စင်စစ် ဦးခေါင်းဆေးလျှော်သည်ကိုလည်း 'သန္တေး'၊ ဦးခေါင်းဆေးလျှော်ရာ၊ သန္တေးရာတွင် သုံးသော ဖလားကိုလည်း 'သန္တေး' ဟုပင်ရေးမှ မှန်ကန်ပါလိမ့်မည်။

ခွက်၊ ဖလားဟော သန္တေးကို ပုဂံခေတ်ကျောက်စာများတွင် တွင်တွင်ကျယ်ကျယ် ရေးထိုးကြသည်ကို များစွာတွေ့မြင်နိုင်ပါသည်။ ပုဂံကျောက်စာများတွင်မူ 'သန္တေး'ဟု ဆင့်လျက် မရေးဘဲ 'သန်တေ'၊ 'သန်တိယ်'ဟုသာ ခွဲလျက် ရေးထိုးကြပါသည်။

လင်ပန် ၁ သန်တိယ် ၂ ခွပ် စာလောင် ၁ (လင်ပန်း ၁၊ သန္တေး ၂၊ စလောင်း ၁) (ပုံအမှတ် ၇၀၊ က ၁၂-၁၃)

လင်ပန်သန်တေ စလောင်ဘလာ သင်ပုတ်ခွက်အစုံ (လင်ပန်းသန္တေး၊ စလောင်းဖလား၊ သင်ပုတ်ခွက်အစုံ) (ပုံအမှတ် ၄၀၃/ခ၊ က ၁၅)

လင်ပန် ၂ ခ္လပ်၊ သန်တိယ် ၅ ခ္လပ်၊ စာလောင် ၁ ခ္လပ် (လင်ပန်း ၂ ချပ်၊ သန္တေး ၅ ချပ်၊ စလောင်း ၁ ခ္လပ်) (ပုံအမှတ် ၂၆၂၊ က ၂၂-၂၃။)

သန်တိယ်ဖလာအစုံပိယ်သတေ (သန္တေးဖလား၊ အစုံပေးသတည်း) (ပုံအမှတ် ၄၂၄၊ က ၆)

ဤသည်တို့မှာ ပုဂံကျောက်စာလာသန်တိယ်၊ သန်တေအရေးအချို့ကို ထုတ်နုတ်ပြခြင်း ဖြစ်ပေသည်။ ထူးခြားမှတ်သားဖွယ်ကောင်းသည်မှာ 'သန္တေး' ကို မျိုးပြပစ္စည်းအနေဖြင့် 'လုံး' ဟူသော မျိုးပြပစ္စည်းကို မသုံးဘဲ 'ချပ်' ဟူသော မျိုးပြပစ္စည်းကိုသာ သုံးသဖြင့် 'သန္တေး' သည် ယခုခေတ် 'ဖလား' ကဲ့သို့ ဖောက်နက်နက်နှင့် လုံးလုံးဝန်းဝန်း အရာဝတ္ထုဟု ယူဆရန်မရှိပါ။ 'ချပ်' ဟူသော မျိုးပြပစ္စည်းကိုသုံးသဖြင့် လင်ပန်းကဲ့သို့၊ စလောင်းကဲ့သို့ ဖောက်မနက်သော ခပ်ပြားပြားအရာဝတ္ထုဖြစ်မည်ဟု ခန့်မှန်းရပေသည်။ ခေါင်းလျှော်ရာတွင် သန္တေးရာတွင် သုံးသောပစ္စည်းဖြစ်သည်ဟုကား သိမှတ်နိုင်ပါသည်။

ဤတွင် သန္တေးနှင့်စပ်လျဉ်း၍ သိမှတ်ဖွယ်အစုံကို ရှင်းပြခဲ့ပြီးဖြစ်ပါသည်။ အဓိကပြောလိုသော အချက်မှာ သန္တေး၏မူလအနက်သည်

၁။ ဂြိုဟ်နတ်ပူဇော်သည်

၂။ သန့်ရှင်းစင်ကြယ်အောင်ပြုသည်

၃။ ဦးခေါင်းဆေးလျှော်သည်

၄။ ဦးခေါင်းလျှော်ရာတွင် သုံးရသောခွက်၊ ဖလား ဟူသောအနက်များမှတစ်ဆင့် အသံရော၊ အရေးပါ ပြောင်းရွှေ့လျက် 'စတေး' ဟူသော ဝေါဟာရအနေဖြင့် တွင်ကျယ်လာပါသည်။ စတေးကို ရေးအခါက မြို့တည်ခြင်း၊ ကန်ဆည်မြောင်းတူးဖော်ခြင်း စသည့်ကိစ္စတို့တွင် လုပ်ငန်းပြီးဆုံးအောင်မြင်ရေးအတွက် နတ်ပသသည်ဟူသော အနက်၊ ဥပစာအားဖြင့် (ယုံကြည်ချက်အတွက်) အဆုံးရှုံးခံဆောင်ရွက်သည် ဟူသောအနက် အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။ ယခုအခါ တစ်ဆင့်အားဖြင့် အသက်အသေခံသည်၊ အသက်ကိုစွန့်လွှတ်သည်၊ ပစ္စည်းဥစ္စာ စသည်တို့ကို အဆုံးအရှုံးခံသည်၊ စွန့်လွှတ်သည်ဟု ဆိုကြပါသတည်း။

**မြန်မာစာကို ချစ်မြတ်နိုးတတ်ပါစေ။**


**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ကနေဒါနိုင်ငံ အယ်ဘတ်တာပြည်နယ်တွင် လောင်ကျွမ်းနေသည့်တောမီး ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေဆဲဖြစ်



**အော့တဝါ ဇူလိုင် ၇**

ကနေဒါနိုင်ငံ အယ်ဘတ်တာ ပြည်နယ် မြောက်ဘက်ပိုင်းတွင် ဇူလိုင် ၃ ရက်မှစတင်၍ တောမီး လောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး တောမီးကို ထိန်းချုပ်နိုင်ရန် ကြိုးစားနေသော်လည်း မိုးလေဝသအခြေအနေကြောင့် တောမီးလောင်ကျွမ်းမှုမှာ ယနေ့ထိ ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေဆဲဖြစ်ကြောင်း ကနေဒါအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုသည် ကနေဒါနိုင်ငံ၏ ဒုတိယမြောက် အကြီးမားဆုံး စွမ်းအင်နှင့်ရေနံကုမ္ပဏီဖြစ်သည့် Suncor Energy ကုမ္ပဏီ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ကွက် အနီးတွင် လောင်ကျွမ်းနေခြင်းဖြစ်ပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်မှုကို ရပ်ဆိုင်းထားကြောင်းလည်း Suncor Energy ကုမ္ပဏီက ထုတ်ပြန်သွားခဲ့သည်။

"အယ်ဘတ်တာပြည်နယ်မြောက်ဘက်ပိုင်း တောမီးလောင်ကျွမ်းမှုကို အရေးပေါ်အဆင့်အဖြစ် သတ်မှတ်ထားဆဲဖြစ်ပါတယ်။ အခြေခံအဆောက်အအုံတွေဆီ ကူးစက်လောင်ကျွမ်းတာ မရှိသေးပေမဲ့လဲ မိုးလေဝသ အခြေအနေကြောင့် အချိန်မရွေးကူးစက်လောင်ကျွမ်းနိုင်တဲ့အခြေအနေဖြစ်ပါတယ်။ တောမီး လောင်ကျွမ်းနေတဲ့ နေရာကလဲ ရေနံနဲ့ သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ကွက်နဲ့ နီးကပ်နေတဲ့အတွက် အန္တရာယ်ရှိတဲ့အခြေအနေဖြစ်ပါတယ်။ တောမီးကို အမြန်ဆုံး ထိန်းချုပ်နိုင်ဖို့ လေကြောင်းအကူအညီကိုရယူထားပါတယ်"ဟု အယ်ဘတ်တာပြည်နယ် မီးသတ်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဧက ၁၂၀၀၀ ကျော်ထိ ပျက်စီးသွားခဲ့ပြီး အခြေခံအဆောက်အအုံများသို့ ကူးစက်လာနိုင်သည့်အခြေအနေဖြစ်သည့်အတွက်ကြောင့်လည်း အရေးပေါ်အခြေအနေအဆင့်ကို မလျှော့ချသေးခြင်းဖြစ်ကြောင်း အယ်ဘတ်တာပြည်နယ် မီးသတ်တပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# အမေရိကန်နိုင်ငံရှိ လူဦးရေ သန်း ၁၃၀ ခန့် လာမည့်သီတင်းပတ်အတွင်း မြင့်မားသောအပူချိန်ဖြင့် ရင်ဆိုင်ရဖွယ်ရှိ

**နယူးယောက် ဇူလိုင် ၇**

အမေရိကန်နိုင်ငံရှိ လူဦးရေ သန်း ၁၃၀ ခန့်သည် လာမည့်သီတင်းပတ်အတွင်း မြင့်မားသောအပူချိန်ဖြင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း မိုးလေဝသဆိုင်ရာကျွမ်းကျင်သူများက ထုတ်ပြန်ခဲ့သည်ဟု ဇူလိုင် ၆ ရက် သတင်းများအရ သိရသည်။

ယခုသီတင်းပတ်ကုန်ရက်များမှ စတင်၍ အပူချိန်ဆက်တိုက်မြင့်တက်လာနိုင်သဖြင့် လာမည့်သီတင်းပတ်အတွင်း အမေရိကန်နိုင်ငံမှ ပြည်သူသန်း ၁၃၀ ခန့်သည် အပူချိန်မြင့်တက်မှုဒဏ်ကို ခံစားရဖွယ်ရှိပြီး ပစိဖိတ်အနောက်မြောက်ပိုင်းဒေသများ၊ အတ္တလန္တိတ်အလယ်ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသများတွင် ပိုမိုဆိုးရွားကာ အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ဖွယ်ရှိကြောင်း အမေရိကန်နိုင်ငံမိုးလေဝသဌာနမှ မိုးလေဝသပညာရှင် ဂျက်ကော့အက်ရှ်မန်က ပြောကြားခဲ့သည်။

"အခုကျရောက်နိုင်တဲ့အပူချိန်က တော်တော်ဆိုးရွားတဲ့ဖြစ်ရပ်တစ်ခုဖြစ်ပါတယ်။ အနည်းဆုံး ဒီသီတင်းပတ် အလယ်လောက်ထိ ဆက်ဖြစ်နေဖို့ ခန့်မှန်းထားပါတယ်" ဟု ဂျက်ကော့အက်ရှ်မန်က ပြောကြားခဲ့သည်။

ကမ္ဘာပေါ်ရှိ အပူဆုံးနေရာများထဲတွင် တစ်ခုအပါအဝင်ဖြစ်သော ကယ်လီဖိုးနီးယားပြည်နယ် Death Velly အမျိုးသားဥယျာဉ်တည်ရှိရာဒေသတွင် ဇူလိုင် ၅ ရက်က အပူချိန်မြင့်တက်ခဲ့ပြီး ၅၂ ဒသမ ၈ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ရာ ၂၀၁၃ ခုနှစ်က စံချိန်တင်ထားခဲ့သောအပူချိန် ၅၀ ဒီဂရီစင်တီဂရိတ်ထက် ပို၍မြင့်တက်ခဲ့ကြောင်း သိရသည်။

လာမည့်ရက်များအတွင်း အပူချိန်မြင့်တက်မှုသည် ပျမ်းမျှထက် ၈ ဒီဂရီစင်တီဂရိတ်မှ ၁၆ ဒီဂရီစင်တီဂရိတ်ထက် ပိုများနိုင်ကြောင်း အမျိုးသား မိုးလေဝသဌာနက ထုတ်ပြန်ထားပြီး ပြည်သူများအနေဖြင့် ရေများများသောက်ရန်နှင့်အပူရှောင်နိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြရန် တိုက်တွန်းထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : AZH**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရေကြီးရေလျှံမှုများကြောင့် လူ ရှစ်ဦးသေဆုံးပြီး လူဦးရေ နှစ်သန်းကျော်ထိ ရေကြီးရေလျှံမှုဒဏ်ခံစားနေရ

**ဒါကာ ဇူလိုင် ၇**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပြီးခဲ့သည့်သီတင်းပတ်အတွင်းမှ စတင်၍ ရေကြီးရေလျှံမှုများကြောင့် လူရှစ်ဦးထိ သေဆုံးခဲ့ပြီး လူဦးရေနှစ်သန်းကျော်ထိ ရေကြီးရေလျှံမှုဒဏ်ခံစားနေရကြောင်း တာဝန်ရှိသူများ၏ ဇူလိုင် ၆ ရက်ထုတ်ပြန်ချက်များအရ သိရသည်။

သေဆုံးသူရှစ်ဦးတွင် ရာချ်ရှာဟီတိုင်းဒေသကြီးရှိ ရှာဂျာဒါခရိုင်ခွဲတွင် ရေကြီးမှုကြောင့် လှေတစ်စင်းနစ်မြုပ်စဉ် ဆယ်ကျော်သက်လူငယ်နှစ်ဦး ရေနစ်သေဆုံးခဲ့ပြီး ရပ်ပူတိုင်းဒေသကြီးရှိ ကူရီဂရမ်ခရိုင်မှ ဓာတ်လိုက်၍ သေဆုံးသူသုံးဦးနှင့် နိုင်ငံတစ်ဝန်း ရေကြီးမှုနှင့်ဆက်နွှယ်သည့် သီးခြားဖြစ်ရပ်များကြောင့် သေဆုံးသူ သုံးဦး စုစုပေါင်း သေဆုံးသူ ရှစ်ဦးထိ ရှိလာကြောင်း သိရသည်။

ရေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် ရာနှင့်ချီသော ထည်းခိုရေးစခန်းများ ဖွင့်လှစ်ထားပြီး နိုင်ငံမြောက်ဘက်ရှိ ရေကြီးရေလျှံမှု ပြင်းထန်သောဒေသများသို့ စားနပ်ရိက္ခာနှင့်ပံ့ပိုးရေးပစ္စည်းများ ပေးပို့ထားကြောင်းလည်း အစိုးရက ကြေညာထားသည်။



ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အဓိကမြစ်ကြီးတစ်စင်းဖြစ်သော ဗြဟ္မပုတ္တရမြစ်သည် အချို့နေရာများတွင် အန္တရာယ်အဆင့်ထက်ကျော်လွန်၍ မြစ်ရေမြင့်တက်လျက်ရှိရာ လာမည့်ရက်များအတွင်း ရေကြီးရေလျှံမှု အန္တရာယ် ပိုမိုဆိုးရွားလာနိုင်ကြောင်း နိုင်ငံ၏ဘေးအန္တရာယ်စီမံခန့်ခွဲရေးဝန်ကြီးဌာန အတွင်းရေးမှူး ကမ်ရူဟက်ဆန်က သတိပေးပြောကြားထားသည်။

ရေကြီးမှုကြောင့် နိုင်ငံအတွင်းရှိ ခရိုင် ၆၄ ခုအနက် ခရိုင် ၁၇ ခု၌ ဘေးအန္တရာယ်ကိုရင်ဆိုင်နေရကြောင်း ဘေးအန္တရာယ်စီမံခန့်ခွဲရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောသတင်းများအရ သိရသည်။

**Ref : Xinhua News**
**Trs : AZH**

# သစ်တောပြုန်းတီးမှုထိန်းချုပ်ရေးဥပဒေပြဋ္ဌာန်းမှုကို အချိန်ဆွဲစေလိုကြောင်း ဥရောပသမဂ္ဂကို ဥရောပနိုင်ငံတချို့ တောင်းဆို

**ဘရပ်ဆဲလ် ဇူလိုင် ၇**

ဘယ်လ်ဂျီယံနိုင်ငံအခြေစိုက် ဥရောပသမဂ္ဂက အတည်ပြုမည့် သစ်တောပြုန်းတီးမှု ထိန်းချုပ်ရေး ဥပဒေပြဋ္ဌာန်းမှုကို အချိန်ဆွဲစေလိုကြောင်း ဥရောပနိုင်ငံတချို့က တောင်းဆိုမှုများပြုလုပ်လာခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

သစ်တောပြုန်းတီးမှုထိန်းချုပ်ရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းလိုက်ပါက သီးနှံများစိုက်ပျိုးရေးအတွက် မြေနေရာများ ကန့်သတ်ချက်များရှိလာနိုင်ပြီး စိုက်ပျိုးရေးကဏ္ဍအတွက် အခက်တွေ့လေလာနိုင်သည့် အခြေအနေဖြစ်ကြောင်း၊ သစ်တောပြုန်းတီးမှု ထိန်းချုပ်ရေးဥပဒေအရ သစ်တောပြုန်းတီးမှုကို ဖြစ်ပေါ်စေသောအခြေအနေမှ ထွက်ရှိသည့် သီးနှံများကို ဥရောပနိုင်ငံများအတွင်းတင်ပို့ရောင်းချမှုကို ဥရောပသမဂ္ဂက ပိတ်ပင်သွားမည်ဖြစ်သည့်အတွက် စိုက်ပျိုးသီးနှံထွက်ကုန်ဈေးကွက်ကိုထိခိုက်လာစေနိုင်သည့် အခြေအနေဖြစ်ကြောင်း သိရသည်။

ဥရောပသမဂ္ဂက ဦးဆောင်ပြဋ္ဌာန်းသွားမည့် သစ်တောပြုန်းတီးမှုထိန်းချုပ်ရေးဥပဒေကို အမေရိကန်အခြေစိုက် စိုက်ပျိုးသီးနှံထုတ်ကုန်ကုမ္ပဏီတချို့ကလည်း ဥရောပတိုက်အတွင်း သီးနှံထွက်ကုန်တင်ပို့မှုကို ကန့်သတ်ချက်များ ဖြစ်ပေါ်လာစေနိုင်ခြင်းကြောင့် ဥပဒေပြဋ္ဌာန်းသွားမည်ကို အချိန်ဆွဲစေလိုကြောင်း၊ Confederation of European Paper Industries (CEPI) ကလည်း စက္ကူဈေးကွက်ကို ထိခိုက်လာစေနိုင်ခြင်းကြောင့် ဥပဒေပြဋ္ဌာန်းသွားမည်ကို အချိန်တစ်ခုထိ ဆိုင်းငံ့ထားသင့်ကြောင်း တိုက်တွန်းခဲ့သည်။

Confederation of European Paper Industries (CEPI) က ဇူလိုင် ၂ ရက်က သစ်တောပြုန်းတီးမှု ထိန်းချုပ်ရေးဥပဒေပြဋ္ဌာန်းသွားမည်ကို ပြန်လည်စဉ်းစားသင့်ကြောင်း အကြံပြုစာတစ်စောင် ထုတ်ပြန်ထားပြီးဖြစ်သော်လည်း ဥပဒေပြဋ္ဌာန်းရေးနှင့် ပတ်သက်၍ တောင်းဆိုမှုများနှင့် ပတ်သက်ပြီး ဥရောပသမဂ္ဂက တစ်စုံတစ်ရာ တုံ့ပြန်ခဲ့ခြင်းမရှိသေးဘဲ အကြံပြုချက်များကိုလည်း ပြန်လည်ဖြေရှင်းခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်သို့ ဘာရယ်ဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေ

**ဝါရှင်တန် ဇူလိုင် ၇**


မက္ကဆီကိုနိုင်ငံ ယူကာတန်ကျွန်းဆွယ်သို့ ဝင်ရောက်တိုက်ခတ်နေသည့် ဘာရယ်ဟာရီကိန်းမုန်တိုင်းသည် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်သို့ လာမည့်ရက်ပိုင်းအတွင်း ဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေကြောင်း အမေရိကန် အမျိုးသားဟာရီကိန်းစင်တာ (NHC)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မုန်တိုင်းဒဏ်သင့်ဧရိယာများကို မုန်တိုင်းအန္တရာယ်အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားဆဲဖြစ်ပြီး ဘာရယ်ဟာရီကိန်းမုန်တိုင်းသည် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်သို့ ဦးတည်နေသည့်အတွက် တက္ကဆက်ပြည်နယ်မှ ပြည်သူများအနေဖြင့် မုန်တိုင်းအန္တရာယ်ကို ရင်ဆိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်ကြောင်း NHC က သတိပေးချက် ထုတ်ပြန်ခဲ့သည်။

"မက္ကဆီကိုနိုင်ငံမှာ တိုက်ခတ်နေတဲ့ ဘာရယ်ဟာရီကိန်းမုန်တိုင်းဟာ မက္ကဆီကိုပင်လယ်ကွေ့ကနေတစ်ဆင့် အမေရိကန်နယ်နိမိတ်ထဲကို ဝင်ရောက်လာဖွယ်ရှိနေပြီး တက္ကဆက်ပြည်နယ်ကို ကနဦးဝင်ရောက်ဖွယ် ရှိနေပါတယ်"ဟု NHC မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မက္ကဆီကိုနိုင်ငံတွင် တိုက်ခတ်နေသည့် ဘာရယ်ဟာရီကိန်းမုန်တိုင်းသည် ယနေ့မှစတင်၍ ပြင်းအားမှာ တစ်နာရီ ၆၅ မိုင်ထိ ကျဆင်းသွားခဲ့ပြီး မက္ကဆီကိုနိုင်ငံ မက္ကဆီကို ပင်လယ်ကွေ့မှ တစ်ဆင့် အမေရိကန်နိုင်ငံသို့ ဦးတည် ရွေ့ပြောင်းဖွယ်ရှိနေကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**



# ဝင်ငွေ

ပိုင်ဆု(ပညာရေး)

(၁)

"ဒီနေ့ လစာထုတ်ရက် စောစောပြန်လာခဲ့နော်"

"အေးပါ မိန်းမရာ"

"အေးပါလုပ်မနေနဲ့။ ရှင့်အလုပ်ကလဲ လစာက တက်လာတယ်ကိုမရှိဘူး။ အလုပ်တွေကသာ တိုးတိုးလာတာ"

မိန်းမဖြစ်သူမိချို၏ ပြောစကားကြောင့် အောင်ဝင်း ပြုံးမိသည်။ မိချိုပြောတာလည်း ဟုတ်သည်။ သို့သော်လည်း အလုပ်တွေရှားပါးနေချိန်မှာ လက်ရှိရုံးစာရေးလေးဘဝကိုပဲ အမြစ်ပြုတ်မသွားရန် ဖက်တွယ်ထားရသည်။

"မိန်းမရယ် အခြားအလုပ်ရှာဖို့ဆိုတာလဲ မသေချာဘူးလေ။ ဒါပေမဲ့ စိတ်မပူပါနဲ့။ ငါလဲ ကြိုးစားနေပါတယ်"

"ကျွန်မလဲသိပါတယ်။ ဒါနဲ့ ဘေးအိမ်က စိုးကျော်ကို သိတယ်မလား။ အခုတလော အလုပ်တွေအဆင်ပြေနေတယ်ထင်တယ်။ သူ့မိန်းမ မိုးသီတာဆိုရင် အကြွေးတွေကျေလို့ အခုဆိုရင် ရပ်ကွက်ထဲမှာ မော်ကြွားကြွားပြီး ဟိုဟာဝယ်လိုက် ဒီဟာဝယ်လိုက်နဲ့"

အလုပ်ကို လက်ကြောတင်းအောင်မလုပ်သော စိုးကျော်က အလုပ်အဆင်ပြေနေတော့ သူအံ့ဩမိသည်။ မိချိုကမ်းပေးလာသော ထမင်းချိုင့်ကိုလှမ်းယူလိုက်ရင်း မေးလိုက်သည်။

"အမယ် စိုးကျော်က ဘာအလုပ်တွေ လုပ်နေလို့တုံးဟ"

"မသိပါဘူးရှင်။မိုးသီတာပြောတာကတော့ ကုမ္ပဏီတစ်ခုမှာဆိုလားပဲ ဝင်ငွေလဲ အရမ်းကောင်းတယ်တဲ့"

"ဟုတ်လို့လားဟာ။ လေးတန်းတောင်မအောင်တဲ့သူက ကုမ္ပဏီဆိုတော့ အင်းပေါ့လေ။ တစ်ယောက်နဲ့တစ်ယောက်ကံတရားမှမတူတာ သူတို့မိသားစုဝင်ငွေကောင်းတယ်ဆိုတော့လဲ ဝမ်းသာရတာပေါ့ဟာ"

"ဟုတ်ပါတယ်လေ။ ကျွန်မလဲ သူတို့ဝင်ငွေကောင်းတယ်ဆိုတော့ ကျွန်မတို့လဲ ဝင်ငွေလေးကောင်းချင်လို့ ရှင့်ကိုပြောမိတာပါ။ ဒါပေမဲ့ အခုလဲအဆင်ပြေပါတယ်။ ကျွန်မက ရှင့်အလုပ်တွေပင်ပန်းပြီး တစ်ခါတလေအိမ်ကိုတောင် အလုပ်တွေယူလာရတာ တွေမြင်နေလို့ ပြောမိတာပါ"

မျက်နှာငယ်လေးဖြင့်ပြောလာသော မိချို၏စကားကြောင့် စိတ်မကောင်းဖြစ်မိသော်လည်း ဟန်ဆောင်ပြုံးလိုက်သည်။ မည်သို့ပင်ဆိုစေ သူများတွေလိုသုံးဖြုန်းမနေနိုင်သော်လည်း အကြွေးအပူကင်းကင်းနဲ့ ပုံစံမပျက်နေနိုင်သည့် ဘဝလေးကိုပင် ကျေနပ်နေခဲ့ရသည်။

(၂)

အလုပ်သွားရန် အချိန်စောသေးသည့်အတွက် လက်ဖက်ရည်ဆိုင်ခဏထိုင်လိုက်သေးသည်။ ပေါ့ဆိမ့်တစ်ခွက်မှာသောက်ရင်း ပတ်ဝန်းကျင်ကိုငေးကာ အတွေးစာဖွဲ့နေစဉ်မှာပဲ အလုပ်သွားဖို့ တက္ကစီတစ်စီးပေါ်တက်သွားသော စိုးကျော်ကို တွေ့လိုက်ရသည်။

"ဦးလေး ဘယ်နှစ်နာရီရှိပြီလဲ"

သူထိုင်နေသော လက်ဖက်ရည်ဝိုင်းနားသို့ရောက်လာပြီးမေးသော ၁၀နှစ်အရွယ်ကလေးမကလေးတစ်ယောက်ကြောင့် လက်ထဲကနာရီကို ကြည့်ကာပြန်ပြောလိုက်သည်။ ကောင်မကလေးကိုကြည့်ရသည်မှာ အဆင်မပြေသည့်အတွက် ပိုက်ဆံတောင်းရမ်းစားသောက်နေရပုံဖြစ်သည်။

"၈နာရီ ၁၀မိနစ်"

"ဟုတ်"

ထိုစဉ်မှာပင် ဆိုင်ရှင်မှ ထိုကလေးမကို မကျေနပ်သည့်ပုံစံဖြင့် အော်ဟစ်မောင်းထုတ်လိုက်သည်။ သူလည်း နားမလည်စွာဖြင့် ဘေးဝိုင်းတွင်ထိုင်နေသော ရပ်ကွက်ထဲမှ ဆယ်အိမ်မှူး ကိုခင်သောင်းကို ပြောလိုက်သည်။

"ဆိုင်ရှင်တွေကလဲဗျာ ကလေးမလေး ဆိုင်ထဲဝင်တာပဲ။ ဒီလောက်မောင်းထုတ်နေရသေးတယ်။ သူ့ခမျာ ရိုးရိုးသားသား ပိုက်ဆံလိုက်တောင်းနေတာကို"

သူ့စကားကြောင့် ကိုခင်သောင်းသည် သောက်လက်စ လက်ဖက်ရည်ခွက်ကိုကိုင်ကာ သူ့ဝိုင်းသို့ ပြောင်းထိုင်လာတော့သည်။

"ဩော်. . . ကိုအောင်ဝင်းရယ်။ သူတို့ကလဲ သူတို့ပဲလေ အချောင်ရ၊ အချောင်စားချင်နေကြတာ။ မိဘတွေကလဲ ဒီအလုပ်ပဲလုပ်နေကြတာဗျ"

"ဟင် ဘယ်လိုလဲ။ ကျွန်တော့်ကိုပြောပြပါအုံးဗျ"

"ဒီလိုဗျာ။ အချို့ကတော့ တကယ်အဆင်မပြေလို့ တောင်းရမ်းစားသောက်နေသူတွေရှိသလို၊ အချို့ကတော့ စီးပွားဖြစ်လုပ်စားနေကြတာဗျ။ သူတို့ရဲ့ တစ်နေ့တစ်နေ့ဝင်ငွေကလဲ မနည်းဘူးလေဗျာ"

"ဒီကလေးငယ်တွေရဲ့ အရွယ်တွေက ကျောင်းနေရမဲ့အရွယ်တွေပဲ။ မိဘတွေက ကျောင်းမထားနိုင်လို့လား။ အချောင်နေ၊ အချောင်စားနေရလို့လားတော့ မသိဘူး။ ကလေးတွေရဲ့ အနာဂတ်က မကောင်းပါဘူးဗျာ"

"အင်း ကိုခင်သောင်းပြောတာလဲ ဟုတ်တာပဲ။ ဒါပေမဲ့ အဆင်မပြေချိန်မှာ ခိုးဆိုးလုယက်မလုပ်ဘဲ ဒီလိုတောင်းစားနေတာ တော်သေးတယ်လို့ပဲ ပြောရမယ်"

"ဟုတ်တာတော့ဟုတ်ပါတယ်။ ကလေးတွေက အလုပ်လုပ်ရမဲ့ အရွယ်မဟုတ်တော့ တောင်းစားတာ တော်သေးတာပေါ့။ ဩော်. . . ဟိုမှာကြည့်စမ်း။ ဟိုလူကို ခင်ဗျားတွေ့လား"

ကိုခင်သောင်း ညွှန်ပြရာကြည့်လိုက်တော့ သူတို့အရွယ် အသက် ၃၀ ဝန်းကျင် အမျိုးသားတစ်ဦး။ လက်ထဲတွင်စာရွက်များ ကိုင်ထားသည်။ လက်တစ်ဖက်တွင်တော့ သုံးနှစ်အရွယ် ကလေးမကလေး တစ်ယောက်ကို ကိုင်ထားသည်။ ခဏကြာ မှတ်တိုင်သို့ဝင်လာသော လိုင်းကားပေါ်သို့ တက်သွားတော့သည်။

"ကိုအောင်ဝင်း ခင်ဗျားတွေ့တယ်မလား။ အလုပ်လုပ်နိုင်ရဲ့သားနဲ့ အလုပ်မလုပ်ဘဲ ဒီလိုတောင်းစားနေတာ"

"ဟုတ်ပဗျာ အလွယ်လမ်းစဉ်လိုက်နေကြတာ။ ဒီလိုခြေလက်ကောင်းနေပါလျက်နဲ့ စာရွက်တွေကမ်းပြီး ပိုက်ဆံလိုက်တောင်းနေတာ။ ဘေးနားက သူ့သမီးလေးကိုတော့ သနားပါတယ်ဗျာ"

"ဟားဟား အဲဒါသူ့သမီးမဟုတ်ဘူးဗျ။ တောင်းစားဖို့အတွက် နေ့တွက်ခနဲ့ငှားလာတာလေ။ အဲဒီလိုကလေးတွေမွေးပြီး တောင်းစားမဲ့သူတွေဆီ အငှားလိုက်ချတဲ့ မိဘတွေကလဲ ရှိသေးပါရဲ့ဗျာ။ ဒါကြောင့် ဒီအလုပ် လုပ်တိုင်း ရိုးသားတယ်လို့ သတ်မှတ်လို့မရဘူးပေါ့ဗျာ"

"အေးဗျာ။ ဘာလို့ အဲလိုလုပ်နေကြမှန်းနားမလည်တော့ဘူး"

"အဲဒါ ဝင်ငွေကြောင့်ဗျ ဝင်ငွေကြောင့် ကိုအောင်ဝင်းရေ။ သူတို့ရဲ့တစ်နေ့တစ်နေ့ဝင်ငွေက သုံးလေးသောင်းအနိမ့်ဆုံးပဲလေ။ ကဲ ကဲ ကျွန်တော်လဲ ကျွန်တော့်ဝင်ငွေအတွက် ပြန်လိုက်အုံးမယ်ဗျာ။ ဩော်. . . ကျွန်တော့်လက်ဖက်ရည်ဖိုးကရှင်းပြီးသားနော် ကိုအောင်ဝင်း။ သွားပြီဗျာ"

ကိုခင်သောင်းပြောစကားများထဲတွင် သူ့အတွက်မှတ်သားဖွယ်ရာ၊ သိရှိဖွယ်ရာ အများကြီးရလိုက်သည့်အတွက် ကျေနပ်မိပါသည်။ သူလည်း သူ၏ဝင်ငွေအတွက် အလုပ်သွားရမည်ဖြစ်သောကြောင့် ပိုက်ဆံအမြန်ရှင်းကာ လက်ဖက်ရည်ဆိုင်ထဲမှ ထွက်ခဲ့လိုက်တော့သည်။

(၃)

အိမ်အပြန် မိန်းမဖြစ်သူမိချိုအတွက် ကြာဆံကြော်တစ်ပွဲ ဝင်ဝယ်ခဲ့သည်။ လစာထုတ်ရက်မို့ ပိုက်ဆံအိတ်ကို လွယ်အိတ်အတွင်းဆုံးပိုင်းထိ ထိုးထည့်ထားသည်။ ထို့နောက် ကားပေါ်သို့ တက်လိုက်သည်။ ဂိတ်အစမှစ၍ စီးရသည့်အတွက် နေရာရ၍ တော်သေးသည်။

သိပ်မကြာခင်မှာပဲ ခရီးသည်အတော်အသင့် ရောက်လာပြီဖြစ်သောကြောင့် ကားစတင်ထွက်တော့သည်။ ထိုစဉ်မှာပင် ကားပေါ်သို့ အသက်၂၀ ဝန်းကျင် ကလေးမကလေးတစ်ယောက် တက်လာသည်။ နံနက်ကနာရီလာမေးသော ကလေးမကလေးတော့ မဟုတ်ပေ။ ထို့နောက် သူထိုင်ရာနေရာသို့ ရောက်လာပြီး စာရွက်လေးကို ကမ်းပေးတော့သည်။ သူလည်း ယူကာ ဖတ်ကြည့်လိုက်သည်။ စာရွက်အပိုင်းလေးပေါ်တွင် ကွန်ပျူတာစာစီထားသော-

"သမီးမှာ အဖေမရှိတော့ပါဘူး။ အမေကလဲ နှလုံးရောဂါသည်ပါ။ သမီးအောက်မှာ မောင်လေးသုံးယောက်ရှိပါသေးတယ်။ စားသောက်ဖို့ အခက်အခဲဖြစ်နေလို့ စေတနာရှိသလောက်လှူပေးကြပါရှင်" ဟူသည့် စာကိုတွေ့လိုက်ရသည်။

"ဟော့ ကလေးမ ရော့"

သူလည်းလှမ်းခေါ်ကာ စာရွက်နှင့်အတူ လက်ထဲရှိသော ပိုက်ဆံငါးရာကိုပေးလိုက်သည်။ သူ၏ အခြေအနေမည်သို့ဖြစ်စေ အလှူတစ်ခုအနေဖြင့် ပေးလိုက်ခြင်းဖြစ်သည်။ ကလေးမကလေးကတော့ ပါးစပ်ထဲတွင် ပီကေအစားမပျက်။

ကိုခင်သောင်း ပြောခဲ့သော တောင်းရမ်းစားသောက်သူတို့၏ တစ်နေ့ဝင်ငွေအကြောင်းကို ပြန်စဉ်းစားကြည့်ပြီးပြုံးမိသည်။ ထို့နောက် လွယ်အိတ်ထဲသို့ လက်ထည့်ပြီး သူ၏တစ်လစာဝင်ငွေ လစာအိတ်လေးကိုစမ်းကြည့်လိုက်သည်။ ရိုးသားမှုအပြည့်ဖြင့် မိမိလုပ်အားကြောင့်ရထားသော ဝင်ငွေလေးမို့တန်ဖိုးထားမိသည်။ ရောင့်ရဲတင်းတိမ်ခြင်းသည် အမြတ်ဆုံးဆိုသည့်အတိုင်း သူလည်း သူ၏လက်ရှိဘဝကိုကျေနပ်ပါသည်။ သို့သော်လည်း မိန်းမဖြစ်သူမိချိုအတွက်တော့ ကြိုးစားရပေဦးမည်။

ထိုစဉ်မှာပင် မီးပွိုင့်တစ်ခုရှိ ကားများ၏အလယ်တွင် မထင်မှတ်ထားသော အဖြစ်အပျက်တစ်ခုကိုမြင်တွေ့လိုက်ရသည်။ အံ့အားသင့်မှုများဖြစ်ခဲ့ရသော်လည်း ထိုအဖြစ်အပျက်ကို မိန်းမဖြစ်သူမိချိုကိုပင် ပြန်မပြောဘဲ မျိုသိပ်ထားရန် ဆုံးဖြတ်လိုက်သည်။

"ဩော်. . . ဝင်ငွေ ဝင်ငွေ" ဟုနှုတ်ဖျားမှ ရေရွတ်လိုက်သည်။ ထို့နောက် ကားပေါ်မှမြင်တွေ့လိုက်ရသော မီးပွိုင့်မိနေသည့် ကားများကြားတွင် နွမ်းပါးသောအဝတ်အစားဝတ်ကာ ကလေးတစ်ယောက်ကို လက်ဆွဲပြီး လိုက်လံတောင်းရမ်းနေသော ဘေးအိမ်မှ စိုးကျော်ကို အကြည့်ချင်းမဆုံမိရန် မျက်နှာလွှဲထားလိုက်ပါတော့သည်။

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၇၇၅၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၇၇၅၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးကြိုပဲတီစိမ်း ၁၀၂၀၄ ဧကနှင့်မိုးပဲတီစိမ်း၁၆၄၆ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးကြိုပဲတီစိမ်း ၅၄၉၇ ဧကနှင့်မိုးပဲတီစိမ်း ၂၂၅၉ ဧက စုစုပေါင်း ၇၇၅၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရွှေဘိုမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မိုးကြိုပဲတီစိမ်းနဲ့ မိုးပဲတီစိမ်းဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားတယ်။ ဒီနေ့ထိ ဧက၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်တယ်။ လျာထားချက်ကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီးတိုးချဲ့စိုက်ပျိုးဖို့ အသိပညာပေးတာတွေရှိပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးတာတွေရှိပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေသြဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မိုင်းဖြတ်မြို့နယ် ဆွပ်ပန်း(ရှမ်း) ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မိုင်းဖြတ် ဇူလိုင် ၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ဆွပ်ပန်း(ရှမ်း) ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇူလိုင် ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဝေ၊ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ဆွပ်ပန်း (ရှမ်း) ကျေးရွာ၌ ကုန်ထုတ်လမ်းနှင့် တံတားဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်းက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

မိုင်းဖြတ်မြို့နယ် ဆွပ်ပန်း (ရှမ်း) ကျေးရွာ၌ အရှည် ခြောက်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း၊ အရှည် ပေ ၂၀၊ အကျယ် ၁၄ ပေ၊ အမြင့် ရှစ်ပေ တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် သန်း ၇၀ဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများက ၂၀၂၃ ခုနှစ် သြဂုတ် ၈ ရက်မှ စတင်၍ တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ဇင်မာ**



# တောင်သာမြို့နယ် သပြေပင်ကျေးရွာတွင် စီမံကိန်းမိတ်ဆက်ခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်း

**တောင်သာ ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်မည့် သပြေပင်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့်လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ဇူလိုင် ၆ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရည်ရွယ်ချက်များ၊လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံ ဒေါ်ပပဝင်းခိုင်နှင့် ဝန်ထမ်းများက လုပ်ငန်းအဖွဲ့ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

သပြေပင်ကျေးရွာတွင်စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းစဉ် အဆင့်ဆင့်ဆောင်ရွက်ပြီးပါက ရန်ပုံငွေကျပ်သိန်း ၂၀၀ ကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းနှင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ထုတ်ချေးသွားမည်ဖြစ်ကြောင်း တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**ချစ်ဦးကို**

## ချစ်ခြင်းထုံမွှမ်း ဘဝလမ်း

\- ကရုဏာ ရင်မှာထား
ကြင်နာစကား နှုတ်ချိုချို၊
ကိုယ့်အပေါ် သူပေးဖူးတဲ့
ကျေးဇူးဂုဏ်ကို၊
ကောင်းမြတ်မှု စိတ္တခို
မိတ္တကြို ဆက်ဆံရေး၊
အကောင်းမြင် ပြုသမျှမယ်
ယုယပိုက်ထွေး။

\- တတ်စွမ်းရာ ကူဖေးလို့
အလှူပေး ဝေငှမယ်၊
ပရဆောင် ဘဝလမ်း
အလှပန်းခြယ်၊
မေတ္တာယှက် ကူးဆက်သွယ်
ထူးမြတ်ဖွယ် ဆောင်ရွက်ရင်း၊
အပြုံးဆောင် အတ္တမရှိ
လှဘိစိတ်ရင်း။

\- သစ္စာတည် ကိုယ့်ရင်တွင်း
ပြောပြုခြင်း စေတနာ၊
ကြံဆုံပေ ငြိမ်းချမ်းရေး
တွေးလျက်သေချာ၊
နားလည်မှု မြဲရှိစွာ
တွဲအသိပါ ဘဝလမ်း၊
အပြန်လှန် အညစ်ကင်းလို့
ချစ်ခြင်းထုံမွှမ်း။ ။

**ခေတ်သစ်(ကြွေပုဂံ)**

# ဖျာပုံမြို့နယ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်

**ဖျာပုံ ဇူလိုင် ၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းရရှိစေပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ အခြေခံစက်ချုပ် သင်တန်းဖွင့်လှစ်ခြင်းကို ဇူလိုင် ၆ ရက် နံနက်ပိုင်းက ဖျာပုံမြို့နယ် အိမ်တွင်းမှု သက်မွေးလုပ်ငန်းခန်းမ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဖျာပုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထက်အောင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဖျာပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇော်မိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြများက သင်တန်းစည်းကမ်းများ၊ သင်ကြားပို့ချမည့် သင်ခန်းစာများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သင်ကြားမှု အထောက်အကူပြု ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ဖျာပုံမြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာမှ သင်တန်းသား၊ သင်တန်းသူဦးရေ ၃၀ တက်ရောက်ကြပြီး သင်တန်းတွင် အခြေခံစက်ချုပ်မှုပုံစံရှစ်မျိုးကို ကျွမ်းကျင်နည်းပြများက ဇူလိုင် ၆ရက်မှ သြဂုတ် ၄ရက်ထိ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# အမျိုးသားစာပေတစ်သက်တာဆုရ စာရေးဆရာကြီး အလင်္ကာကျော်စွာမောင်ပေါ်ထွန်း



ဆရာကြီးမောင်ပေါ်ထွန်း (အမည်ရင်း ဦးခင်မောင်စိုး)နှင့် စာရေးသူမှာ ဆရာတပည့်အဖြစ် အလွန်ရင်းနှီးသူဖြစ်ပါသည်။ တိတိကျကျဆိုလျှင် လွန်ခဲ့သော နှစ်ပေါင်း ၂၀ ခန့်က ဖြစ်ပါသည်။ ဆရာကြီးမောင်ပေါ်ထွန်းက တောင်ဥက္ကလာပမြို့နယ် (၁၀) ရပ်ကွက်တွင်နေထိုင်ပြီး စာရေးသူက တောင်ဥက္ကလာပမြို့နယ် (၉) ရပ်ကွက်၌နေထိုင်ပါသည်။ စာရေးသူသည် တောင်ဥက္ကလာပ စာရေးဆရာအသင်းတွင် ၂၀၀၆ ခုနှစ်ကစပြီး ဘဏ္ဍာရေးမှူး၊ နောက် ဒုတိယဥက္ကဋ္ဌ၊ နောက် ၂၀၁၆ ခုနှစ်တွင် ဥက္ကဋ္ဌဖြစ်လာပါသည်။ အဆိုပါ ကာလအတောအတွင်း ဆရာကြီးမောင်ပေါ်ထွန်းက အမျိုးသားစာပေဆုနှစ်ကြိမ်ရရှိခဲ့သဖြင့် အသင်းရုံးခန်းတွင် ဂုဏ်ပြုပွဲလုပ်ပေးခဲ့ပါသည်။

ဆရာကြီးမောင်ပေါ်ထွန်းသည် နံနက်တိုင်း လမ်းလျှောက်ပါသည်။ တနင်္ဂနွေနေ့နံနက်တိုင်း လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင်တွေ့ဆုံကြသည်။ စာပေအကြောင်းအရာများဆွေးနွေးကြပါသည်။ စာရေးသူတို့တနင်္ဂနွေစာပေစကားဝိုင်းတွင် ဆရာကြီးမောင်ပေါ်ထွန်း၊ ဆရာအဏ္ဏဝါစိုးမိုး၊ ဆရာကျွန်းစဉ်မြေစောခက်၊ ဆရာထွတ်ခေါင်တို့ပါပါသည်။ ထိုဆရာအားလုံးသည် ရခိုင်အမျိုးသားများဖြစ်ကြပြီး စာရေးသူတစ်ယောက်တည်း ဗမာဖြစ်သည်။ စာပေသံယောဇဉ်ကြောင့် ချစ်ချစ်ခင်ခင်ရင်းရင်းနှီးနှီးရှိသည်။

စာရေးသူသည် စာပေကိစ္စ၊ ဘာသာပြန်ကိစ္စများနှင့်အခက်အခဲရှိလျှင် ဆရာကြီးမောင်ပေါ်ထွန်းအိမ်သို့ ကိုယ်တိုင်သွားရောက်မေးမြန်းပညာယူရသည်။ မိမိထံတွင် အင်္ဂလိပ်-မြန်မာအဘိဓာန် လေး၊ ငါး၊ ခြောက်အုပ်ခန့်ရှိသည်ကိုပင် အထင်ကြီးနေရာ ဆရာကြီးမောင်ပေါ်ထွန်းအိမ် ရောက်သွားသောအခါမှ ကျွန်တော်အံ့ဩသွားသည်။ အင်္ဂလိပ်-မြန်မာအဘိဓာန်၊ မြန်မာ-အင်္ဂလိပ်အဘိဓာန်၊ အမေရိကန်အဘိဓာန်၊ အီယီယမ်အဘိဓာန်စသည်ဖြင့် အဘိဓာန်အကြီးအသေးမျိုးစုံ ၅၀ ခန့်တွေ့ရှိရပါသည်။

စာရေးသူသည် ဘာသာပြန်ဆိုမှုကို စိတ်ဝင်စားသည့်အလျောက် အင်္ဂလိပ်မဂ္ဂဇင်း၊ စာစောင်များမှ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးစသည့်ဆောင်းပါးများကို ဘာသာပြန်ပြီး သတင်းစာနှင့်မဂ္ဂဇင်းတိုက်များသို့ပို့သည်။

စာရေးသူဘာသာပြန်ရာတွင် မရှင်းလင်းသောအချက်များ၊ မသိသောအကြောင်းအရာများကို ဆရာကြီးမောင်ပေါ်ထွန်းထံ သွားရောက်မေးမြန်းပါသည်။ ဆရာကြီးမောင်ပေါ်ထွန်းက စိတ်ရှည်လက်ရှည်ရှင်းပြသည်။ ဆရာကြီးမောင်ပေါ်ထွန်းရေးသားသော စာအုပ်များအနက်တချို့ကို လက်ဆောင်ပေးသည်။

ဆရာကြီးမောင်ပေါ်ထွန်းသည် အလွန်စိတ်ကောင်းရှိပြီး သဘောထားပြည့်ဝသည့် ဆရာကြီးတစ်ဦးဖြစ်ပါသည်။ ဆရာကြီး မောင်ပေါ်ထွန်းက ဆေးလိပ်အလွန်ကြိုက်ပါသည်။ နံနက်ပိုင်းလက်ဖက်ရည်စကားဝိုင်းတွင် ဆေးလိပ်နှစ်လိပ်၊ သုံးလိပ်ခန့်ကုန်သည်။ စာရေးသူတို့သည် တစ်လတစ်ခါလောက် ညနေပိုင်းတွေ့ဆုံပြီး စားပွဲများ ကျင်းပလေ့ရှိသည်။

ဆရာကြီးမောင်ပေါ်ထွန်းသည် မြို့နယ်ကန်တော့ခံနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းဗဟိုကန်တော့ခံ ဆရာကြီးလည်းဖြစ်ပါသည်။ ကန်တော့ပွဲကျင်းပသည့် ညနေပိုင်းတွင်ဆရာကြီးက စာရေးသူတို့တပည့်မိတ်ဆွေများကို ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံလေ့ရှိပါသည်။ ဆရာကြီးမောင်ပေါ်ထွန်း၏ စေတနာ၊ မေတ္တာ၊ ပညာ၊ သဘာတို့သည် အလွန်ချစ်ခင်စရာ၊ ကြည်ညိုချင်စရာကောင်းပါသည်။ အမြဲပြုံးနေတတ်သည်။ ဆရာကြီး မောင်ပေါ်ထွန်း စိတ်ဆိုးမာန်ဆိုးနှင့် ဟိန်းစဟောက်ဆဲဆိုသည်ကို တစ်ကြိမ်မျှမတွေ့ကြုံခဲ့ဖူးပါ။

စာရေးသူတို့မြို့နယ်၏ တစ်ခုသောကန်တော့ပွဲတွင် ဆရာကြီး မောင်ပေါ်ထွန်းကို ကန်တော့သောစာအိတ်နှင့်ငွေမှာ မည်သူယူသွားမှန်းမသိဘဲ ပျောက်ဆုံးသွားခဲ့ပါသည်။ မိမိတို့အမှုဆောင်အဖွဲ့ချက်ချင်းစည်းဝေးတိုင်ပင်ကာ ကန်တော့ငွေကိုထပ်မံပေးခဲ့ပါသည်။

ဆရာကြီးမောင်ပေါ်ထွန်းသည် ပညာမာန်၊ မာနလုံးဝမရှိဘဲ၊ ရိုးရိုးအေးအေးနေထိုင်သူဖြစ်ပါသည်။ စာပေတာဝန်အဖြစ် အမျိုးသားစာပေဆုရွေးချယ်ရေးအဖွဲ့၏ ဒုတိယဥက္ကဋ္ဌတာဝန်ကို နှစ်ပေါင်းများစွာ တာဝန်ယူခဲ့သူဖြစ်သည်။ စာရေးသူသည် ဆရာကြီးမောင်ပေါ်ထွန်း၏ ဘဝမှတ်တမ်းဖိုင် (ကိုယ်ရေးအကျဉ်း)ကို တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းရုံးမှ ခေတ္တငှားရမ်းကာ မိတ္တူကူးခဲ့ပါသည်။

ဆရာကြီးမောင်ပေါ်ထွန်းကို ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ် ရွှေပျက်ဝရွာတွင် ပန်းချီ၊ ပန်းပု၊ လက်သမားဆရာကြီး ဦးမောင်ပုနှင့် ဒေါ်အေးတို့က ၁၉၃၅ ခုနှစ်အတွင်း မွေးဖွားခဲ့သည်။

မူလတန်းပညာကို မာန်အောင်မြို့ဘုန်းတော်ကြီးကျောင်းနှင့်အထက်တန်းကျောင်းတို့တွင် ပညာဆည်းပူးခဲ့သည်။ အသက် ၁၄ နှစ်အရွယ်တွင် ရန်ကုန်မြို့သို့ရောက်ရှိခဲ့သည်။ ရန်ကုန်မြို့တွင်အစိုးရကျောင်းမတက်ဘဲ အလွတ်ပညာသင်ကျောင်းတွင်ဆက်လက်ပညာသင်ကြားပါသည်။ ၁၉၅၅ ခုနှစ် ဆရာကြီးအသက် ၂၀ အရွယ်တွင် မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း(စာပေဗိမာန်)အဖွဲ့၌ လက်နှိပ်စက်စာရေးအဖြစ် စတင်အမှုထမ်းခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် ဒေါ်ငြိမ်းရှင်နှင့်လက်ထပ်ပြီး သားသမီး ငါးဦးထွန်းကားခဲ့သည်။ ထိုသို့အမှုထမ်းရန်လက်ရေးတိုလက်နှိပ်စက်သင်တန်းကျောင်းကို တက်ရောက်သင်ကြားခဲ့သည်။ ဆရာကြီးမောင်ပေါ်ထွန်းသည် လက်နှိပ်စက်လက်ရေးတိုကိုကျွမ်းကျင်သည်။ ဘဝတစ်လျှောက်လုံး စာပေများရေးသားသည့်အခါ လက်နှိပ်စက်ဖြင့်ရိုက်ပြီးစာရေးလေ့ရှိသည်။ ထိုအပြုအမူများမှာ ကွယ်လွန် ချိန်ထိဖြစ်ပါသည်။ စာရေးသူတို့သည် ဆရာကြီး မောင်ပေါ်ထွန်းအိမ်သို့သွားတိုင်း စာရေးစားပွဲပေါ်တွင် အခန့်သားရှိနေသော ရီမင်တန် (Reminton) လက် ဆွဲလက်နှိပ်စက်ကလေးကို တွေ့ရသည်။ ကွန်ပျူတာ ခေတ်ရောက်သော်လည်း ဆရာကြီးစာရေး၊ စာစီ၊ စာရိုက်ရာတွင် သူ၏လက်နှိပ်စက်ကလေးကိုသာ သေသည်ထိ အသုံးပြုသွားသည်။

သူ၏လက်နှိပ်စက်လေး အမြဲသုံးသည်ကို ဆရာကြီးက " ခင်ဗျားတို့က ကွန်ပျူတာတွေပေါ်လာလို့ ကွန်ပျူတာနဲ့ ရိုက်ပါ၊ ရေးပါလားလို့ ပြောကြတယ်။ ကျွန်တော် အသက် ၂၀ ကတည်းက တွဲလာတဲ့ငယ်ချစ်ဦး ဒီလက်နှိပ်စက်လေးကို ဘယ်တော့မှသစ္စာမဖောက်ဘူး"ဟူ၍ ရယ်စရာပြောပါသည်။

စာပေဗိမာန်၌ လုပ်သက် ၁၂ နှစ်ခန့်အရတွင် ဆရာကြီးက ငါ ဆယ်တန်းမအောင်ရင် ဘွဲ့မရရင် မဖြစ်သေးပါဘူးဆိုပြီး ဆယ်တန်းကို ၁၉၆၇ ခုနှစ်တွင် အလွတ်ဝင်ဖြေပါသည်။ ဆယ်တန်းကို တစ်ပြည်လုံး၌ တစ်ဦးတည်း ဘာသာပြန်ဂုဏ်ထူးဖြင့် အောင်မြင်သည်။ ၁၉၇၃ ခုနှစ်တွင် လုပ်သားများကောလိပ်မှ သမိုင်းအဓိကဖြင့် ဘီအေစာမေးပွဲအောင်ပြီးဘွဲ့ရသည်။

စာပေဗိမာန်ဝန်ထမ်းဘဝ၌ သုံးနှစ်အကြာ ၁၉၅၈ ခုနှစ်တွင် စာပန်းချီမဂ္ဂဇင်းထဲမှ ခုနစ်နှစ်အရွယ် သမီးငယ် (Seven Years Old Girl) ရုရှားပုံပြင် ဘာသာပြန်ဖြင့် စာပေလောကသို့ စတင်ဝင်ရောက်ခဲ့ပါသည်။ မဂ္ဂဇင်း၊ ဂျာနယ်များတွင် ဘာသာပြန်ဝတ္ထု၊ ဆောင်းပါးများ လစဉ်အဆက်မပြတ် ရေးသားပေးပို့နိုင်ခဲ့ပါသည်။

၁၉၇၂ ခုနှစ်တွင် ဆရာမောင်ဆုရှင်နှင့် တွဲဖက်၍ "စာအုပ်ဟူသည်" စာအုပ်ကို ရေးသားခဲ့သည်။ "စာနယ်ဇင်းဟူသည်" စာအုပ်ကို မောင်ဆုရှင်၊ သိန်းတန်(ဟံသာဝတီ)တို့နှင့် တွဲဖက်ရေးသည်။

ထို့နောက် စာအုပ်လောကစာစောင်၊ ပန်မဂ္ဂဇင်း၊ ချယ်ရီမဂ္ဂဇင်းနှင့် စီးပွားရေးမဂ္ဂဇင်းတို့တွင် အယ်ဒီတာ၊ အယ်ဒီတာချုပ်၊ အတိုင်ပင်ခံအယ်ဒီတာ စသည့် စာပေတာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။ စာပေဗိမာန်တွင် ၂၂ နှစ် တာဝန်ထမ်းဆောင်ပြီး အသက် ၄၂ နှစ်အရွယ်တွင် မိမိဆန္ဒအလျောက် အငြိမ်းစားယူခဲ့သည်။

ဆရာကြီးသည် ၁၉၉၇ ခုနှစ်တွင် ကန္တာရစမ်းရေအိုင် စာအုပ်ဖြင့် အမျိုးသားစာပေဘာသာပြန်ဆုကို ရရှိခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ကံကြမ္မာအကျဉ်းသား ဘာသာပြန်စာအုပ်ဖြင့် ဒုတိယအကြိမ် အမျိုးသားစာပေဆု ထပ်မံရရှိခဲ့သည်။

ထိုကဲ့သို့ ဂန္ထဝင်ဘာသာပြန်စာအုပ်များကို အစဉ်တစိုက်ရေးသားပြုစုလာသည့်အတွက် ၂၀၁၄ ခုနှစ်တွင် အမျိုးသားစာပေတစ်သက်တာဆုကို ချီးမြှင့်ခံခဲ့ရသည်။ ၂၀၂၂ ခုနှစ်တွင် အလင်္ကာကျော်စွာဘွဲ့ ရရှိခဲ့ပါသည်။

လုံးချင်းဘာသာပြန်စာအုပ်အဖြစ် ၁၉၇၄ ခုနှစ်တွင် "နိုင်းမြစ်ဝှမ်းမှ တော်လှန်ရေး" စာအုပ်ကို စာပေဗိမာန်မှ ထုတ်ဝေပြီးနောက်ပိုင်းတွင် ဘာသာပြန်စာအုပ်များကို အစဉ်တစိုက် ပြန်ဆိုထုတ်ဝေခဲ့သည်။

ထို့ပြင် အတ္ထုပ္ပတ္တိစာပေအဖြစ် ကျွန်မချစ်တဲ့ ဆူကာနိုယက်တူရှင်ကို၊ မောင့်ဘက်တန်တို့ ရေးသားခဲ့သည်။ အိန္ဒိယလွတ်လပ်ရေးတိုက်ပွဲ၊ ကမ္ဘာ့ရန်၊ အကြီးအကဲစာအုပ်များ နာမည်ကြီးသည်။

ဆရာကြီးမောင်ပေါ်ထွန်းသည် ဘာသာပြန်သာမက စာစုံရေးနိုင်သောပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။ ကျေးရာကျကြောင်း၊ ငွေသုံးနည်းငွေရှာနည်း၊ စံပြအရောင်းသမား၊ ဟားဗတ်စီးပွားရေးတက္ကသိုလ်တွင် မသင်ခဲ့ရသမျှ၊ စံပြခေါင်းဆောင်မှု၊ ကိုယ်စွမ်းကိုယ်စဖြင့်ကြီးပွားရေး၊ မဟာဒီလှိုင်း၊ အောက်စဖို့တက္ကသိုလ်သုံးအင်္ဂလိပ်သဒ္ဒါကျမ်း၊ ခေတ်သစ်ရောင်းဝယ်ရေးဗျူဟာ၊ ကန္တာရစမ်းရေအိုင်၊ ကျားဘမ်းသူဌေးကြီး၏ စီးပွားရေးစွန့်စားခန်းများ၊ စာနယ်ဇင်းဟူသည်၊ စာအုပ်ဟူသည်၊ စီးပွားရေးလုပ်ငန်းခေါင်းဆောင်တို့လမ်းစဉ်၊ စီးပွားရေးလုပ်ငန်းဆက်ဆံရေးကျင့်ဝတ်များ ပီနိုဂျီယို၏ စွန့်စားခန်းများ၊ မာယာ၊ လုပ်ငန်းအောင်မြင်ခြင်းလျှို့ဝှက်ချက်များ၊ အဆင့်မြင့်အောင်မြင်သူတို့၏ အလေ့အထများ၊ အမြန်ဆုံးသူဌေးဖြစ်နည်းအပါအဝင်၊ ယနေ့ထိ စုစုပေါင်း ဝတ္ထု ၂၈ အုပ်၊ နိုင်ငံရေးလေးအုပ်၊ အတ္ထုပ္ပတ္တိသုံးအုပ်၊ စီးပွားရေးလုပ်ငန်းနှင့် ရောင်းဝယ်ရေး ၁၄ အုပ်၊ ကြီးပွားတိုးတက်ရေးနှင့်အထွေထွေ ၂၆ အုပ်၊ အင်္ဂလိပ်သဒ္ဒါ သုံးအုပ်ပြန်ဆိုထုတ်ဝေခဲ့သည်။

ဆရာကြီးသည် သူချစ်သော စာပေလောကနှင့် ဇနီးမိသားစုကို ခွဲခွာပြီး ၂၀၂၂ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ ဆရာကြီးက "ကိုယ်ရေးတဲ့ စာတွေဟာ တိုင်းပြည်အတွက် အကျိုးရှိမယ်။ စာဖတ်တဲ့ပြည်သူတွေအတွက်လဲ တန်ဖိုးရှိရင် အဲဒီစာရေး ဆရာဟာ လူသာ သေတယ်။ နာမည်မသေဘူး။ အဲဒါဟာ စာရေးဆရာတွေရဲ့ဂုဏ်ပဲ"ဟု ပြောကြားခဲ့သည်။

❖ ဆရာကြီးသည် ၁၉၉၇ ခုနှစ်တွင် ကန္တာရစမ်းရေအိုင်စာအုပ်ဖြင့် အမျိုးသားစာပေဘာသာပြန်ဆုကို ရရှိခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ကံကြမ္မာ အကျဉ်းသားဘာသာပြန်စာအုပ်ဖြင့် ဒုတိယအကြိမ် အမျိုးသားစာပေဆု ထပ်မံရရှိခဲ့သည်။ ထိုကဲ့သို့ ဂန္ထဝင်ဘာသာပြန်စာအုပ်များကို အစဉ်တစိုက်ရေးသားပြုစုလာသည့်အတွက် ၂၀၁၄ ခုနှစ်တွင် အမျိုးသားစာပေတစ်သက်တာဆုကို ချီးမြှင့်ခံခဲ့ရသည်။ ၂၀၂၂ ခုနှစ်တွင် အလင်္ကာကျော်စွာဘွဲ့ ရရှိခဲ့ပါသည်။❖

**အောင်ကြည်ညွန့်(တက္ကသိုလ်)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၃၅၉၇ ဧက စိုက်ပျိုးပြီးစီး



**ရေဦး ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၃၅၉၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၃၅၉၇ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ရေဦးခရိုင် မိုးသီးနှံစိုက်ပျိုးရာသီမှာ ငှက်ပျော ၃၅၉၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာတော့ ငှက်ပျော ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ အရင်က ငှက်ပျောကို သီးသန့်စိုက်ပျိုးကြပြီးတော့ အခုအခါ လယ်ကန်သင်းတွေမှာပါ စိုက်ပျိုးလာတာကိုတွေ့ရပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ယခုနှစ် ရေဦးခရိုင်တွင် မြို့နယ်အလိုက် ငှက်ပျောစိုက်ပျိုးပြီးစီးမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၂၈၅ ဧက၊ တန့်ဆည်မြို့နယ်တွင် ၃၁၂ ဧကနှင့် ဒီပဲယင်းမြို့နယ်တွင် ဧက ၃၀၀၀ စုစုပေါင်း ငှက်ပျော ၃၅၉၇ ဧကဖြစ်ကြောင်း သိရသည်။

ငှက်ပျောစိုက် တောင်သူများအနေဖြင့် မြေတစ်ဧကလျှင် ငှက်ပျောပင် ၁၀၀၀ ခန့်ထိ စိုက်ပျိုးပြီး တစ်ဧကလျှင် စိုက်ပျိုးစရိတ်ငွေကျပ်သိန်း ၂၀ ခန့် ကုန်ကျမှုရှိရာ အသီးသီးချိန်တွင် တစ်ဧကလျှင် ငွေကျပ်သိန်း ၅၀ ခန့်ထိ ပြန်လည်ရရှိကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# စေတုတ္တရာမြို့နယ် တယ်ဇားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**စေတုတ္တရာ ဇူလိုင် ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တယ်ဇားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများ ယနေ့နံနက်ပိုင်းက ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ တယ်ဇားကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ ရေလုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း ဆောင်ရွက်နေမှု၊ စီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ထားခြင်းရှိ၊မရှိ၊ လအလိုက်ပေးပို့ရသည့် စာရင်းဇယားများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်းပေးသွင်းကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

စေတုတ္တရာမြို့နယ် တယ်ဇားကျေးရွာ၌ အဋ္ဌမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ ရေလုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၈ သန်း ထုတ်ချေးပေးထားကြောင်း စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းထံမှ သိရသည်။ **ကိုညို**

## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

# မိုးရာသီစာသီးနှံ လိုက်ချီးသီးနှင့်ကျန်းမာရေးအကြောင်း သိကောင်းစရာ

**လိုက်ချီးသီးရာဇဝင်**

လိုက်ချီးသီးသည် ရုက္ခဗေဒအခေါ် **Litchi chinensis** ဖြစ်၍ **Sapindaceae** မျိုးရင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် လိုက်ချီးသီးဟုခေါ်ကြသည်။ လိုက်ချီးပင်တို့ မူလပေါက်ရောက်ရာနိုင်ငံမှာ တရုတ်နိုင်ငံတောင်ပိုင်းဖြစ်သည်။ သမိုင်းရာဇဝင်များအရ တရုတ်နိုင်ငံတွင် တန်မင်းဆက်လက်ထက်ကတည်းက လိုက်ချီးသီးကို စားသုံးလာခဲ့ကြောင်း လေ့လာသိရသည်။ ၁၇ ရာစု ရောက်သောအခါ အာရှတိုက်တစ်တိုက်လုံးသို့ ပျံ့နှံ့လာခဲ့သည်။ ၁၈ ရာစု ရောက်သောအခါ ကယ်လီဖိုးနီးယားနှင့် ဖလော်ရီဒါပြည်နယ်တွင် စမ်းသပ်စိုက်ပျိုးကြည့်ရာအောင်မြင်လာခဲ့ပြီး ထိုမှတစ်ဆင့် ၁၉ ရာစုအစောပိုင်းမှစ၍ အနောက်နိုင်ငံများတွင် လိုက်ချီးသီးကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးစားသုံးလာခဲ့သည်။

**ကမ္ဘာသုံးသီးနှံ**

လိုက်ချီးသီးသည် အမေရိကန်နိုင်ငံတွင် လူကြိုက်များလျက်ရှိသည်။ တရုတ်နိုင်ငံတောင်ပိုင်း၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ တရုတ်(တိုင်ပေ) တောင်ဘက်ပိုင်းနှင့်အိန္ဒိယနိုင်ငံတွင် ရာသီစာသီးနှံအဖြစ် လိုက်ချီးပင်များကို စီးပွားဖြစ်စိုက်ပျိုးလျက်ရှိသည်။ မြန်မာနိုင်ငံ ဗန်းမော်၊ မြစ်ကြီးနား၊ စစ်ကိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုနှင့် သီပေါမြို့နယ်တို့တွင် အများဆုံးစိုက်ပျိုးကြသည်။ သိန်းနီမြို့နယ်တွင် ဘိန်းအစားထိုးသီးနှံအဖြစ် လိုက်ချီးပင်များကို လူနေခြံဝင်းများနှင့် ဥယျာဉ်ခြံများတွင် စိုက်ပျိုးကြသည်။ မုံရွာ၊ မန္တလေးဘက်တွင်လည်း လိုက်ချီးသီးအထွက်များသည်။ ချင်းပြည်နယ် ကလေးမြို့၏ နေရာအနှံ့အပြားတွင် စီးပွားဖြစ်စိုက်ပျိုးကာ အိန္ဒိယနိုင်ငံသို့ တင်ပို့ရောင်းချကြသည်။

**လိုက်ချီးပင်**

လိုက်ချီးပင်သည် အရွက်အလက်များ စိမ်းစိမ်းစိုစိုဖြင့် အပူပိုင်းဒေသတွင် ပေါက်ရောက်သော သီးနှံပင်ဖြစ်သည်။ အစေ့မှပျိုးထောင်သော လိုက်ချီးပင်များမှာ အထနှေးသဖြင့် အသီးမြန်သည့် မြေထုပ်စည်းမျိုးပွားနည်းကို အများဆုံးအသုံးပြုကြသည်။ ရေအလွယ်တကူရနိုင်သည့် မြစ်ချောင်းကမ်းဘေးများတွင် စိုက်ပျိုးခြင်းက ပို၍အဆင်ပြေသည်။ ကိုင်းကူးကိုင်းဆက်စိုက်ပျိုးပါက သုံးနှစ်မှ လေးနှစ်အတွင်းလည်းကောင်း၊ အစေ့ပျိုး၍စိုက်ပါက ခုနစ်နှစ်မှ ရှစ်နှစ်ခန့်အကြာတွင်လည်းကောင်း အသီးများစတင်သီးသည်။ အပွင့်ပွင့်ပြီး ရက်ပေါင်း ၁၂၀ မှ ၁၄၀ ခန့်အကြာတွင် အသီးသီးသည်။ အပင်ပေါ်တွင်ရင့်မှည့်လွယ်သော သစ်သီးဖြစ်ပြီး မှည့်သည်နှင့်တစ်ပြိုင်နက် ရနံ့အလွန်မွှေးလာသည်။

အနီရောင်သန်းသော ခပ်ကြမ်းကြမ်းအခွံလေးများအောက်တွင် အရည်ရွှမ်းပြီး အရသာရှိလှသည့် အဖြူရောင်အသားစိုင်များရှိသည်။ အရသာချိုရုံသာမက ရေငတ်ပြေစေသည်။ အခွံမှာအနီရောင်ရင့်လေ အရည်ပိုရွှမ်းကာ အရသာလည်း ပိုချိုလေဖြစ်သည်။ လိုက်ချီးသီးအသားများသည် ဂျယ်လီနှင့် ခပ်ဆင်ဆင်တူသည်။ ၎င်းအသားများက ပြောင်လက်တောက်ပသော အညိုရင့်ရောင်အစေ့တစ်စေ့ကို ဖုံးအုပ်ထားသည်။ အစေ့ကိုမစားရ။ အသီးများကို သိုလှောင်ချိန်ကြာသွားပါက အသီးခွံခြောက်သွေ့ခြင်း၊ အရောင်မည်းခြင်း၊ ပုပ်ခြင်းများ ဖြစ်နိုင်သည်။ ထို့ကြောင့် တစ်နေရာမှတစ်နေရာသို့ သယ်ဆောင်ရာတွင် အင်ဖက်ကဲ့သို့ဖက်စိမ်း သို့မဟုတ် ရေငွေ့ထိန်းနိုင်သော ပလတ်စတစ်အိတ်များဖြင့် ထုပ်ပိုးသင့်သည်။

**လိုက်ချီးသီးစားဖွယ်စုံ**

လတ်လတ်ဆတ်ဆတ် အဆာပြေသစ်သီးအဖြစ် စားသုံးကြသကဲ့သို့ ရေခဲမုန့်၊ ကျောက်ကျော၊ ဂျယ်လီ၊ ယို၊ ဖျော်ရည်၊ သကြားလုံး၊ ပီကေ၊ လိုက်ချီးသီးသံဘူး၊ လိုက်ချီးသီးခြောက် စသည်ဖြင့် နှစ်ခြိုက်စွာ စားသုံးကြသည်။ လိုက်ချီးသီးကို ကြာကြာခံစေရန်အတွက် ရေခဲသေတ္တာထဲ ထည့်သိမ်းပါက နှစ်ရက်ခန့်အကြာတွင် အညိုရောင်ပြောင်းသွားတတ်သည်။ အရောင်ပြောင်းသော်လည်း အနံ့အရသာမပျက်သဖြင့် ယုံကြည်စိတ်ချစွာစားသုံးနိုင်သည်။ အချို့နိုင်ငံများတွင်ခေတ်မီတိုးတက်သောနည်းပညာများဖြင့် ဆန်းသစ်ကာ လိုက်ချီးသီးမှ ရေမွှေး၊ ဆပ်ပြာ၊ ဂျယ်လ်၊ **Lotion**၊ ပေါင်ဒါ စသည့်အလှကုန်ပစ္စည်း အမျိုးမျိုးတို့ကို ထုတ်လုပ်လျက်ရှိသည်။

**ဆေးဖက်ဝင်လိုက်ချီးသီး**

လိုက်ချီးသီးထဲတွင် လူသားတို့ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေသည့် အာဟာရဓာတ် မြောက်



မြားစွာပါရှိသည်။ အလေးချိန်ဂရမ် ၁၉၀ ရှိသော လိုက်ချီးသီးတစ်ခွက်စာ ပမာဏထဲတွင် **Methionine** သည် ဒသမ ၀၁၇ ဂရမ်၊ လိုင်ဇင်း သည် ဒသမ ၀၇၈ ဂရမ်၊ **Tryptophan** သည် ဒသမ ၀၁၃ ဂရမ်၊ **Poly-unsaturated** ဖက်တီးအက်စစ် သည် ဒသမ ၂၅၁ ဂရမ်၊ **Monounsaturated** ဖက်တီးအက်စစ် သည် ဒသမ ၂၂၈ ဂရမ် ပါရှိသည်။ ထို့ပြင် ဗီတာမင်ကေ၊ ဗီတာမင်အီး၊ ချိုလင်း၊ ဖောလိပ်၊ ဗီတာမင်ဘီ၊ နီအာစင်း၊ ရေဓာတ်၊ ပရိုတင်း၊ ကစီဓာတ်၊ သကြားဓာတ်၊ ခြေဖျက်လွယ်သောအမျှင်ဓာတ်၊ ကယ်လ်စီယမ်၊ မဂ္ဂနီစီယမ်၊ သံဓာတ်၊ ရိဘိုဖလာဗင်၊ သီအာမင်၊ ဗီတာမင်စီ၊ စီလီနီယမ်၊ မဂ္ဂနီးစ်၊ ကော့ပါး၊ ဇင့်၊ ဆိုဒီယမ်၊ ပိုတက်စီယမ်နှင့် ဖော့စဖရတ် စသည်တို့ အသီးသီးပါရှိကြသည်။

- ခန္ဓာကိုယ်အတွက် ခွန်အားများကို တိုးပွားစေနိုင်ပြီး ကိုယ်ခံစွမ်းအားကိုလည်း တိုးတက်မြင့်မားစေသည်။
- ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်နေသော ရေဓာတ်ကိုလည်း ဖြည့်တင်းပေးနိုင်သည်။
- လိုက်ချီးသီးထဲတွင် **Citrus** အက်စစ်ကဲ့သို့သော ဗီတာမင်စီ ၄၀ ရာခိုင်နှုန်းခန့်ပါရှိရာ လိမ္မော်သီးထဲတွင် ပါဝင်သောပမာဏထက် ပိုများသည်။ ခန္ဓာကိုယ်တွင်းကောင်းကျိုးမပြုသော **Free Radicals** များကို တိုက်ထုတ်ပေးနိုင်သည်။ အကျိုးဆက်အနေဖြင့် ကုသရန်ခက်ခဲသော ကင်ဆာရောဂါများအတွက် လိုက်ချီးသီးက ကောင်းကျိုးပြုသည်။
- အမေရိကန်နိုင်ငံရှိ **National Institutes Of Health (NIH)** ၏ သုတေသနပြုချက်အရ လိုက်ချီးသီးက ကင်ဆာဆဲလ်များကြီးထွားလာမှုကို ဟန့်တားပေးနိုင်ကြောင်း၊ အထူးသဖြင့် ရင်သားကင်ဆာဖြစ်ပေါ်လာခြင်းမှ ကာကွယ်ပေးနိုင်ကြောင်း လေ့လာသိရှိရသည်။
- လိုက်ချီးသီးထဲတွင်ပါဝင်သော ဘီတာကယ်ရိုတင်းပမာဏသည် မုန်လာဥနီထက်ပိုသည်။
- အစာကြေစေပြီး ဆီးရွှင်စေသည်။
- လိုက်ချီးသီးတစ်ခွက်စာပမာဏထဲတွင် ပါရှိသော ပိုတက်စီယမ်သည် လိမ္မော်သီးအသေးတစ်လုံးထဲတွင်ပါရှိမှုထက် ပိုသည်။ ပိုတက်စီယမ်ဓာတ်သည် ခန္ဓာကိုယ်အတွက် အရေးပါသော သတ္တုဓာတ်ဖြစ်ပြီး သွေးဖိအားနှင့် နှလုံးခုန်နှုန်းတို့ကို ဟန်ချက်ညီညီထိန်းချုပ်ပေးနိုင်သည်။ သွေးခဲခြင်း၊ ဆဲလ်များပျက်စီးခြင်းမှကြိုတင်ကာကွယ်ပေးနိုင်သည်။ ထို့ပြင် နှလုံးကို ပုံမှန်ခုန်စေပြီး နှလုံးကြွက်သားများ ကျုံ့ခြင်း၊ ချဲ့ခြင်းနှင့် နှလုံးသွေးကြောများ စီးဆင်းလည်ပတ်မှုတို့ကို ကောင်းစွာအထောက်အပံ့ပေးသည်။ နှလုံးရောဂါဝေဒနာအမျိုးမျိုးတို့ကို သက်သာစေရုံသာမက နှလုံးရောဂါဝေဒနာသည်များကိုလည်း လေဖြတ်ခြင်းမှ ၅၀ ရာခိုင်နှုန်း သက်သာလျော့နည်းစေနိုင်သည်။
- လိုက်ချီးသီးတွင် ကြေးနီ(**Copper**)ဓာတ်များ အလုံအလောက်ပါရှိခြင်းကြောင့် သွေးနီဥများကို ထုတ်လုပ်ပေးနိုင်သဖြင့် သွေးအားကောင်းစေသည်။ ခွန်အားတိုးပွားစေနိုင်သောကြောင့် သွေးအားနည်းသူများနှင့်သက်ကြီးရွယ်အိုများ စားသုံးသင့်သည်။
- ခန္ဓာကိုယ်အတွက် လိုအပ်သောအမျှင်ဓာတ်နှင့်ကစီဓာတ်တို့ ကြွယ်ဝစွာပါရှိသည်။
- လိုက်ချီးသီးထဲတွင် ကယ်လ်စီယမ်၊ ဖော့စဖရတ်နှင့် မဂ္ဂနီစီယမ် စသည့်သတ္တုဓာတ်များ ပါရှိသောကြောင့် အရိုးနှင့်သွားများ ကြီးထွားမှုအတွက် အလွန်အရေးပါသဖြင့် ကြီးထွားဖွံ့ဖြိုးနေဆဲကလေးငယ်များကိုလည်း လိုက်ချီးသီး ကျွေးမွေးသင့်သည်။
- မိုးဦးကာလ ရာသီဥတုအပြောင်းအလဲတွင် ဖြစ်လေ့ရှိသော အအေးမိနှာစေး၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း စသည့်ရောဂါများအတွက် လိုက်ချီးသီးက အစွမ်းထက်မြက်လှသည်။ ဖျားနာနေသောသူများလည်း စားပေးခြင်းဖြင့် ဝေဒနာသက်သာလာစေသည်။
- လိုက်ချီးသီးစားသုံးခြင်းက နာကျင်မှုကို လျော့ကျစေပြီး ဂလင်းများ ရောင်ရမ်းမှုကို သက်သာစေနိုင်သည်။
- လိုက်ချီးသီးသည် အရသာချိုမြိန်သော်လည်း ၎င်းထဲတွင်ပါရှိသော သကြားဓာတ်က သဘာဝသစ်သီး သကြားဓာတ်ဖြစ်သည်။ ကယ်လိုရီပါဝင်မှုနည်းပြီး လူကိုဘေးဖြစ်စေတတ်သော ပြည့်ဝဆီနှင့် ကိုလက်စထရောလုံးဝမပါရှိသည့်အပြင် ကြေညက်လွယ်သော အမျှင်ဓာတ်များ ကြွယ်ဝစွာပါရှိနေသည့်အတွက် ခန္ဓာကိုယ်အလေးချိန် ပုံမှန်ထိန်းသိမ်းလိုသူများအနေဖြင့် စိတ်ကြိုက်စားသုံးနိုင်သော အသီးဖြစ်သည်။ ကိုယ်အလေးချိန်ကျဆင်းမှုကိုလည်း အထောက်အပံ့ဖြစ်စေသည်။
- လိုက်ချီးသီးစားသုံးခြင်းကြောင့် အသားအရေကို ကောင်းမွန်တိုးတက်လှပစေပြီး မျက်နှာပေါ်ရှိ အစက်အပြောက်များကို သက်သာလာစေနိုင်သည်။
- ဖက်ခွက်နာ၊ ပြည်တည်နာ စသောကိုယ်တွင်းကိုယ်ပအနာများကို ကာကွယ်ပေးနိုင်သည်။
- ကာမအားကို တိုးပွားစေသည်။
- အစာအိမ်ရောင်ရမ်းနာဝေဒနာအတွက် လိုက်ချီးသီးက အလွန်ကောင်းကျိုးပြုသည်။
- လိုက်ချီးသီးထဲတွင် အခြားအသီးများနှင့်မတူသော **Oligonol** ခေါ် ဓာတ်တိုးဆန့်ကျင်ပစ္စည်းတစ်မျိုး ပါရှိနေသည့်အတွက် မိုးရာသီကာလ တုပ်ကွေးဗိုင်းရပ်များကို တွန်းလှန်ပေးနိုင်သည်။ ထို့ပြင် ခန္ဓာကိုယ်ထဲရှိ အင်္ဂါအဖွဲ့အစည်းများထဲတွင် သွေးလည်ပတ်စီးဆင်းမှု တိုးတက်ကောင်းမွန်စေသည်။
- ဂျပန်နိုင်ငံရှိ **Kyorin University** က အရေပြားပေါ်တွင် ခရမ်းလွန်ရောင်ခြည် သက်ရောက်မှုကို လိုက်ချီးသီးစားခြင်းဖြင့် ကာကွယ်ပေးနိုင်ကြောင်း အကြံပြုထားသည်။
- လိုက်ချီးသီးသည် သီအာမင်၊ နီအာစင်းနှင့် ဖောလိပ် စသည့်ဗီတာမင်ဓာတ်ပေါင်းစုတို့ စုဝေးရာ သဘာဝအရင်းအမြစ်ဖြစ်သောကြောင့် ခန္ဓာကိုယ်၏ ဇီဝကမ္မဖြစ်ပျက်မှုအလုံးစုံကို အထောက်အပံ့ဖြစ်စေသည်။
- အရွယ်တင်နုပျိုစေရန်နှင့် အသက်ရှည်စေရန်အတွက် လိုက်ချီးသီးကို တရုတ်ရိုးရာတိုင်းရင်းဆေးဝါးကုထုံးများတွင် အသုံးပြုလေ့ရှိသည်။

**မှတ်ချက်**

လိုက်ချီးသီးတွင် လူသားတို့ကျန်းမာရေးအတွက် ဘေးထွက်ဆိုးကျိုး လုံးဝမရှိပါ။ သို့သော်အမှည့်လွန်သော အသီးများတွင် အချဉ်ဓာတ်ပေါက်သည့်အရသာရှိ၍ လတ်ဆတ်သောအသီးများကိုသာ စားသုံးပါ။ အစာအိမ်ထဲတွင် အစာမရှိဘဲ လိုက်ချီးသီးမစားပါနှင့်။ ရုတ်တရက် ဝက်ရူးပြန်ရောဂါကဲ့သို့ အတက်ရောဂါဖြစ်ပွားပြီး အသက်အန္တရာယ်ရှိနိုင်သည်။

အချုပ်ဆိုသော် နိုင်ငံတကာဆေးသိပ္ပံပညာရှင်များက လိုက်ချီးသီး၏ သူမတူအောင် ဆေးဖက်ဝင်ပုံများကိုရှုထောင့်အမျိုးမျိုးမှ လေ့လာစမ်းသပ်ကာ အထက်ပါအတိုင်း အသေးစိတ်ဖော်ထုတ်နိုင်ခဲ့ကြလေသည်။ ထို့ကြောင့် ယခုလို မိုးရာသီရောက်မှသာ ရရှိနိုင်သည့် လိုက်ချီးသီးကို လတ်လတ်ဆတ်ဆတ် ရွေးချယ်၍ အဆာပြေသရေစာအဖြစ်သာမက အစာလည်းဆေး၊ ဆေးလည်းအစာအဖြစ် မှီဝဲစားသုံးကြစေလိုပါကြောင်း တိုက်တွန်းလိုက်ရပါသည်။

**ကိုးကား**

- **Dietary Natural Products for Prevention and Treatment of Breast Cancer By National Institutes Of Health (NIH).**

**ပေါက်ပေါက်**

# လမြတ်ဝါဆို ရွှမ်းရွှမ်းစို

စိန်ငွေးလှိုင်(ဟိုပုံးမြေ)



"သာစွလော၊ မှိုင်းဝေညိုမှု၊
ကောင်းကင်ဝဝယ်၊ လနှင့်အာသဠ်၊
ပြည့်ဝရန်လျက်၊ ယဉ်ထန်ရေရှူး၊
မိုးလေဦးနှင့်၊ ကြိုင်မြူးမြေက်၊
ပုန်းညက်သရဖီ၊ ပွင့်ချင်းညီ၍၊
ရာသီလှည့်ပတ်၊ ကရကင့်ဟု၊
နတ်လည်းစက်လို၊ လဝါဆို" စသဖြင့်

ဆီသည်ရွာစား ဦးအောင်ကြီးက ဆယ့်နှစ်ရာသီ လူးတားဘွဲ့မှာ ဝါဆိုလအကြောင်းကို ရေးဖွဲ့ခဲ့ပါတယ်။

ဝါဆိုလရဲ့ကောင်းကင်ယံမှာ သော်တာလမင်းနဲ့ ပြုဗ္ဗာသာဠ်နက္ခတ်တို့မှာ ပြည့်ပြည့်ဝန်းဝန်း ရှိနေပါတယ်။ မိုးတွေရွာသွန်းတတ်ပြီး မြက်ပင်တို့မှာ ရှင်သန်ကြီးထွားကြပါတယ်။ ပုန်းညက်ပန်းနဲ့ သရဖီပန်းတို့ ဖူးပွင့်ကြပြီး ဗေဒင်အလိုအားဖြင့် ကရကဋ်ရာသီမှာ ကျရောက်ပါတယ်။ "ဝါ" ဆိုတဲ့စကားမှာ ပါဠိစကား ဝါသက တိုက်ရိုက်လာပြီး နေထိုင်မှုလို့ အဓိပ္ပာယ်ရပါတယ်။ "ဆို"ဆိုတဲ့စကားမှာ ရွတ်ဆိုခြင်းကိုခေါ်ဆိုပါတယ်။ ဒါကြောင့် ရဟန်းတို့မှာ မိုးရာသီ သုံးလတာကာလအတွင်း မိမိတို့ကျောင်းမှာသာ သီတင်းသုံးပါမယ်လို့ အဆိုပြုတဲ့လဖြစ်ပါတယ်။ ပုဂံခေတ်ကျောက်စာတွေမှာ ဝါဆိုလကို "မြွယ်တာ"လို့ရေးထိုးခဲ့ရာ "မြွယ်" ဆိုတာက လယ်ယာမြေကို ခေါ်ဆိုခြင်းဖြစ်ပြီး "တာ" ဆိုတာက တိုင်းတာမှုကိုခေါ်ဆိုပါတယ်။ နောက်ပိုင်းမှာ နွယ်တာလလို့ ခေါ်ကြပါတယ်။ ဒါကြောင့် ဝါဆိုလကို လယ်ယာမြေတိုင်းတာတဲ့လလို့လဲ မှတ်ယူနိုင်ပါတယ်။ လယ်သမားတွေ ကန်သင်းတင်တာဟာ ဒီကြောင်းအရာကို ပေါ်လွင်စေပါတယ်။

"သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိဟာ" ဆိုတဲ့လင်္ကာကို ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတွေ တော်တော်များများ သိကြပါတယ်။ ဝါဆိုလပြည့်နေ့မှာ ဘုရားရှင်ရဲ့မယ်တော်မှာ သန္ဓေခတာ၊ ဘုရားအလောင်းတော်တောထွက်တာ၊ ဘုရားရှင်က ဓမ္မစကြာတရားဟောတော်မူတာနဲ့ တန်ခိုးပြာဋိဟာပြတော်မူတာဆိုတဲ့ ဘာသာရေးမှတ်တိုင်ကြီးလေးခုကို စိုက်ထူခဲ့တဲ့ နေ့ထူးနေ့မြတ်ဖြစ်ပါတယ်။

သိဒ္ဓတ္ထမင်းသားဟာ အတိတ်ဘဝမှာ နတ်သားဖြစ်ခဲ့ပါတယ်။ အခြားနတ်ဗြဟ္မာအပေါင်းတို့က "ဘုရားဖြစ်ရန် အချိန်ကျရောက်ပါသဖြင့် လူ့ပြည်သို့ဆင်းသက်ရန်" တောင်းပန်ကြပါတယ်။ အလောင်းတော်နတ်သားမှာ စုတေပြီးသကာလ မဟာသက္ကရာဇ် ၆၇ခုနှစ် ဝါဆိုလပြည့် ကြာသပတေးနေ့မှာ မယ်တော်မာယာဒေဝီရဲ့ ဝမ်းကြာတိုက်မှာ သန္ဓေတည်ပါတယ်။ မယ်တော်ဖြစ်သူမှာ အိပ်မက်တစ်ခုကို မြင်မက်ပါတယ်။ နတ်မင်းကြီးလေးပါးက မယ်တော်အိပ်စက်နေတဲ့ သလွန်ကိုထမ်းယူကာ ဟိမဝန္တာတောင်ရှိ လိုဏ်ဂူအတွင်းထားလိုက်ပါတယ်။ မယ်တော်ဟာ ရေချိုးသန့်စင်ပြီး သလွန်ပေါ်မှာ အိပ်စက်နေစဉ် ဆင်ဖြူတော်တစ်စီးဟာ ရွှေတောင်ပေါ်မှဆင်းလာကာ သလွန်ကို လက်ယာရစ်လှည့်ပတ်ပါတယ်။ မယ်တော်ရဲ့လက်ယာဘက်နံပါးကို ဖောက်ထွင်းပြီး ဝမ်းဗိုက်အတွင်းကို ဝင်သွားတယ်လို့မြင်မက်ပါတယ်။ မိုးသောက်ယံမှာမြင်မက်တာကြောင့် ကြိုတင်ဖြစ်ပေါ်မဲ့အကြောင်းအရာတွေကိုဖော်ညွှန်းတဲ့ပညာရှိ ပုဏ္ဏားတွေက ပုဗ္ဗနိမိတ္တနိမိတ်ဖြစ်ကြောင်း ဟောကြားပါတယ်။ ထိုသို့သန္ဓေတည်ပြီးနောက် အလောင်းတော်ကိုဖွားမြင်တဲ့အခါ သိဒ္ဓတ္ထလို့ အမည်ခေါ်တွင်စေခဲ့ပါတယ်။

သိဒ္ဓတ္ထမင်းသားဟာ ၁၆နှစ်အရွယ်မှာ ဖခမည်းတော်ရဲ့ ထီးနန်းအရာကိုရယူပြီး ဒေဝဒဟပြည့်ရှင် သုပ္ပဗုဒ္ဓရဲ့သမီးတော် ဘဒ္ဒကစ္စနာ(ယသော်ဓရာ ပိမ္ပာဒေဝီ)နဲ့ လက်ထပ်ထိမ်းမြားခဲ့ပါတယ်။ တစ်နေ့သောအခါ ဥယျာဉ်တော်သို့ထွက်တော်မူတဲ့အချိန်မှာ နတ်တွေက သူအို၊ သူနာ၊ သူသေ၊ ရဟန်းဆိုတဲ့ နိမိတ်ကြီးလေးပါးကို ပြသတဲ့အခါ သိဒ္ဓတ္ထမင်းသားဟာ သံဝေဂရပါတယ်။ ဒီကာလမှာ ဘဒ္ဒကစ္စနာ(ယသော်ဓရာ ပိမ္ပာဒေဝီ)က သားတော် ရာဟုလာကို ဖွားမြင်ပါတယ်။ သိဒ္ဓတ္ထမင်းသားဟာ ဘဒ္ဒကစ္စနာ(ယသော်ဓရာ ပိမ္ပာဒေဝီ) နဲ့သားတော်ကိုခွဲခွာကာ သက်တော် ၂၉နှစ်၊ မဟာသက္ကရာဇ် ၉၇ခု ဝါဆိုလပြည့် တနင်္လာနေ့မှာ ဖွားဖက်တော် ကဏ္ဍကမြင်းကိုစီးပြီး တောထွက်တော်မူပါတယ်။

သိဒ္ဓတ္ထမင်းသားဟာ ဘုရားအဖြစ်ရောက်ရှိတဲ့အခါ မဟာသက္ကရာဇ် ၁၀၃ခု ဝါဆိုလပြည့်နေ့ စနေနေ့ ညနေဝင်စအချိန်မှာ အရှင်ကောဏ္ဍည၊ အရှင်ဝပ္ပ၊ အရှင် ဘဒ္ဒိယ၊ အရှင်မဟာနာမ်၊ အရှင်အဿဇိဆိုသော ပဉ္စဝဂ္ဂီ ငါးဦးကို ဘုရားဖြစ်ကြောင်းဝန်ခံကာ ဓမ္မစကြာတရားတော်ကို ဗာရာဏသီပြည် မိဂဒါဝုန်တောမှာ ဟောကြားခဲ့ပါတယ်။ ဓမ္မစက္ကဆိုသည်မှာ တရားတော်ကိုခေါ်ဆိုခြင်းဖြစ်ပြီး ပဝတ္တနဆိုတာက စက်လည်စေခြင်းကိုခေါ်ဆိုပါတယ်။ ဒါကြောင့် ဓမ္မစကြာဆိုသည်မှာ တရားတည်းဟူသောစက်ကိုလည်စေခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ ဘုရားရှင်ရဲ့ ပထမဦးဆုံးဟောကြားခဲ့တဲ့ တရားတော်ဖြစ်ပြီး သစ္စာလေးပါးမြတ်တရားကို ညွှန်းဆိုကာ ပိဋကသုံးပုံရဲ့ အနှစ်ချုပ်လဲဖြစ်ပါတယ်။ ဒါ့ပြင် ဓမ္မစကြာတရားဦးကို ဟောကြားတာဟာ တရားရတနာပေါ်ထွန်းမှုလို့လဲ သတ်မှတ်နိုင်ပါတယ်။ ပဉ္စဝဂ္ဂီငါးဦးတို့မှာ ဓမ္မစကြာအတိုင်း တရားအားထုတ်ကြကာ ရဟန္တာဖြစ်သွားတာကြောင့် သံဃာရတနာဆိုတာလဲ ပေါ်ပေါက်လာပါတယ်။

မြတ်စွာဘုရားရှင်ရဲ့ ခုနစ်ဝါမြောက်ကာလမှာ တိတ္ထိတို့က သာသနာတော်ကို ထိပါးနှောင့်ယှက်လာပါတယ်။ ဒီအချိန်မှာ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနဲ့ ဆွေတော်မျိုးတော်တို့က ဘုရားရှင်ကို ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်းတော်သို့ ပင့်ဆောင်ပါတယ်။ ဘုရားရှင် နိဂြောဓာရုံကျောင်းကို ရောက်တဲ့အခါ သာကီဝင်မင်းမျိုးတို့ဟာ အသက်ငယ်ရွယ်တဲ့ဘုရားရှင်ကို ဦးချဖို့ဝန်လေးနေကြပါတယ်။ သာကီဝင်မင်းမျိုးတို့ဟာ မာနကြီးကြပါတယ်။ ဘုရားရှင်ဟာ ဆွေတော်မျိုးတော်တို့ရဲ့မာနကိုပယ်ချဖို့နဲ့ တိတ္ထိတို့သိမြင်စေဖို့ ရေအစုံ မီးအစုံ တန်ခိုးပြာဋိဟာပြတော်မူလိုက်ပါတယ်။ အဲဒီနေ့ဟာ မဟာသက္ကရာဇ် ၁၁၀ ပြည့်နှစ် ဝါဆိုလပြည့်နေ့ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာမှာ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ထိ ကာလကို ဝါတွင်းသုံးလလို့ သတ်မှတ်ထားပြီး ရဟန်းတော်တွေ ဝါဆိုဝါကပ်ကြပါတယ်။ သီတင်းသုံးရာကျောင်းတော်မှာ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့ညမှာ ပေါင်းဆုံကြပြီး "ဝါတွင်းကာလပတ်လုံး တစ်ရပ်တစ်ပါးသို့ ခရီးမသွားဘဲ တစ်ကျောင်းတည်း၊ တစ်နေရာတည်းမှာ သီတင်းသုံးပါ့မယ်"လို့ ရွတ်ဆိုအဓိဋ္ဌာန်ပြုတာကို ဝါဆိုဝါကပ်တာလို့ခေါ်ဆိုပါတယ်။ မဖြစ်မနေ သာရေး၊ နာရေးကိစ္စပေါ်လာလို့ ခရီးသွားလိုရင် ဝါတော်ရဆရာတော်ကြီးတွေထံ ဝါပန်ကာ ခရီးသွားနိုင်ပါတယ်။ ရဟန်းတော်တွေ ဝါဆိုဝါကပ်တဲ့ညအခါမှာ ဒါယကာ၊ ဒါယိကာမတွေက ပန်း၊ ဆီမီးတိုင်တွေနဲ့ လာရောက်ကပ်လှူကြပါတယ်။

ဝါဆိုဝါကပ်မှု ပေါ်ပေါက်လာပုံမှာ ဘုရားရှင်လက်ထက်က ရဟန်းတို့ဟာ ဥတုသုံးလီ နေပူမိုးရွာမရှောင် ဆွမ်းခံလှည့်လည်ကြပါတယ်။ မိုးရာသီရောက်တဲ့အခါ လူတို့စိုက်ပျိုးထားတဲ့ ပျိုးပင်တွေ၊ စိုက်ခင်းတွေကို ကျော်ဖြတ်နင်းကြလို့ ပျက်စီးရပါတယ်။ "ဘုရားသားတော်တွေဟာ အပင်နဲ့ပိုးကောင်တွေကို နင်းခြေဖျက်ဆီးကာ ဘာကြောင့်တစ်နှစ်ပတ်လုံးခရီးသွားနေကြသနည်း။ ယုတ်စွအဆုံး တိရစ္ဆာန်များသော်မှ မိုးဥတုမှာ အသိုက်အမြုံတွင်းထဲမှ မထွက်ဘဲနေကြတယ်"လို့ လူတို့က ပြောဆိုကဲ့ရဲ့ကြပါတယ်။ ဒါကြောင့် ဘုရားရှင်က "မိုးရာသီသုံးလတာကာလပတ်လုံး ရဟန်းတော်တွေ ခရီးမထွက်ရ"လို့ ပညတ်တော်မူခဲ့ပါတယ်။ ဝါဆိုဝါကပ်ရာမှာ ပုရိမဿဝါသ(ပထမဝါကပ်ခြင်း)နဲ့ ပစ္ဆိမဿဝါသ(ဒုတိယဝါကပ်ခြင်း)လို့ရှိပါတယ်။ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှာ ဝါဆိုဝါကပ်တာကို ပထမဝါကပ်ခြင်းလို့ခေါ်ဆိုပြီး သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ရောက်ရှိမှသာ ဝါကျွတ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှာ ဝါမဆိုလိုက်ရတဲ့ သံဃာတော်တွေအနေနဲ့ ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့မှာ ဝါဆိုဝါကပ်တာကို ဒုတိယဝါကပ်ခြင်းလို့ခေါ်ဆိုပြီး တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့ရောက်မှသာ ဝါကျွတ်ပါတယ်။

ဗုဒ္ဓဘာသာဝင်တို့ဟာ ဝါဆိုလမှာ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဆင်နွှဲကြပါတယ်။ ရဟန်းသံဃာတော်တွေ ဝါတွင်းကာလ တရားဘာဝနာတွေ ပွားများအားထုတ်လျက်ရှိစဉ် လူပုဂ္ဂိုလ်တွေကလဲ တရားနာယူ ဥပုသ်သီလဆောက်တည်ကြတာ၊ လှူဖွယ်အစုစုတွေနဲ့ ဆက်ကပ်ကုသိုလ်ယူတာတွေကို ကြိုးကုတ်လုပ်ဆောင်ကြလေ့ရှိတဲ့အပြင် သီလ၊ သမာဓိတွေနဲ့ ပြည့်စုံနေတဲ့ ရဟန်းတော်တွေကို ကြည်ညိုသဒ္ဓါမှုဖြစ်ပေါ်ကြတဲ့အလျောက် ဝါဆိုပန်း၊ ဝါဆိုဖယောင်းတိုင်၊ ဝါဆိုသင်္ကန်းတွေ ကပ်လှူလေ့ရှိပါတယ်။ ဝါဆိုလဆန်းမှစပြီး ဝါဆိုလပြည့်ကာလအတွင်း ဝါဆိုသင်္ကန်းပူဇော်လှူဒါန်းမှု အများဆုံးဖြစ်ပါတယ်။

"စိုးရိမ်မဲ့ကင်း၊ ရွှေဆင်းရုပ်တူ၊ ကိုယ်မူရောင်ထွက်၊ နူးညံ့အသားရည်၊ မပေညစ်ကြေး၊ ကြံတွေးတောင့်တအဝတ်ရရှိ၊ ဇေဟိဘိက္ခုခေါ်ပြု ရဟန်းကျွတ်တမ်းဝင်ရ၊ ကျိုးခုနှစ်ဝမှတ်ကြစီဝရံ"ဆိုတဲ့လင်္ကာအရ ဝါဆိုသင်္ကန်းကပ်လှူမှုကြောင့် ရနိုင်တဲ့အကျိုး ခုနစ်ပါးရှိပါတယ်။ ဒါတွေကတော့ စိုးရိမ်သောကမဖြစ်တာ၊ အသားအရည်မှာ ရွှေရောင်လို ဝင်းဝါနေတာ၊ မိမိခန္ဓာကိုယ်မှ နှစ်လိုဖွယ်အရောင်ထွက်ပေါ်တာ၊ အသားအရည် နူးညံ့ချောမွေ့တာ၊ မှဲ့ခြောက် တင်းတိပ် စတဲ့အညစ်အကြေးတို့မရှိတာ၊ အဝတ်အထည်တွေ အလွယ်တကူရရှိနိုင်တာ၊ ကိလေသာကုန်ခန်းကာ ရဟန္တာဘဝရောက်ရတာတို့ဖြစ်ကြပါတယ်။

"ဝါဆိုဝါခေါင်ရေဖောင်ဖောင်"ဆိုတဲ့စကားအတိုင်း ဝါဆိုလဟာ အေးမြစိုပြည်တဲ့လတစ်လဖြစ်ပါတယ်။ လယ်ကွင်းပြင်မှာ ရေဖွေးဖွေးနဲ့ရှုမျှော်မဆုံးဖြစ်နေပါတယ်။ မိုးရာသီသို့ ချင်းနင်းဝင်ရောက်လာရာတောင်သူလယ်သမားတို့ဟာ လယ်ယာမြေမှာ ကောက်ပဲသီးနှံတွေစိုက်ပျိုးကြပါတယ်။ ကောက်ပင်၊ ပျိုးပင်တွေဟာလဲ ရှင်သန်ကြီးထွားနေကြပါတယ်။ ဒါကြောင့် မြန်မာ့လယ်သမားတွေ အားတက်ပျော်ရွှင်တဲ့လလို့ ဆိုရပါမယ်။ ဝါတွင်းသုံးလတာကာလပတ်လုံး ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့ဟာ ဘုရားကျောင်းကန်တွေမှာ ဥပုသ်သီတင်းဆောက်တည်ကြပါတယ်။ နိဗ္ဗာန်ဆော်အဖွဲ့ရဲ့ ဆွမ်းချက်ဖို့ရာ နှိုးဆော်တဲ့ကြေးစည်သံကိုလဲ ကြားနေရပါတယ်။ ကျေးလက်တောရွာတွေမှာ မြန်မာမုန့်မျိုးစုံပြုလုပ်ကာ တစ်အိမ်တက်တစ်အိမ်ဆင်း ပေးဝေမှုမှာ ချစ်စရာမြန်မာ့ဓလေ့တစ်ခု ဖြစ်ပါတော့တယ်။

အချုပ်အားဖြင့်ဆိုရင် ဝါဆိုလဟာ ဘာသာကျေးမှုအနေနဲ့ ထူးမြတ်တဲ့လ၊ ဗုဒ္ဓဝင်ဖြစ်စဉ်တွေနဲ့ ဆက်နွယ်နေပြီး နေ့ထူးနေ့မြတ်ရှိတဲ့လ၊ မိုးတွင်းကာလဖြစ်တဲ့ ဝါဆိုလမှာ တောင်သူလယ်သမားတို့ လယ်ယာလုပ်ငန်းတွေ စတင်လုပ်ကိုင်တဲ့လ၊ ဗုဒ္ဓဘာသာဝင်တွေအနေဖြင့် ဥပုသ်သီတင်းစောင့်လျက် ကောင်းမြတ်တဲ့စိတ်နှလုံးသားနဲ့ နေထိုင်ကျင့်ကြံတဲ့လဖြစ်တာကြောင့် "လမြတ်ဝါဆိုရွှမ်းရွှမ်းစို"လို့ တင်စားခေါ်ဝေါ်ကာ ရေးသားလိုက်ရပါတယ်။

❖ ဝါဆိုဝါကပ်မှုပေါ်ပေါက်လာပုံမှာ ဘုရားရှင်လက်ထက်က ရဟန်းတို့ဟာ ဥတုသုံးလီ နေပူမိုးရွာမရှောင် ဆွမ်းခံလှည့်လည်ကြပါတယ်။ မိုးရာသီရောက်တဲ့အခါ လူတို့စိုက်ပျိုးထားတဲ့ ပျိုးပင်တွေ၊ စိုက်ခင်းတွေကို ကျော်ဖြတ်နင်းကြလို့ ပျက်စီးရပါတယ်။ "ဘုရားသားတော်တွေဟာ အပင်နဲ့ပိုးကောင်တွေကို နင်းခြေဖျက်ဆီးကာ ဘာကြောင့် တစ်နှစ်ပတ်လုံး ခရီးသွားနေကြသနည်း။ ယုတ်စွအဆုံး တိရစ္ဆာန်များသော်မှ မိုးဥတုမှာ အသိုက်အမြုံတွင်းထဲမှ မထွက်ဘဲနေကြတယ်"လို့ လူတို့က ပြောဆိုကဲ့ရဲ့ကြပါတယ်။ ဒါကြောင့် ဘုရားရှင်က "မိုးရာသီသုံးလတာကာလပတ်လုံး ရဟန်းတော်တွေခရီးမထွက်ရ"လို့ ပညတ်တော်မူခဲ့ပါတယ်။❖

**ကိုးကား**

– **နိုင်ငံတော်ဗုဒ္ဓသာသန "မဟာဗုဒ္ဓဝင် ဒုတိယတွဲ"။**

# "CK"ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ ၆၄လမ်း၊ ၁၁၄လမ်းနှင့်၁၁၅ လမ်းကြား၊ အမှတ် လ၁၀/၁၀၉ ရှိ "MYANMAR YU XING COMPANY LIMITED" မှအောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။




"CK"

စာချုပ်အမှတ်-(၂၂၅၇/ ၂၀၂၄)

ကျွန်တော်တို့၏ "MYANMAR YU XING COMPANY LIMITED" သည် အထက်ဖော်ပြပါ "CK"အမည်အမှတ်တံဆိပ်ကို တစ်ဦးတည်းမူရင်းပိုင် အမည်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်-၂၂၅၇/၂၀၂၄ အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ယင်းအမည်အမှတ်တံဆိပ်ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း၌ တင်သွင်းဖြန့်ဖြူးရောင်းချ၍ (မော်တော်ဆိုင်ကယ်ကျွတ်)ထည့်သွင်းထားသော ထုတ်ပိုးပစ္စည်းအမျိုးမျိုးတို့ပေါ်တွင် ကပ်နှိပ်၊ ရိုက်နှိပ်၊ ပုံနှိပ်၍ တင်သွင်းဖြန့်ဖြူး ရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ကျွန်တော်တို့ပိုင် "CK" အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားတုပသုံးစွဲ၍ (မော်တော်ဆိုင်ကယ်ကျွတ်)တို့ပေါ်တွင် ရိုက်နှိပ်၊ ကပ်နှိပ်၊ ပုံနှိပ်၍ ထုတ်လုပ်တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများမပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်တော်တို့၏အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဦးစောထူးနိုင်**
**Managing Director**
**MYANMAR YU XING Co.,Ltd**
**Office- အမှတ် လ၁၀/၁၀၉၊ ၆၄လမ်း၊ ၁၁၄လမ်းနှင့်၁၁၅လမ်းကြား၊ မန္တလေးမြို့။**
**ဖုန်း: 09-402070213, 09-266685728,09-975572293**





# ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၂၅၅၉၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၂၅၅၉၉ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် ဇွန်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ စပါး ၂၅၅၉၉ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် စပါး ၉၀ ဒသမ ၀၃ တင်း ထွက်ရှိကြောင်း သိရသည်။

"ရွှေဘိုမြို့နယ်မှာ နွေသီးနှံစိုက်ပျိုးရာသီက စပါး ၅၄၄၁၆ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနေ့ထိ စပါး ၂၅၅၉၉ ကေ ရိတ်သိမ်းပြီးပါပြီ။ ဆက်လက်ရိတ်သိမ်းနေပါတယ်။ မိုးစပါးစိုက်ပျိုးမှုအနေနဲ့ လျာထားကေထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့တယ်။ နွေစပါးစိုက်တောင်သူတွေ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးတာ၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိဖို့၊ ရိတ်သိမ်းပြီး စပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့တယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် ၂၀၂၃ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စပါး ၃၂၁၃၇ ကေစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ဧပြီလထိစိုက်ပျိုးခဲ့ရာ ၅၄၄၁၆ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် စပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားဖြစ်မျိုးများ စိုက်ပျိုးကြရန်အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးထံမှ သိရသည်။

(၂၀၆)

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# လှိုင်းဘွဲ့မြို့နယ် ကျိုက်ပေါင်ကျေးရွာ၌ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လှိုင်းဘွဲ့ ဇူလိုင် ၇**


ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကော့မရိုင်းကျေးရွာအုပ်စု ကျိုက်ပေါင်ကျေးရွာ၌ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇူလိုင် ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မေခင်ခင်ထူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျိုက်ပေါင်ကျေးရွာ၌ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မေခင်ခင်ထူးက ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ကျိုက်ပေါင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး စီမံကိန်း ခုနစ်တာကာလအတွင်း အတိုးရငွေကျပ် ၂၃ ဒသမ ၃၀၅ သန်းရရှိခဲ့သည့်အနက်မှ ငွေကျပ် ၆ ဒသမ ၅ သန်း၊ ကျေးရွာမှထည့်ဝင်ငွေကျပ် ၁၅၄ ဒသမ ၆၈၄၈ သန်း စုစုပေါင်းငွေကျပ် ၁၆၁ ဒသမ ၁၈၄၈ သန်း အသုံးပြု၍ ကျေးရွာလျှပ်စစ်မီးသွယ်တန်းခြင်း Insulat Cable လေးမိုင်ခုနစ်ဖာလုံ သွယ်တန်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇန်နဝါရီလ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် အိမ်တိုင်းစေ့လျှပ်စစ်မီးရရှိနေပြီဖြစ်ကြောင်း လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဒေါ်မေခင်ခင်ထူးကထံမှ သိရသည်။

**ကိုသက်**

**Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။**



ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

**အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။**

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် **Customs Duty** များပေးဆောင်ရာတွင် **MMM Service** အသုံးပြု၍ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

**ထာဝရလှပသော အပြုံးအတွက်**



**DENTOMEC**



Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

DENTIST RECOMMENDED

FDA အမှတ်-2212 PCE 0013




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## ဖခင်အမည်မှန်

စဉ့်ကိုင်မြို့နယ်၊ အ.ထ.က(စဉ့်ကိုင်)၊ Grade-7(D) တွင် ပညာသင်ကြားနေသော မောင်ဟန်ထွန်း(၁၁၁၆)၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးညွန့်စန်းလင်း ဖြစ်ပါကြောင်း။

**ဦးညွန့်စန်းလင်း(၉/စကတ(နိုင်)၀၈၇၃၁၂)**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ အ.ထ.က(စဉ့်ကိုင်)ကျောင်းတွင် ပညာသင်ကြားနေသော ဦးမောင်မောင်လေး၏သမီး Grade-7 (A) မှ မသွန်းရွှေရည်ထူးမောင် အား မသွန်းသိမ့်သိမ့်သူ ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မသွန်းသိမ့်သိမ့်သူ**

## ပျောက်ဆုံးကြောင်း

မူဆယ်မြို့နေ ဦးဇော်မင်း (ဘ) ဦးမောင်စိန် (၁၃/မဆတ(နိုင်)၀၉၅၆၈၀) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-807833) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**၀၉-၇၉၇၈၀၅၃၁၆**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဒေါ်စန်းစန်းလွင် (ခ) ဒေါ်စန်းမာ အသက်(၅၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နေ (ဦးသိန်းလွင်)+(ဒေါ်ခင်တိုး)တို့၏သမီး၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နေ (ဦးကျော်သန်း)+(ဒေါ်သန်းရီ)တို့၏သမီးချွေးမ၊ ပုဗ္ဗသီရိမြို့နယ်၊ နဝဒေးရပ်ကွက်နေ (ဦးတင်လှဦး)+ဒေါ်ခင်မျိုးဆင့် ၏ညီမ၊ သံလျင်မြို့နေ ကိုသက်ပိုင်မှူး(ခေတ္တရုရှား)၊ မောင်ထူးမြတ်အောင် တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ နေပြည်တော်နေ ဦးစိန်လှ ၏ ချစ်လှစွာသောဇနီး

**ဒေါ်စန်းစန်းလွင်(ခ)ဒေါ်စန်းမာ**
**အသက် (၅၅)နှစ်**
**(ပြည့်စုံစာရေးကိရိယာဆိုင်)**

သည် (၆-၇-၂၀၂၄)ရက်၊ စနေနေ့ နံနက် (၀၂:၅၀)နာရီအချိန်တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသောကြောင့် (၈-၇-၂၀၂၄)ရက်၊ တနင်္လာနေ့ မွန်းလွဲ (၁၃:၀၀)နာရီအချိန်တွင် ကျေးကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း၊ ကွယ်လွန်သူအားရည်စူး၍ ရက်လည်ဆွမ်းသွတ်တရားနာခြင်းအား (၁၂-၇-၂၀၂၄)ရက်၊ သောကြာနေ့ နံနက်(၀၅:၃၀)နာရီအချိန်တွင် ပုဗ္ဗသီရိမြို့နယ်၊ နဝဒေးရပ်ကွက်၊ ကြာဖြူ (၂)လမ်း၊ အမှတ်(၁၄၀၃)နေအိမ်၌ ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

"အဂတိပယ်ခွာ ပြည်သာယာ"
**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm။
Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ကျန်းမာကြံ့ခိုင်စေရန်အတွက် ရုပ်ပိုင်းဆိုင်ရာ လေ့ကျင့်ပေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာလေ့ကျင့်မှုများကို ဆောင်ရွက်ပေးရ...

❖ ခေါင်းဆောင်လုပ်မည့်သူများအနေဖြင့် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာများ ပြည့်ဝနေရန်လို...

❖ အသောက်အစားအပျော်အပါးများကို တတ်နိုင်သမျှဆင်ခြင်ရန်နှင့် ကိုယ့်စိတ်ကို အလိုမလိုက်ရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင်ပြုလုပ်သော ပြင်ဦးလွင်တပ်နယ်မှ နည်းပြအရာရှိကြီးများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## ထီလာမောင်ဖလား အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ



**မန္တလေး ဇူလိုင် ၇**

မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီက ကြီးမှူး၍ ထီလာမောင်ဖလားအမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင် ၆ ရက် ညနေပိုင်းက မိတ္ထီလာခရိုင်အားကစားကွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ မိတ္ထီလာတပ်နယ်မှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားဝါသနာရှင်ပြည်သူများတက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနား၌ တက်ရောက်လာကြသူများက ကန်တော့အသင်းနှင့်ရွှေလွန်းပျံအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားနေမှုများ၊

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၇-၇-၂၀၂၄)

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ၂၅-၆-၂၀၂၄ ရက်မှစတင်၍ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ လက္ခဏာများဖြင့် လူနာအချို့ ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုအဆင့်ကွင်းဆင်းအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများပါဝင်သည့်

စာမျက်နှာ ၁၇ ကော်လံ ၁ ❖

## ချင်းတွင်းမြစ်ရေ ကလေးဝမြို့နှင့် မင်းကင်းမြို့တို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၇**

ယနေ့နံနက် ၈ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော်ခန့်(၂၂ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးပေခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့ပြင် ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့်(၁၆ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်ပေခွဲခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသဖြင့် ကလေးဝမြို့နယ်နှင့် မင်းကင်းမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

